

www.burmeseclassic.com
ဝိုးမိုး စာပေ
လုံးချင်းဝတ္ထုသစ်
ရွှေအဉ္စလိ
နေ့သစ်၏နိဒါန်းများ
L လင်း
www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၉၄၄၀၇၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၉၃၃၀၇၀၉ |
| အဖုံးဒီဇိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၀၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွှန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွှန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ရွှေအဋ္ဌလီ

နေ့သစ်၏နိဒါန်းများ/ရွှေအဋ္ဌလီ၊- ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ၊

(၁) နေ့သစ်၏နိဒါန်းများ


# အခန်း (၁)

"အား"

"ကျွတ် ကျွတ်"

"ခေါင်းတွေမူးလိုက်တာ၊ ငါ ငါ ဘယ်ကိုရောက်နေပါလိမ့်"

"ဟင်"

မှုန်နှံ့သာခေါင်းထဲ ချာချာလည်လည်အောင် မူးနေဆဲက နားထင်နှစ်ဘက်ကို လက်လေးနှင့်ဖိထောက်ထားရင်း ရုတ်တရက် သူမကိုယ်သူမ ဘယ်ရောက်နေမှန်းမသိအောင်ရှိနေရာမှ မျက်ဝန်းလေးအစုံကို ဖျတ်ခနဲ ဖွင့်လိုက်တော့ သူမနှင့်စိမ်းလွန်းသောနေရာ



www.burmeseclassic.com

www.burmeseclassic.com



အနေအထားနှင့် အခန်းကြောင့် မှုန်နှံ့သာမျက်ဝန်းလေးအစုံ ပြူးကျယ်ဝိုင်းစက်သွားရကာ လူကလည်း ထိတ်လန့်သွားရသည်။

ဘုရား...ဘုရား...။

ငါ..ငါ ဘယ်ကိုများရောက်နေတာပါလိမ့်။ ရုတ်ချည်းတော့ မှုန်နှံ့သာသည် သူမကိုယ်သူမ ဘယ်ရောက်နေသည်မသိပါ။

မှုန်နှံ့သာသည် သူမကိုယ်သူမ အခြေအနေကို ပြန်လည်သုံးသပ်ရင်း လက်ရှိ သူမ ရောက်နေသည့် အနေအထားနှင့် အခြေအနေကို မျက်ဝန်းရူးရူးလေးနှင့် အကဲခတ်လျက်က တစ်ခန်းလုံးကို အကြည့်လေးများဝေ့ဝဲကာ ကြည့်လိုက်သည်။

တိတ်ဆိတ်ငြိမ်သက်နေသော ညအမှောင်ထုအောက်တွင် မှုန်နှံ့သာ သူမကိုယ်သူမ ဘယ်ရောက်နေသည်မသိပေမယ့် အခု သူမ ရောက်နေသော အိပ်ခန်းကျယ်ကြီးကတော့ဖြင့် ပြာလဲ့လဲ့မီးရောင်အောက်တွင် လှကုံထံများသာသုံးသည့် နောက်ဆုံးပေါ်ဖိမ်ခံပစ္စည်းများနှင့် အိပ်ခန်းကျယ်ကြီးတစ်ခုလုံး ခမ်းနားထည်ဝါစွာ ရှိနေရသည်။





သေချာပါပြီ။

ဒီအခန်း ဒီနေရာသည် မှုန်နှံ့သာနှင့် စိမ်းလွန်းရုံမက သူမအခန်းမဟုတ်သလို သူမနှင့်ရင်းနှီးကျွမ်းဝင်လွန်းသည့်နေရာလည်း မဟုတ်ဆိုတာ။

BURMESE CLASSIC

ဒါဖြင့် ယခု သူမရောက်ရှိနေသော နေရာသည် ဘယ်နေရာ ဘယ်အိမ်ပါလိမ့်။

အတွေးနှင့် မှုန်နှံ့သာ အိပ်ရာမှ သူမကိုယ်လေး ဆတ်ခနဲ ထကာ သူမအကြည့်လေးများ အခန်းတံခါးဆီသို့ ရောက်ရှိသွားတော့ အခန်းတံခါးသည် ပိတ်၍ထားလေသည်။

ပိတ်ထားသော အခန်းတံခါးကိုကြည့်ပြီး မှုန်နှံ့သာ မျက်ခုံးထူထူလေး တွန့်သွားရကာ ခြေလှမ်းခပ်သွက်သွက်လေးဖြင့် အခန်းတံခါးကို ဖွင့်ကြည့်လိုက်ရာ အခန်းတံခါးသည် အပြင်မှနေသော့ခတ်ပိတ်ထားသည်ထင်၊ ဖွင့်၍မရပါ။

ထိုအခါ...

မှုန်နှံ့သာရင်ထဲ စိုးရိမ်ကြောက်လန့်မှုများဖြင့် မျက်ခုံးထူနက်နက်လေးမှာ အလိုလိုကုပ်ကွေးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ…။

သူမကို ဘယ်သူတွေကများ ဘာအကြံအစည်နှင့် ဒီနေရာကိုခေါ်လာပြီး အခုလို အခန်းတံခါးကိုပိတ်၊ လူကိုအကျဥ်းချသလို လှောင်ပိတ်ထားရပါသည်လဲ။

မှုန်နံ့သာဆိုတာ သူမတွင် ရန်သူတစ်ယောက်မှမရှိဟု ထင်ထားသမျှ ယခုတော့ မထင်မှတ်ဘဲ သူမကို ရန်ပြုရုံတင်မက လူကိုအကျဥ်းချသလို လှောင်ပိတ်ထားရသည့်အဖြစ်နှင့် ဘာကြောင့်ဆုံရတာပါလိမ့်။

နောက်ပြီး သူမကိုခေါ်လာသည့် ကိုသီဟရော ဘယ်ဆီရောက်နေပြီလဲ။

မှုန်နံ့သာရင်ထဲတွင် ကြောက်ရွံ့စိတ်၊ စိုးရိမ်ထိတ်လန့်စိတ်၊ ပူပင်သောကစိတ်များက ရင်မှာ နေရာယူလာရသည်။

သူမကို ဘယ်သူတွေက ဘာအကြံနှင့်ခေါ်လာရသည်ဆိုတာ မှုန်နံ့သာမသိပေမယ့် လက်ရှိအခြေအနေကို သူမ အကဲခတ်မိရသလောက် မှုန်နံ့သာဘဝသည် မသမာသူလက်ထဲ ရောက်





နေရပြီဖြစ်ကြောင်းကို မှုန်နံ့သာ နားလည်လိုက်ရသည်။

နားလည်သည်နှင့်အမျှ မှုန်နံ့သာရင်တွေ တဒိတ်ဒိတ်ခုန်မြန်ဆန်လာရသည်။

ထိတ်လန့်မှုနှင့်အတူ မှုန်နံ့သာသည် ဒီနေရာကနေ ဘယ်လိုလွတ်အောင် ကြံရမလဲဆိုတာကိုလည်း သူမခေါင်းထဲ အပြေးအလွှား စဥ်းစားနေမိတော့သည်။

စဥ်းစားပေမယ့် အဖြေက ရှိမလာသောအခါ မှုန်နံ့သာအတွက် အဖြေက ပို၍ခက်ခဲလာရသည်။

အခန်းနံရံပြတင်းပေါက်ကလွဲလို့ တစ်ခန်းလုံးတွင် လူဝင်လူထွက်ရမည့် အခန်းဆိုလို့ လှူဝင်ပေါက်ကြီးတစ်ခုသာ ရှိပါသည်။

ရှိသည့်တံခါးပေါက်ကလည်း ဘယ်လိုမှဖွင့်၍မရပါ။ အခန်းတံခါးကို အပြင်ကနေ သော့ခတ်ထားသည်မို့ မှုန်နံ့သာသည် စိတ်ပျက်အားငယ်မှုနှင့်အတူ လူက ငိုချင်သွားရသည်။

ဒီဇင်ဘာည၏ အမှောင်ထုက ကြီးစိုးနေရသည်မို့ အအေးဓာတ်က သိသိသာသာပိုကာ ချမ်းစိမ့်နေရသည့်ထဲ မှုန်နံ့သာမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်း အကျဉ်းအကျပ်နှင့် တွေ့နေရကာ ဓားချွေးများပင် ပျံချင်လာရသည်။

သူမအဖြစ်က ဘယ်နေရာမှ ဘယ်သူ့လက်ထဲမှ ရောက်နေရသည်မသိပါ။ ဘယ်သူ့လက်ထဲရယ်မှာလို့ မသိ။ ရန်သူလား၊ မိတ်ဆွေလား မသိတဲ့လူ့လက်ထဲ ရောက်နေရသည့်အဖြစ်က ကယ်သူဝေးရမည့်အဖြစ်။

မှုန်နံ့သာသည် သူမအဖြစ်ကို သူမ တွေးလေ မဖြေနိုင်လေဖြစ်ရလေမို့ အားငယ်စိတ်နှင့်အတူ ပါးပြင်ပေါ် မျက်ရည်တွေကလည်း ပိုးပိုးပေါက်ပေါက် ကျလာရတော့သည်။

''အဟင့် ဟင့် ဟင့်''

စိတ်လှုပ်ရှား ကြောက်လန့်စိုးရိမ်မှုဒဏ်တို့ကြောင့် မိန်းကလေးပီပီ ခံနိုင်ရည်မရှိတော့သလိုမျိုး မှုန်နံ့သာသည် သူမကိုယ်သူမ ဘယ်လိုမှထိန်းချုပ်၍မရအောင် မျက်ရည်တွေကသာ ပါးပြင်ပေါ်လိမ့်ဆင်းလျက် ရှိုက်သံလေးများ ထွက်လာရသည်။

ထိုခဏ…





''ကျွီး''

''ဟင်''

အိပ်ရာပေါ်သို့ ကိုယ်လေးမှောက်အိပ်ကာ တသိမ့်သိမ့် ငိုရှိုက်နေရာမှ ရုတ်တရက် အခန်းတံခါးဖွင့်သံ ကြားလိုက်ရသည်မို့ မှုန်နံ့သာသည် ငိုရင်း ရှိုက်ရင်းက မျက်ရည်တွေ အလိုလို တိတ်သွားရသည်အထိ အကြည့်စူးစူးနှင့် မျက်ဝန်းလှလှလေးက အခန်းတံခါးဆီသို့ အလိုလိုရောက်ရှိသွားရသည်။

''ဟင်''

တစ်ကိုယ်လုံးရှိ အကြောလေးများ တသိမ့်သိမ့် စိမ့်တက်သွားရသည်အထိ အံ့သြမှုနှင့်အတူ မှုန်နံ့သာမှာ သူမမျက်စိပင် သူမ မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။

ရုတ်တရက်မှာတော့ မှုန်နံ့သာ မမျှော်လင့် မထင်မှတ်ထားသည့်လူကို မြင်တွေ့လိုက်ရသောကြောင့် မျက်ဝန်းများ ပြာဝေသွားရာမှ နုစိုအိနေရသော နှုတ်ခမ်းလှလှလေးထံမှ တစ်စုံတစ်ယောက်သောသူ၏ နာမည်ကို တိုးတိုးထွက်ပေါ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေသူရိန်။

မှုန်နံ့သာ မြင်တွေ့လိုက်ရသူမှာ တစ်ချိန်က သူမ အသည်းနှလုံးတွင် နင့်သည်းစွာ ချစ်ခဲ့ရပါသည့် သူမ၏အချစ်ဦးလည်းဖြစ်၊ အချစ်ဆုံးလည်းဖြစ်ခဲ့ကာ အနာကြည်းဆုံးနှင့် အမုန်းဆုံးလည်း ဖြစ်ခဲ့ဖူးသည့် ဦးနေသူရိန်ဆိုသည့် လူချောကြီးပင်ဖြစ်သည်။

ဝင်းဝါစိုပြည်ကာ ပန်းသွေးရောင်ပြေးနေသော အသားအရေနှင့်အတူ မြင့်မားသောအရပ် ယောကျ်ားပီသသော ကိုယ်ဟန်နှင့် ချောမောခန့်ထည်လွန်းသော နေသူရိန်သည် မျက်နှာအကျ သေသပ်ခိုင်ခန့်မှုနှင့်အတူ တစ်ဘက်လူကို ထွင်းဖောက်မတတ် ကြည့်တတ်သည့် စူးရှတောက်ပသည့် အကြည့်စူးစူးများကို ပိုင်ဆိုင်ထားသည့် သူ့ပုံစံက ဟိုတစ်ချိန်ကအတိုင်း ယောကျ်ားပီသကာ ချောမောခန့်ထည်သော ရုပ်သွင်နှင့် သန့်ပြန့်နေဆဲပါလားဆိုသော အသိက မှုန်နံ့သာရင်ထဲ ထိုးဖောက်ဝင်ရောက်လာရတော့ သူမရင်တစ်ခုလုံး ဖျစ်ညှစ်ဆုပ်ခံလိုက်ရသလိုမျိုး နာကျင်သွားရသည်။





ကြည့်စမ်းပါဦးတော့။

တစ်ချိန်က သူမနှလုံးသားကို နင့်သည်းအောင် သိပ်ချစ်ခဲ့ရသလို နှလုံးသားမှာ နာကျင်အောင်မုန်းခဲ့ပါသည့် သူ့ကို မှုန်နံ့သာ အခုလို အနေအထားနှင့် ပြန်ဆုံရလိမ့်မည်ဟု သူမ ထင်မထားခဲ့သည်က မှုန်နံ့သာ၏ ညံ့ဖျင်းမှုသာဖြစ်ပါလိမ့်မည်။

ဦးနေသူရိန်ဆိုတာက မှုန်နံ့သာဘဝထဲက အချိန်များစွာ ကတည်းက ထုတ်ဖယ်ထားခဲ့သူဖြစ်သည်။

ခုတော့ သူမဘဝထဲက ဖယ်ထုတ်ထားခဲ့ပါသည်ဆိုသော လူက မှုန်နံ့သာဘဝထဲကို ဒုတိယအကြိမ် ဖွတ်တိုးရောက်ရှိလာရပြန်တော့ မှုန်နံ့သာနှလုံးသားသည် မခံမရပ်နိုင်အောင် နာကျင်ဆို့နင့် ကြေကွဲသွားရသည်။

သည်နောက် မှုန်နံ့သာသည် လက်ရှိအခြေအနေကို နားလည်သဘောပေါက်သွားရပြန်၏။

မြတ်စွာဘုရား။

သူမနှလုံးသားကို သိမ်းပိုက်ရန် ကြိုးစားနေသူမှာ မှုန်နံ့သာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်မုန်းပါသည်ဆိုတဲ့ ဦးနေသူရိန် တဲ့လား။

သည်လို သူမကို အထင်သေး လျှော့တွက်ထားပုံက ဟိုယခင်အချိန်တုန်းကလိုပါပဲလားဆိုသည့် အတွေးဖြင့် မှုန်နံ့သာ နှလုံးသားများ ဆတ်ဆတ်ခါနာကျင်သွားရသလို ဒီလူတစ်ယောက်နှင့် ပတ်သက်ခဲ့သည့် အတိတ်မှအရိပ်များကလည်း မှုန်နံ့သာ မျက်ဝန်းလှလှလေးထဲ ထင်ဟပ်လာရတော့ သူမရှေ့တွင်ရှိသော သူ့မျက်နှာကို မကြည့်ချင်တော့အောင် ရင်မှာ ခါးသီးနာကျင်သွားရသည်။

နာကြည်းမုန်းတီးမှုတွေကြောင့် မှုန်နံ့သာသည် နှုတ်ခမ်းလေးကို ပြတ်ထွက်လုမတတ် ဖိကိုက်ထားရင်းက အကြည့်စူးစူးလေးနှင့် မျက်ဝန်းက နေသူရိန်ထံ ရောက်ရှိသွားတော့ နေသူရိန်ထံမှ အကြည့်များနှင့် သူမ သွားဆုံသည်။

"အို"

ချက်ချင်းလိုပင် မှုန်နံ့သာ အကြည့်နှင့် မျက်ဝန်းလေးက ရွေ့လျားသွားရသည်။





"မှုန်နံ့သာ"

"ဟင်"

သူ့ခေါ်သံက သူမနားထဲမှာ အတိတ်ကအချိန်များကလို နားထောင်လို့ကောင်းနေဆဲဖြစ်သည်။

သူ့ကြောင့်ပင် နှလုံးသားများ ဆွတ်ကျင် နာကျင်ကြေကွဲခံစားခဲ့ရကာ ကြေကွဲခဲ့ရပါသည်ဆိုတဲ့ကြားက သူနှင့်ပတ်သက်သည့် အတွေးများကမှ သူမရင်ထဲ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်လာရပြန်တော့ မှုန်နံ့သာမှာ ထိုအတွေးများကို မခံစားနိုင်အောင်ဖြစ်သွားရသည်။

"မှုန်နံ့သာ"

သူ့ခေါ်သံက သူမနားထဲ ဒုတိယအကြိမ် ရောက်ရှိလာပြန်၏။ သူ့ခေါ်သံကြောင့် မှုန်နံ့သာသည် အံ့လေးကြိတ်ကာ မျက်ဝန်းလှလှလေးဖြင့် စူးခနဲ စိုက်ကြည့်လိုက်ပြီး

"ရှင် ဒါဘာလုပ်တာလဲ ဦးနေသူရိန်၊ ရှင် ရှင် ကျွန်မကို ဘာအကြံနဲ့ ခုလိုလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မှုန်နှံ့သာအသံမှာ နာကျင်မှုကြောင့် တုန်ခါအက်ကွဲနေရသလို ရင်မှာ ဝေဒနာပြင်းထန်မှုကြောင့်လည်း နှလုံးသားက တုန်ယင်အက်ကွဲမတတ် နာကျင်ခံစားနေရာမှ လုပ်ရက်လေခြင်း၊ ပြုရက်လေခြင်းဆိုသည့် ခံပြင်းနာကြည်းစိတ်များဖြင့် မျက်ရည်များ ဝေသီလာရသည်။

"ကိုယ်ရှင်းပြပါရစေဦး မှုန်နှံ့သာ"

"ဟင့်အင်း မရှင်းပြနဲ့၊ ရှင် ရှင်းပြတာကိုလည်း ကျွန်မ နားမထောင်ချင်ဘူး၊ ရှင့်အသံလည်း မကြားချင်ဘူး၊ ရှင်ရဲ့ လိမ်ညာလှည့်စားမှုတွေကိုလည်း ကျွန်မ နားမထောင်ချင်ဘူး၊ ရှင်ဟာ ဟန်ဆောင်ကောင်းတဲ့လူ၊ ရှင့်ကို ကျွန်မ မုန်းတယ်၊ သိပ်မုန်းတယ်"

"အဟင့် ဟင့် ဟင့်"

သည်သူပေးခဲ့သည့် ဝေဒနာတွေကြောင့်ပင် ရင်မှာ နာကျင်ကြေကွဲစွာ ခံစားခဲ့ရသမျှ အတိတ်က ဝေဒနာတွေက သူမအတွက် အဟောင်း အသစ် ဖြစ်စေရသည်ပဲလေ။

တဆစ်ဆစ်နာကျင်လာရသော နှလုံးသားဒဏ်ရာတွေနှင့် နေသူရိန်အား ရန်တွေ့စကားဆိုရင်းက ဝေသီနေရသော မျက်ရည်တွေက ပါးပြင်ထက် ဆင့်ဆက်ကြွေကျလာရပြန်သည်။

နေသူရိန်မှာ တည်ငြိမ်ရင့်ကျက်သောအလှများဖြင့် ယခင်ထက်ပို၍ လှနေသော မှုန်နှံ့သာ၏ ရွှန်းရွှန်းစက်စက်လှနေရသော ထိုမျက်နှာနှင့် မျက်နှာလှလှလေးကိုကြည့်ပြီး ရင်မှာ နာကျင်ညှိုးမောသွားရမှုနှင့်အတူ မမြင်မတွေ့ရတာ ကြာပြီဖြစ်တဲ့ ချစ်သူ၏ မျက်နှာလှလှလေးကိုပါကြည့်ပြီး ရင်မှာ နာကျင်မောလျှသွားရသည်။

ကြည့်စမ်းပါဦးတော့။

ချစ်သူ၏မျက်နှာသည် သူ့ရင်ကို ဘယ်လောက်များ ကြည်နူးအေးမြစေရသည်ဆိုတာ။

ကြည့်နေရင်းက နေသူရိန့်ကိုယ်ထဲရှိ သွေးကြောများ ပူနွေးနွေးမြလာကာ ရင်ခုန်သံများကလည်း မမှန်ချင်တော့။

သည်မျက်နှာလှလှလေးနှင့် ဒီအလှများသည် တစ်ချိန်က သူ့ ယုယကြင်နာကာ ကြင်နာမှုအနမ်းများ ပေးခဲ့ဖူးပါလားဆိုသော







www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့် နေသူရိန် ရင်ခုန်သံတွေ တဒိတ်ဒိတ်။

"မှုန်နံ့သာ"

"ရှင် ကျွန်မကို မခေါ်ပါနဲ့ ဦးနေသူရိန်၊ ရှင့်အသံ ကျွန်မ မကြားချင်ပါဘူးလို့ ပြောထားတယ်မဟုတ်လား"

စိမ်းလဲ့စိုတောက်နေသော မျက်ဝန်းလေးနှင့် သူ့အားကြ ဟသာရင်းက ရင်မှာခံစားရမှုဝေဒနာ ပြင်းထန်ခြင်းကြောင့် မှုန်နံ့သာ ထိခိုက်ခြင်းများစွာနှင့် မျက်ရည်တွေက တားဆီးလို့မရနိုင် နှင့်သည်းစွာဆိုလိုက်သည်။

နေသူရိန်မှာ ချစ်သူလေး၏ ခံစားမှုကို နားလည်သဘော ပေါက်ရသလိုမျိုး ကိုယ်ချင်းစာနားလည်စိတ်နှင့်အတူ သူ့အ အထင်အမြင်လွဲမှားနေသည့် ချစ်သူလေးကြောင့်လည်း ရင် ထိခိုက်နာကျင်နေရသည်။

နာကျင်မှုနှင့် နေသူရိန်သည် မချိပြုံး ပြုံးလိုက်ပြီး

"အဟွန်း မင်း ကိုယ့်အပေါ် ဒီလောက်တောင်မုန်း ပြီလား မှုန်နံ့သာ"





နေသူရိန်၏အသံက နာကျင်မှုကြောင့် ခြောက်ကပ်အက်ကွဲ နေရသလို...

မှုန်နံ့သာကတော့ မျက်နှာလှလှလေး တင်းမာခက်ထန် နေရကာ...

"ဒီစကား ရှင် မေးနေစရာတောင် မလိုပါဘူး ဦးနေသူရိန်၊ ဒီကမ္ဘာပေါ်မှာ ကျွန်မ အမုန်းဆုံးက ရှင်ပဲဆိုတာ ရှင်သိဖို့ကောင်း တယ်"

"အဟွန်း ဟွန်း ဟွန်း၊ ကောင်းပါတယ်၊ မုန်းပါ ခင်းမုန်းပါ မှုန်နံ့သာ၊ ကိုယ့်ကို ဖြေရှင်းခွင့်မပေးဘဲ မင်းရဲ့ တစ်ဘက်သတ် အမုန်းတွေအောက်မှာ ကိုယ် ဘယ်လောက်ထိ ခံစားကြေကွဲနေရတယ်ဆိုတာ မင်းကတော့ နားလည်မှာမဟုတ် ပါဘူး"

"အဟင်း ကျွန်မက ဘာကိုနားလည်ပေးရမှာလဲ ဦးနေသူရိန်၊ ဘာလဲ ရှင့်ရဲ့ဟန်ဆောင်မှုကောင်းတဲ့ လိမ်ညာမှုတွေ ကို ကျွန်မက နားလည်ပေးရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလှလှလေးကို မဲ့ကာ ခနဲ့သလိုလို ရွဲ့သလိုလို ဆိုလိုက်သည့် မှုန်နံ့သာစကားကြောင့် နေသူရိန် အသည်းမှာ ဆတ်ဆတ်ခါ နာကျင်သွားရသည်။

"တော်စမ်း မှုန်နံ့သာ၊ မင်း ကိုယ့်အချစ်ကို ဒီထက်ပိုပြီး စော်ကားဖို့ မကြိုးစားစမ်းနဲ့၊ ကိုယ် မင်းကိုချစ်ခဲ့တာ အပျော်ချစ် ခဲ့တာမဟုတ်ဘူး၊ ကိုယ့်နှလုံးသားတစ်ခုလုံး ပုံအောပြီး မင်းကို ချစ်ခဲ့တာ"

"ဒီမှာ ဦးနေသူရိန်၊ ကျွန်မ ရှင့်ရဲ့ဒီစကားတွေကို နား ထောင်ဖို့ အချိန်မရှိဘူး၊ ကျွန်မ သိချင်တာက ရှင်ဘာအကြောင့် ကျွန်မကို ဒီလိုလုပ်ရတာလဲဆိုတာ"

"အဟွန်း ရှင်းပါတယ် မှုန်နံ့သာ၊ ချစ်လို့ပေါ့"

"ဘာ"

"ချစ်လို့၊ မင်းကိုသိပ်ချစ်လို့"

"ဟင်"

ခက်ထန်ကာ ရဲပသွားသည့် မှုန်နံ့သာမျက်နှာလေးမှာ





ခါသထွေနှစ်မြှစ်သွားကာ

"ရှင် တော်တော်လည်း အကြံပက်စက်ပါလား ဦးနေသူရိန်၊ ကျွန်မ ကျွန်မ ရှင့်ကိုသိပ်မုန်းတယ်ဆိုတာ ရှင် မသိဘူးလား"

"သိတယ်၊ ဒါပေမဲ့ မင်းမုန်းပေမယ့် ကိုယ် မင်းကို မုန်းဘူးလေ"

"မပြောနဲ့၊ ဒီစကား ရှင်နဲ့ကျွန်မကြားမှာ ပြောဖို့မလို အပ်တော့ဘူး ဦးနေသူရိန်"

မှုန်နံ့သာမှာ နေသူရိန့်ထံမှ ချစ်စကားများကို နားထောင် နိုင်စွမ်းမရှိတော့သလို စိတ်မှာ ကြေကွဲထိခိုက်စွာ ဆိုလိုက်သည်။

တကယ်တော့ မှုန်နံ့သာသည် နေသူရိန်ထံမှ ချစ်စကား ကို ကြားနိုင်စွမ်းမရှိတော့ပါ။ နာကျင်ရသော ရင်အစုံဖြင့် နား နှစ်ဘက်ကို လက်ကလေးအစုံနှင့်အုပ်ကာ မျက်ဝန်းလေးမှိတ်လျက် ခါးခါးသီးသီးပင် ပြောလိုက်သည်။

မှုန်နံ့သာထံမှ ခါးသီးမှုတွေကို မြင်ရပြန်တော့ နေသူရိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကို ဆုပ်ချေလိုက်သလု နင့်သည်းစွာခံစားသွားရသည်။

နေသူရိန်မှာ ထိုဝေဒနာကို မခံစားနိုင်သလို အံကိုတင်းတင်း စေ့ကြိတ်ပစ်လိုက်ပြီးနောက် နီရဲစိုစွတ်နေရသော ရီဝေဝေမျက်ဝန်းများဖြင့် မှုန်နှံ့သာမျက်နှာလှလှလေးကိုသာ တရှိုက်မက်မက် တမေ့တမောကြည့်လာပြီး

"ကိုယ့်နှလုံးသားနဲ့ ကိုယ့်အချစ်ကို ပိတ်ပင်ဖို့ မင်းမကြိုးစားပါနဲ့ မှုန်နှံ့သာ၊ ကိုယ် မှုန်နှံ့သာကို ချစ်တယ်"

"ကျွန်မကတော့ ရှင့်ကိုမုန်းတယ်"

"အဟွန်း မင်းမုန်းတာကို ကိုယ် ဂရုမစိုက်ဘူး မှုန်နှံ့သာ၊ ကိုယ်ကတော့ မင်းကို ပိုင်ဆိုင်ရရင် ကျေနပ်တယ်"

"ရှင် ကျွန်မကို ဘယ်တော့မှမပိုင်ဆိုင်စေရဘူး ဦးနေသူရိန်"

"အဟွန်း အဲဒါ မင်းအထင်လေ၊ ခုတော့ မင်းက ကိုယ့်လက်ထဲမှာပဲ"

"ရှင်"



"အို"

ရှုးရှုရီဝေကာ တောက်ပသည့်အကြည့်တွေနှင့် ကြည့်နေသူ သူမအပေါ် အနိုင်ရသူတစ်ယောက်လို မခံချင်စရာအပြုံးနှင့် ဆိုလာသည့် နေသူရိန် စကားကြောင့် မှုန်နှံ့သာမျက်နှာလေးသည် ညအိပ်မီးရောင်ဖျော့ဖျော့အောက်တွင် သွေးရောင်များ လွှမ်းသွားရသည်။

တစ်ဆက်တည်း သူမနားလည်လိုက်သည်က နေသူရိန်သည် သူမအား သူ့သဘော သူ့ဆန္ဒတစ်ခုတည်းနှင့် ဖွတ်ခိုးယူလာခြင်းဆိုတာပင်။

ထိုအတွေးက မှုန်နှံ့သာ နှလုံးသားကို ခပ်အစင်းပေါင်းများစွာနှင့် ထိုးဆွခံလိုက်ရသလို နာကျင်ပေါက်ကွဲသွားရကာ

"ရှင် လူယုတ်မာ၊ ဦးနေသူရိန် ရှင် ကျွန်မကို ခုလိုအစ်ဖက်သတ် ဖွတ်ခိုးလာတော့ရော ကျွန်မအချစ်တွေ ရှင် ပြန်ရမယ်လို့ ထင်နေလား၊ အဟင်း ဝေးပါသေးတယ် ဦးနေသူရိန်ရယ်၊ ရှင့်ရဲ့ အခုလို အဓမ္မဆန်တဲ့ အပြုအမူတွေကြောင့် ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပိုတောင် ပိုမုန်းသွားသေးတယ် မှတ်ပါ''

သူမစကားကြောင့် နေသူရိန် မျက်နှာပျက်သွားကာ

''မုန်းနေတဲ့ မိန်းမတစ်ယောက်ကို မမုန်းပါနဲ့လို့ ကိုယ်မတားဘူး မှုန်နံ့သာ၊ အေး ဒါပေမဲ့ ကိုယ်ကလည်း ကိုယ်ချစ်နေတဲ့ မိန်းမတစ်ယောက်ကိုတော့ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားရမှာပဲ''

ကြည့်စမ်း ဒီလူ။

မချိုပြုံးနှင့်ဆိုလာသော နေသူရိန်၏စကားကြောင့် မှုန်နံ့သာမျက်နှာလှလှလေးမှာ နီမြန်းလျက် အခံရခက်သွားရသလို ဒေါသစိတ်ကို မျိုသိပ်ထိန်းချုပ်ထားဟန် နေသူရိန်အား တင်းမာအေးစက်စွာ ကြည့်လိုက်ပြီး

''ရှင်ဟာ တစ်ဘက်သတ်ဆန်တဲ့လူပဲ ဦးနေသူရိန်၊ ကျွန်မ ရှင့်မျက်နှာကို မကြည့်ချင်ဘူး''

အေးစက်စိမ်းကားစွာဆိုလာသည့် မှုန်နံ့သာ စကားများက သူ့ရင်ကိုနာကျင်သွားစေရသည်မို့ နေသူရိန်သည် ဖူးစင်နေအောင် လှသည့် မှုန်နံ့သာ၏ ကြည်လင်ဝင်းစက်သော မျက်နှာ





လေးကို ချစ်ခြင်းများစွာနှင့် ရူးရူးနှစ်နှစ်ကြီး ငေးစိုက်ကြည့်လာရင်း

''မင်း ကိုယ့်ကို ကြိုက်သလိုပြောနိုင်ပါတယ် မှုန်နံ့သာ၊ တကယ်တော့ မင်း ကိုယ့်ကို ဒီထက်မက ပြောသင့်ပါတယ်၊ ကိုယ်က မှုန်နံ့သာကို သိပ်ချစ်ခဲ့တာကိုး၊ ချစ်လွန်းလို့ မှုန်နံ့သာကို လက်လွှတ်ဆုံးရှုံးမခံနိုင်လို့ သီဟာနဲ့တိုင်ပင်ပြီး မင်းကို ကိုယ်ခိုးလာခဲ့တာပဲ မှုန်နံ့သာ၊ အဲဒီအတွက် ကိုယ့်လုပ်ရပ်က ကလေးဆန်ချင် ဆန်သွားမယ်၊ ကိုယ် ဂရုမစိုက်ဘူး၊ ကိုယ် မှုန်နံ့သာနဲ့ မခွဲနိုင်တော့ဘူး၊ မခွဲချင်တော့ဘူး''

''သေလိုက်၊ ရှင် သွားသေလိုက် ဦးနေသူရိန်၊ ရှင့်ကို မုန်းနေတဲ့ မိန်းမတစ်ယောက်ကို ရှင် ခုလိုပုံစံနဲ့ ချည်နှောင်ဖို့ မကြိုးစားပါနဲ့၊ အဲဒီအတွက် ရှင် နောင်တရလိမ့်မယ်''

''အဟွန်း ဟွန်း ဟွန်း၊ မှုန်နံ့သာကို ပိုင်ဆိုင်ရလို့ ကိုယ်နောင်တရမယ်ဆို အဲဒီနောင်တကို ကိုယ် ကျေကျေနပ်နပ်ကြီး ခံယူလိုက်မယ် မှုန်နံ့သာ၊ မှုန်နံ့သာ ကိုယ့်အနားမှာရှိနေသရွေ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝဟာ ပျော်ရွှင်မှုတွေနဲ့ ပြီးပြည့်စုံနေမယ်ဆိုတာ ကိုယ် ပြောရဲတယ်''

သည်လူတစ်ယောက်ကတော့လေ။

သူ့ကို ဘယ်လိုပဲ နာကျင်အောင်ပြောပါစေ၊ နာကျင်မှု တစ်စက်လေးမှ မပြသည်ကတော့ အတော်အံ့သြဖို့ကောင်းပါသည်။

သူ့ဘက်က ထိုသို့ နာကျင်မှုမပြ စေဏ်ပြလေလေ မှုန်နှံ့သာမှာ အခံရခက်ခက်နှင့် ဒေါသတွေ ပိုဖြစ်ရလေနှင့် နေသူရိန် အား စူးခနဲကြည့်ပြီး

''ရှင်ပျော်ပေမယ့် ကျွန်မ ပျော်မှာမဟုတ်ဘူး၊ အဲဒီ အတွက် ရှင် ကျွန်မကို ပြန်ပို့ပေးပါ ဦးနေသူရိန်''

''ခက်ပါလား မှုန်နှံ့သာ၊ ချစ်လွန်းလို့ မခွဲနိုင်လို့ ခေါ်လာ ရတဲ့သူကို ပြန်ပို့ပေးဖို့ တောင်းဆိုနေတာ တဆိတ် မင်းဘက်က မလွန်လွန်းဘူးလား၊ အင်းလေ မှုန်နှံ့သာကြည့်ရတာ စိတ်လှုပ်ရှား နေတယ်နဲ့တူပါတယ်၊ ကိုယ် မင်းအတွက် ကော်ဖီပူပူလေးတစ်ခွက် ယူလာခဲ့တယ်၊ သောက်လိုက်ပါဦး''



စကားအဆုံး နေသူရိန်သည် သူ့လက်ထဲမှ ကော်ဖီခွက် ကို မှုန်နှံ့သာရှေ့သို့ တိုးပေးလိုက်ရာ မှုန်နှံ့သာမှာ သူ့လက်တွင်းက ဘယ်လိုမှမလွတ်နိုင်တော့တာကို နားလည်လိုက်ရမှုနှင့်အတူ မှုန်နှံ့သာသည် မထင်မှတ်ဘဲ သူ့လက်ထဲရောက်ရှိသွားရသည့် သူမ အဖြစ်ကိုလည်း ယူကျုံးမရစွာ နာကျင်မှုတွေနှင့် နေသူရိန် ကိုင် ထားသည့် ကော်ဖီခွက်ကို သူမလက်နှင့် ဆတ်ခနဲ ဖယ်ရှားပုတ် ထုတ်ပစ်လိုက်သည်။

''ခွမ်း''

''ဟင်''

ဖိတ်ဖိတ်လက်နေသည့် ကြမ်းခင်းထက်ဝယ် မှုန်နှံ့သာ သက်ချက်ဖြင့် ပြန့်ကျဲနေသော ကော်ဖီများ။

နေသူရိန်မှာ မှုန်နှံ့သာ လုပ်သည်ကို စိတ်မဆိုးသလို ချက်နှာချောချောကြီးမှာ တစ်ချက်ပြုံးသွားရပြီး

''မှုန်နှံ့သာ အဲဒီမှာရပ်နေနော်၊ ဒီဘက် မလာနဲ့၊ ဖန်ကွဲ တွေ မှုန်နှံ့သာကို စူးလိမ့်မယ်၊ ခဏလေး ကိုယ် ဒါတွေရှင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦးမယ်"

မှန်နံ့သာအား ကလေးတစ်ယောက်လို စိတ်မချစွာမှာရင်းက နေသူရိန်သည် ဖန်ကွဲစနှင့် ကော်ဖီများကို ကြမ်းခင်းထက်မှ သူကိုယ်တိုင် စိတ်ရှည်လက်ရှည် ရှင်းလင်းနေလိုက်သည်။

သူ၏ထိုပုံစံကြောင့်ပင် မှန်နံ့သာမှာ နေသူရိန်ကိုကြည့်ပြီး စိတ်မှာ နာကျင်မှန်းတီးနေသည့်ကြားက လူက အနေခက်ခက်နှင့် အားနာသွားရပြန်သည်။

နေသူရိန်ဆိုတာက မှန်နံ့သာရှေ့တွင် ဘာမာန်မာနမှမရှိသည့် လူတစ်ယောက်လို ရှိနေရပေမယ့် တကယ်တော့ နေသူရိန်ဆိုတာက မျိုးရိုးစဉ်ဆက်ကိုက ချမ်းသာလာသည့် ပညာတတ်လူတစ်ယောက်ဖြစ်ရုံမက အောင်မြင်နေသည့် လုပ်ငန်းကြီးတစ်ခုကို ဦးစီးဦးဆောင်နှင့် လုပ်ကိုင်နေသည့်သူတစ်ဦး။

သူ့လက်အောက်တွင် အလုပ်လုပ်နေသည့်လူတွေဆိုတာကလည်း မနည်းလှ။ ထိုသို့ လူအများ လေးစားချစ်ခင်ကာ လုပ်ငန်းကြီးတစ်ခုကို ဦးစီးလုပ်ကိုင်နေသော နေသူရိန်ကို ဘယ်သူ





မှ အခုလိုမျိုး လုပ်ဝံ့သည့်သူ မရှိပါ။

အားလုံးက လေးစားချစ်ခင်ရကာ ထိုသို့လေးစားချစ်ခင်ရအောင်လည်း နေသူရိန်သည် အရှိန်အဝါက ကြီးလွန်းလှလေသည်။

သည်လိုလူမျိုးက မှန်နံ့သာရှေ့တွင် အဆိပ်အတောက်မရှိသော သူတစ်ယောက်လိုမြင်ရပြန်တော့ မှန်နံ့သာ သူ့ကို ကြည့်မရတော့။

မုန်းပါသည်၊ နာကျင်ပါသည်ဆိုတဲ့ကြားက သူ့အား အနေခက်ခက်နှင့် အားနာမှုကြောင့် မျက်နှာလေးမှာ ရဲပနေရသည်။

ဒါကိုမသိသည့် နေသူရိန်ကတော့ ကြမ်းခင်းထက်မှ ကော်ဖီများကို ရှင်းလင်းသုတ်သင်ပြီး ခေါင်းကိုအမော့ သူ့အား ဘယ်အချိန်ကတည်းက ကြည့်နေသည်မသိ ခပ်ငေးငေးလေး ကြည့်နေသော မှန်နံ့သာမျက်ဝန်းလှလှလေးနှင့် အကြည့်များဆုံသွားခိုက် သူမအား မျက်ဝန်းညိုကြီးနှင့် တည်တည်စူးစူး ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း ကျေနပ်ပြီလား မွန်နှံ့သာ"

"ဟင်"

"မင်းလေး လုပ်ချင်တာ လုပ်လိုက်ရလို့ ကျေနပ်သွားပြီလားလို့ ကိုယ် မေးတာ"

"ရှင်နော်"

"စတာပါဗျာ၊ ကဲ ဒီမှာ ခဏနေဦးနော်၊ ကိုယ် မင်းအတွက် နောက်ထပ် ကော်ဖီဖျော်ခဲ့မယ်၊ ဒါပေမဲ့ ဒီတစ်ခါတော့ မင်း စောစောကလို လုပ်လို့မရတော့ဘူးနော်၊ ဒီတစ်ခါ မင်းဆိုးလိုက်တော့ ကိုယ် အပြစ်ပေးရလိမ့်မယ်ကွ"

"အို"

သူ့အား ရန်သူတစ်ယောက်သဖွယ် စိတ်ဆိုးနာကျင်မုန်းတီးနေသည့် မွန်နှံ့သာကို နေသူရိန်သည် သူ့စိတ်ထဲ သူမအား ဘယ်လိုသဘောထားနေသည် မသိပါ။

ပြုံးလွှန့်လွှန့် မျက်နှာချောချောကြီးနှင့်ပင် မွန်နှံ့သာအားကလေးတစ်ယောက်သဖွယ် ချစ်စနိုးဟန်နှင့် မွန်နှံ့သာ နှာခေါင်းလေးကို ခပ်ဖွဖွညှစ်ဆိုကာ ထွက်သွားသည့် နေသူရိန်၏ နောက်ကျောမြင့်မြင့်မားမားကြီးကို မွန်နှံ့သာသည် နှုတ်ခမ်းလေး ဖိကိုက်ကာကြည့်ပြီး အခန်းထဲဝယ် တစ်ယောက်တည်း ငူငူကြီး ကျန်ခဲ့လေသည်။



သူမ၏စိတ်အစဉ်ထဲမှာတော့ သူ့ဆီက သူမ မမြင်မတွေ့ရဘာ ကြာပြီဖြစ်သော သူမအပေါ် တရင်းတနှီးနှင့် နွေးထွေးလိုက်လှဲလွှန်းသော နေသူရိန်၏ အပြုအမူနှင့် စကားများကြောင့် ရင်ခုန်သံတွေက မမှန်ချင်တော့သလို သူမအား သူ့သဘောသူ့ဆန္ဒအတိုင်း တစ်ဘက်သတ် ခိုးလာပါသည့် နေသူရိန်ကို ရန်တွေ့စကားများပြောဖို့ပင် အင်အားများ ပျောက်ဆုံးသွားရပါတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဆောင်းနံနက်၏ နှင်းငွေ့များသည် ပတ်ဝန်းကျင်တွင် ရစ်ခြုံလွှမ်းနေသလိုရှိပေမယ့် သူမ ယခုရောက်ရှိနေသောနေရာ သည် ဘယ်နေရာဆိုတာကိုတော့ မှုန်နှံ့သာတစ်ယောက် အတိအကျ မသိပါ။

သို့သော် ပတ်ဝန်းကျင်တွင် လူနေအိမ်ကျဲပါးကာ အိမ်ကြီးပေါ်မှကြည့်လျှင် သစ်ပင်ချုံနွယ်များနှင့် လူသွားလူလာမရှိသလောက် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်က မှုန်နှံ့သာစိတ်ထဲ တစ်မျိုးထူးဆန်းနေရတော့သည်။

ကြည့်ရသလောက် ဒီနေရာသည် ရန်ကုန်မြို့၏တစ်နေရာ





တော့ ဘယ်လိုမှမဖြစ်နိုင်။

ဒါဖြင့် သူမ ရောက်နေသည်က ဘယ်နေရာပါလဲ။ ပတ်ဝန်းကျင်ကို စူးစမ်းကာ အဖြေရှာပေမယ့် သူမ သိချင်သည့် အဖြေက ဘယ်လိုမှရှိမလာပါ။

ထိုအခါ သူမစိတ်ထဲ ပို၍မချင့်မရဲဖြစ်ရလေသည်။ ဘာလိုလိုနှင့် မှုန်နှံ့သာတစ်ယောက် အချစ်လူဆိုးကြီး နေသူရိန်၏ လက်ထဲ ရောက်ရှိနေသည်မှာ အချိန်တစ်ပတ်ပင် ကြာခဲ့ရပြီဖြစ်သည်။

တစ်ပတ်ဆိုသည့် အချိန်တွင်းမှာ မှုန်နှံ့သာသည် နေသူရိန် လက်ထဲမှ လွတ်မြောက်ရန် ဉာဏ်ရှိသမျှ အစွမ်းကုန်ကြိုးစားပေမယ့်လည်း အရာရာကို အကွက်စေ့စေ့နှင့် ကြိုတွေးတတ်သော နေသူရိန်သည် သူမ ဘာလုပ်မည်ဆိုတာကိုလည်း ကြိုသိနေသလိုမျိုး မှုန်နှံ့သာအား ကလေးတစ်ယောက်လို အရိပ်တကြည့်ကြည့်နှင့် ကြည့်နေတတ်တာကြောင့်လည်း မှုန်နှံ့သာ မလှုပ်သာအောင် ရှိနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် မှုန်နှံ့သာအတွက် ပစ္စည်းများ လိုသည် မရှိ ပြည့်ပြည့်စုံစုံနှင့် ထားပေးထားသလို သူကိုယ်တိုင်ကလည်း သူမအနားတွင် အရိပ်လို ရှိနေတတ်သူလည်းဖြစ်သည်။

နူးညံ့ညင်သာကာ ချိုသာသော ချစ်စကားများဖြင့် ကြည်လင်ရွှန်းစိုတောက်ပသော မျက်ဝန်းကြီးများဖြင့် နေသူရိန်သည် မှုန်နှံ့သာအား ကြင်နာယုယမှုဖြင့် နွေးထွေးစွာဆက်ဆံတတ်ပုံကလည်း ဟိုယခင် အတိတ်အချိန်များအတိုင်း ဘာတစ်ခုမှ မပြောင်းလဲခဲ့ပါ။

ပြောင်းလဲနေရသည်က မှုန်နှံ့သာ သာဖြစ်ပါသည်။ မှုန်နှံ့သာသည် နေသူရိန်အား သူမ၏အမုန်းဆုံးလူတစ်ယောက်အဖြစ် ရင်ထဲက ဖယ်ထုတ်ပြီးကတည်းက သူနှင့်ပတ်သက်သမျှ ခံစားမှုများကို နာကြည်းကြေကွဲ ထိနိုက်ခြင်းများဖြင့် ဥပေက္ခာပြုထားခဲ့သည်ပဲလေ။

သို့ပေမယ့် အချစ်ဦးလည်းဖြစ်၊ အချစ်ဆုံးလည်းဖြစ်ခဲ့ဖူးသည့် နေသူရိန် ဆိုသည့်သူ့ကို မှုန်နှံ့သာသည် တစ်ချိန်က အသည်း





မေါက်မတတ် နှင့်သည်းစွာချစ်ခဲ့ရသလို အမုန်းစိတ်များ ဝင်မိပြန်တော့လည်း သူနှင့်ပတ်သက်သမျှကို မေ့ထားသည့်ကြားက အခြေအနေ အကြောင်းအမျိုးမျိုးတိုက်ဆိုင်လို့ သတိရလာပြန်တော့လည်း မှုန်နှံ့သာ နှလုံးသားတစ်ခုလုံး မခံမရပ်နိုင်အောင် နာကျင်စေခဲ့ရလေသည်။

သည်လူတစ်ယောက်ဆိုတာ သူမနှလုံးသားထဲ မြတ်မြတ်နိုးနိုးချစ်ခဲ့သည့်သူတစ်ဦး။ ထို့အတူ သူမ အမုန်းဆုံးရယ်ပါလို့လည်း သတ်မှတ်ခဲ့သည့်သူ။

နှလုံးသားမှ ဖယ်ထုတ်ကာ မေ့ထားခဲ့သည်မှာ ကြာပြီဖြစ်သော သူ့ကို အခုလိုအခြေအနေနှင့် ပြန်ဆုံရလိမ့်မည်ဟု မှုန်နှံ့သာ မထင်ထားခဲ့ပါ။

ဝေးကွာခဲ့သည်မှာ အချိန်တွေများစွာကြာခဲ့သလို သူမကိုယ်တိုင်လည်း အလုပ်တာဝန်တွေနှင့် မအားလပ်သည့်ကြားက နေသူရိန်ကို အခုလို ပြန်ဆုံရပြန်တော့ သူမအတွက် ပြေးစရာမြေ မရှိတော့သလို။



www.burmeseclassic.com

www.burmeseclassic.com



သူမကိုသိပ်ချစ်လို့ မခွဲနိုင်လို့ပါဆိုသော အကြောင်းပြချက်တစ်ခုတည်းနှင့် သူ့လက်ထဲရောက်ပြီးမှတော့ မှုန်နံ့သာ သူ့လက်ကလွတ်ဖို့ မဖြစ်နိုင်တော့ပါ။

နေသူရိန် ဆိုတာက ဆုံးဖြတ်ပြီးသည့်အလုပ်တစ်ခုကို နောက်ဆုတ်အရှုံးပေးတတ်သည့်သူ မဟုတ်ဆိုတာ မှုန်နံ့သာ သိနေသောကြောင့်ဖြစ်သည်။

လိမ္မာရက်သူ၊ အချစ်ကို တန်ဖိုးမထားသူအဖြစ် နှလုံးသားမှာ တူးခါးနေအောင် မုန်းရသော နေသူရိန်ဆိုတဲ့ လူတစ်ယောက်ကို မှုန်နံ့သာ မမြင်ချင် မတွေ့ချင် မဆုံချင်တော့ပါဘူးဆိုမှ ကံကြမ္မာက တိုက်တိုက်ဆိုင်ဆိုင် တမင်လာဆုံစေသည့်အဖြစ်။ ခါတင်မကသေး၊ သူမဘဝတစ်ခုလုံး သူ့လက်တွင်း ကျရောက်နေပုံကလည်း မှုန်နံ့သာကို ရင်နာစရာဖြစ်စေရသည်။

နာကျင်ကြေကွဲရသော နှလုံးသားကို ရင်မှာပိုက်ထွေးရင်းက မတွေ့ချင် မဆုံချင်၍ ရှောင်ဖယ်နေသည့် သူမသည် ယခုတော့ သူ့လက်တွင်းကို တမင်ခုန်ဆင်းလိုက်သလို ဖြစ်သွား





စေရသည့်အတွက် မှုန်နံ့သာ သူမကိုယ်သူမ နောင်တတွေနှင့် ကြေကွဲခဆုံး ရှိနေရတော့သည်။

မှုန်နံ့သာသည် သူမ မုန်းလှသည့်သူ့လက်တွင်းက လွတ်မြောက်ရန် အချိန်နှင့်အမျှ ကြိုးစားပေမယ့် နေသူရိန် ဆိုသည့်သူကတော့ မှုန်နံ့သာ သူ့လက်ထဲရောက်ပြီးကတည်းက သူမအား သူပိုင်ပစ္စည်းတစ်ခုသဖွယ် သူမြတ်နိုးတဲ့ပစ္စည်းလေးတစ်ခု သူ့ရှေ့က ပျောက်ဆုံးသွားမှာကို စိုးရိမ်သည့်အလား မှုန်နံ့သာအား အရိပ်တကြည့်ကြည့်နှင့် ကြည့်လျက်ရှိနေခြင်းကြောင့် မှုန်နံ့သာစိတ်မှာ ကျဉ်းကျပ်နေရတော့သည်။

လူကို မမြင်ဖူးသူတစ်ယောက်လို စူးနင့်ငေးမောသည့် ချစ်မျက်ဝန်းတွေနှင့် တရှိုက်မက်မက် ငေးမောကြည့်တတ်သော နေသူရိန်ကြောင့် မှုန်နံ့သာသည် ရင်ခုန်သံများ ကတိမ်းကပါးကြီး ဖြစ်ခဲ့ရသည်ကလည်း အမှန်။

သူမကို အရိပ်တကြည့်ကြည့်နှင့်ရှိကာ သူမလိုအပ်တာ မှန်သမျှ ဖြည့်ဆည်းပေးတတ်သည့် သူသည် မှုန်နံ့သာအား



www.burmeseclassic.com

www.burmeseclassic.com



တော်ီင်းယန်စကားတွေနှင့် ချစ်စကားဆိုနေပေမယ့် သူမထံမှ အချစ်ကိုတော့ ဖွတ်တိုးရယူခြင်း မပြုပါပေ။

တကယ်ဆို သူ့လက်တွင်းရောက်ရှိနေသည့် သူမထံမှ အချစ်များကို နေသူရိန်သည် အချိန်အခါမရွေး လွယ်ကူစွာ ရယူနိုင်ပေမယ့် သူသည် ယောက်ျားကောင်းပီသစွာဖြင့် သူ၏ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းနိုင်ခဲ့ရုံမက သူမထံမှ အချစ်များကို ဖွတ်တိုးရယူခြင်းလည်း မရှိခဲ့သည့်အတွက် မှုန်နံ့သာ သူ့ကိုပင် ပြန်၍ ကျေးဇူးတင်နေရသည့်အဖြစ်။

အိမ်ကြီးတစ်လုံးထဲတွင် နှစ်ယောက်အတူ ရှိနေရသည်ဆိုပေမယ့် နေသူရိန်သည် သူမအား နူးညံ့ချိုသာသော ချစ်စကားများကို ဆိုရုံကလွဲပြီး သူမအား လက်ဖျားနှင့်ပင် မတို့မထိခဲ့ပါပေ။

ဘာပဲပြောပြော အခုလို ထိန်းသိမ်းနိုင်လွန်းသည့် နေသူရိန်ကို မှုန်နံ့သာစိတ်ဝယ် ကျိတ်ကာ ချီးကျူးမိရပေမယ့် သူ့ကိုတော့ဖြင့် သူမသည် နည်းနည်းလေးမှမကျေနပ်ပါပေ။

'သိပ်ချစ်တာပဲ'ဆိုသည့် ချစ်စကားတွေနှင့် သူ၏





လက်ထပ်ခွင့်ပြုရန် တောင်းဆိုမှုကို မှုန်နံ့သာသည် ခေါင်းညိတ်ခြင်းမပြုခဲ့သလို ခေါင်းခါခြင်းလည်းမပြုခဲ့ဘဲ နေသူရိန်စကားကို မှုန်နံ့သာသည် မသိဟန်ပြု လျစ်လျူရှုထားခဲ့သည်။

သို့သော် သူမ ဘယ်လိုပင်မသိဟန်ပြု လျစ်လျူရှုထားခဲ့ပါစေ၊ နေသူရိန်ဆိုသည့် အချစ်လူဆိုးကြီးကတော့ မှုန်နံ့သာကို လက်ထပ်ခွင့်ပြုရန် တောင်းဆိုနေတတ်ပုံကလည်း အမြင်ကတ်မုန်းချင်စရာ။

သူမအား ပြန်ပို့ပေးရန် မှုန်နံ့သာ အကြိမ်ကြိမ်တောင်းဆိုနေပေမယ့် နေသူရိန်သည် မလွှတ်။ သူ့အား လက်ထပ်ပါမည်ဟု သူမ ကတိစကားကြားပါမှ နေသူရိန်သည် မှုန်နံ့သာအား ပြန်ပို့ပေးနိုင်မည်ဆိုသောစကားကြောင့် မှုန်နံ့သာ ဒေါသတွေနှင့် ရင်မှာလှိုက်ဆူခဲ့ရသည်။

ဒါ သူ သူမကို တမင်သက်သက်အနိုင်ကျင့်နေတာဟု သော အတွေးဖြင့်လည်း မှုန်နံ့သာသည် နေသူရိန်အား ပို၍မုန်းမိရသီလို တကယ်တမ်း သူမ၏အခြေအနေက ရှေ့တိုးရခြင်း



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်ရခက် ရှိနေရသည့် အခြေအနေ။

အချိန်တစ်ပတ်အတွင်းမှာ သူမ ပျောက်ဆုံးနေသည့်အဖြစ်ကို သူမမိသားစုနှင့် သူမပတ်ဝန်းကျင် သိနေလောက်ပြီဟူသော အတွေးဖြင့် မှုန်နံ့သာရင်မှာ မွန်းကျပ်လာရသည်။

ဖျို့ရွယ်တဲ့ မိန်းမပျိုတစ်ယောက်ကို သူစိမ်းယောကျ်ားက ဘာအကြောင်းကြောင့်နဲ့ပဲဖြစ်ဖြစ် ခိုးယူသွားခဲ့ပြီဆိုမှတော့ ထိုမိန်းကလေး၏အရှက်နှင့်ဂုဏ်သိက္ခာသည် ပတ်ဝန်းကျင်နှင့် မိသားစုအလယ် ဘယ်လိုပင်ဖြူစင်ပါသည်ပြောပြော ထိုစကားကို ဘယ်သူမှ လက်ခံတော့မည်မဟုတ်ပါ။

ထို့အတူ ထိုမိန်းမပျို၏ ဂုဏ်သိက္ခာသည်လည်း ကျဆင်းခဲ့ရပြီဖြစ်သည်။

ခု မှုန်နံ့သာအဖြစ်က ထိုအဖြစ်မျိုး၊ ထိုအခြေအနေမျိုးနှင့် လာကြုံနေရသည့်အဖြစ်မို့ မှုန်နံ့သာသည် နေသူရိန်နှင့် ဘယ်လိုမှ မပတ်သက်၊ ဖြူစင်ပါသည် သန့်ရှင်းပါသည်ပြောပြော ပတ်ဝန်းကျင်နှင့် လူအများက လက်ခံတော့မည်မဟုတ်ပါ။





မှုန်နံ့သာအဖြစ်က ဆုပ်လည်းစူး၊ စားလည်းရူး ဆိုသလို ရှေ့တိုးရခက်၊ နောက်ဆုတ်ရခက်နှင့် သူ့စကားကို 'လက်မခံလိုပေမယ့် အခြေအနေကလည်း လက်မခံလို့မရတော့သည့် အနေအထား ကြုံနေရသည်မို့ မှုန်နံ့သာ အတွေးများဖြင့် တစ်ယောက်တည်း ချာချာလည်နေရတော့သည်။

"မှုန်နံ့သာ"

"ဟင်"

အတွေးများဖြင့် ရင်မောစွာရှိနေရာမှာ နောက်ပါးဆီက ထွက်ပေါ်လာသော နေသူရိန်အသံကြောင့် မှုန်နံ့သာ အကြည့်လေးများ နောက်ဆီကို ဖျတ်ခနဲ ရောက်ရှိသွားရာ သူမအား ဘယ်အချိန်ကတည်းက စူးစိုက်ကြည့်နေပါသည်မသိသော နေသူရိန်၏ အကြည့်များနှင့် ဆုံစည်းသွားရလေသည်။

ဘုရားရေ

နေသူရိန်ရင်ထဲ ဘယ်လိုဖြစ်သွားရသည်တော့ မသိပါ။ မှုန်နံ့သာရင်ထဲမှာတော့ သူ့အကြည့်တွေကြောင့် ရင်ခုန်သံစည်းချက်



www.burmeseclassic.com

www.burmeseclassic.com



တွေ မမှန်နိုင်တော့ပါ။

"တစ်ယောက်တည်း ဘာတွေတွေးနေတာလဲ မှုန်နှံ့သာ ကိုယ် မှုန်နှံ့သာသာကို ကြည့်နေတာကြာပြီ"

တည်ငြိမ်သောစကားသံနှင့် ခန့်ထည်လွန်းသော သူ့ရုပ်သွင်က မှုန်နှံ့သာရင်မှ ဝေဒနာများကို နှိုးဆွပေးလိုက်သလိုလို။

"ရှင်မို့ ကျွန်မကို ဒီစကားမေးရက်တယ် ဦးနေသူရိန်၊ လူကို အကျဉ်းချထားသလို ဘယ်နေရာ ဘယ်မယ်မှန်းမသိဘဲ လှောင်ပိတ်ခံထားရတဲ့ ကျွန်မက ဘာတွေစဉ်းစားနေရဦးမှာလဲ"

မှုန်နှံ့သာထံမှ စကားသံက သူမဘဝအတွက် သူမ ယူကျုံးမရစွာ ဝမ်းနည်းကြေကွဲမှုတွေနှင့် နာကျင်နေသည့်ဟန်။

"ဒီကိစ္စကြောင့် မှုန်နှံ့သာ ကိုယ့်ကို သိပ်မုန်း၊ သိပ်နာကျင်နေမှာပဲနော်"

"ဒီစကား ရှင်မေးဖို့တောင် မလိုပါဘူး၊ ကျွန်မ အမုန်းဆုံးလူဟာ ရှင်ပဲဆိုတာ ရှင့်ကို ကျွန်မ ဘယ်နှစ်ခါပြောရမလဲ ဦးနေသူရိန်"





"ရှင် ကြားချင် မကြားချင် ကျွန်မကတော့ ပြောရမှာပဲ ဦးနေသူရိန်၊ တစ်ဘက်သတ် ဆန္ဒတွေနဲ့ လုပ်တတ်တဲ့ရှင့်ကို ကျွန်မ ရှုန်းတယ်၊ ကျွန်မ အမုန်းဆုံးလူဟာ ရှင်ကြီးပဲ သိလား"

"မှုန်နှံ့သာ ကိုယ့်ကိုအထင်လွဲနေပြီ၊ ကိုယ် မှုန်နှံ့သာကို သိပ်ချစ်လို့ မခွဲနိုင်တော့လို့ဆိုတာ မင်း ဘာလို့နားမလည်ရတာလဲ မှုန်နှံ့သာ၊ မှုန်နှံ့သာကသာ ကိုယ့်ကိုလက်ထပ်ပါမယ်လို့ တစ်ခွန်းတည်းပြော၊ ကိုယ် မှုန်နှံ့သာကို ချက်ချင်းပြန်ပို့ပေးမယ်"

"မပြောဘူး၊ ရှင့်ကိုလည်း ကျွန်မ ဘယ်တော့မှ လက်မထပ်ဘူး"

"အဲဒါ မှုန်နှံ့သာဘက်ကပဲလေ၊ ကိုယ်ကတော့ မှုန်နှံ့သာကို လက်ထပ်မယ်၊ လက်ထပ်ခွင့်ပြုပါလို့လည်း မှုန်နှံ့သာကို ကိုယ်တောင်းပန်တယ်၊ မတတ်သာလို့ မှုန်နှံ့သာကို ခုလိုပုံစံနဲ့ ကိုယ်လက်ထပ်ခွင့်တောင်းရပေမယ့် ကိုယ့်အချစ်တွေကတော့ မှုန်နှံ့သာအပေါ် တန်ဖိုးထားပြီး ချစ်ခဲ့ရတာ မှုန်နှံ့သာ သိမှာပါလေ"

တောင်းပန်စကားတွေနှင့်အတူ စိတ်ထိခိုက်စွာဆိုလာ သည့်



www.burmeseclassic.com

www.burmeseclassic.com



နေသူရိန်မျက်နှာကို မှုန်နှံ့သာသည် မျက်စောင်းလေး တစ်ချက်ထိုးလိုက်ရင်းက

"မသိဘူး၊ ကျွန်မ ဘာမှမသိဘူး၊ ကျွန်မသိတာ ရှင့်ကို မုန်းတယ်၊ နာကျင်တယ်၊ စိတ်နာတယ်ဆိုတာပဲ သိတယ်"

"မှုန်နှံ့သာရယ် တစ်ချိန်ကမှားခဲ့တဲ့ ကိုယ့်အမှားတွေအတွက် ကိုယ့်ကိုခွင့်လွှတ်ပါလို့ မှုန်နှံ့သာကို ကိုယ် ဘယ်လိုတောင်းပန်ရမလဲ၊ တကယ်တော့ အဲဒီအမှားတွေအားလုံးဟာ ကိုယ် မှုန်နှံ့သာကို သိပ်ချစ်လွန်းလို့ မှားခဲ့တဲ့အမှားတွေဆိုတာ မှုန်နှံ့သာ ဘာလို့မသိရတာလဲဗျာ"

"အဟင်း ကြားရတာတော့ နားထောင်လို့ကောင်းနေပါလား၊ လူကို ငါ လှည့်စားချင်တိုင်း လှည့်စားမယ်ဆိုတဲ့အတွေးမျိုးနဲ့ ကျွန်မနှလုံးသားကို ညာယူခဲ့တာလည်း ရှင် ထည့်ပြောဦးလေ"

"ဒီမှာ ဦးနေသူရိန် ရှင်သိထားဖို့က ခု ရှင့်ရှေ့မှာရှိနေတဲ့ ကျွန်မဟာ တစ်ချိန်က ရှင် လှည့်စားချင်တိုင်း လှည့်စားခဲ့





တဲ့ ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ယောက် မဟုတ်တော့ဘူးဆိုတာ ရှင် မမေ့ထားပါနဲ့"

တစ်ချိန်က နာကျင်ခဲ့သည့် အတိတ်မှဒဏ်ရာများကြောင့် မှုန်နှံ့သာအသံလေးမှာ နာကျင်မှုတွေ စွက်နေရသလို မျက်ဝန်းအစုံမှာလည်း စူးတောက်နေရသည်။

ဒါကိုကြည့်ပြီး အသည်းနာရသူက နေသူရိန်။ ချစ်သူ၏ အပြုအမူသည် နေသူရိန်ရင်အား နာကျင်စေရပါသည်။

တမင်ဟန်ဆောင် လိမ်ညာခဲ့သည်မဟုတ်ပါဘဲ ချစ်သူအား ကလေးတစ်ယောက်နှယ် စနောက်လိုသည့် စိတ်တစ်ခုတည်းနှင့် သူ့ဘဝမှန်ကို ဖုံးကွယ်ခဲ့သည့်အဖြစ်က ခုတော့ သူ့အား ဟန်ဆောင်လိမ်ညာ လှည့်စားခဲ့ရက်သူအဖြစ် ချစ်သူ မြင်သွားစေရုံမက သူမနှလုံးသားကို နာကျင်ထိခိုက်ခံစားသွားစေရသည်ကို သိရတော့ နေသူရိန်သည် သူ့အမှားများအတွက် သူ နောင်တရလို့မဆုံးနိုင်အောင် ရှိသွားရသည်။

သူမလေး သူ့ကြောင့် ဧဒနာတွေ ခံစားနေရပါလားလို့



www.burmeseclassic.com

www.burmeseclassic.com



သော အသိနှင့် မှုန်နံ့သာမျက်နှာလေးကို ကြင်နာယုယစွာ ငုံ့မိုး
စိုက်ကြည့်လိုက်ပြီး

"ကိုယ့်အမှားတွေအတွက် မှုန်နံ့သာကို ကျေနပ်အောင်
ကိုယ် ဘယ်လိုတောင်းပန်ရမလဲဗျာ၊ မှုန်နံ့သာအပေါ်မှာ ကိုယ်ဟာ
ယုတ်မာကောက်ကျစ်တဲ့စိတ်မျိုးနဲ့ မှားခဲ့တာမဟုတ်သလို တမင်
လိမ်ညာခဲ့တာလည်း မဟုတ်ဘူးဆိုတာ ကိုယ် သစ္စာဆိုဝံ့ပါတယ်
မှုန်နံ့သာ"

"လိမ်ရဲရင် ကျိန်ရဲတယ်ဆိုတဲ့စကား ရှင့်အတွက်မှန်နေ
မှာပေါ့နော် ဦးနေသူရိန်"

"မှုန်နံ့သာ"

"မင်း"

"ဟာကွာ"

သူ့အား ခနဲ့သလိုလို ရွဲ့သလိုလို ဆိုလိုက်သည့် မှုန်နံ့သာ
စကားကြောင့် ဓိနေသူရိန်မှာ ရင်မှာမခံမရပ်နိုင်အောင် နာကျင်သွား
ရကာ အံကို တင်းတင်းကြိတ်ထားသည့်ကြားက မေးကြော





များ ထောင်လာကာ မချင့်မရဲဆိုလိုက်သည်။

သည့်နောက် သူ့အကြည့် တည်တည်ရှုးရှုးက မှုန်နံ့သာ
မျက်နှာလေးထံ ခပ်စိုက်စိုက်ရောက်ရှိလာပြီး

"ကောင်းပြီ မှုန်နံ့သာ၊ မင်း ကိုယ့်စကားကို မယုံဘူး
ဆိုမှတော့ ကိုယ် ဘာမှမပြောတော့ဘူး၊ ဒါပေမဲ့ မင်း ကိုယ့်ကို
လက်ထပ်ပါ မှုန်နံ့သာ"

သူ့စကားကြောင့် မှုန်နံ့သာ မျက်နှာလှလှလေးသည်
ရှက်သွေးဖြင့် ဖြာဝေနီရဲသွားကာ

"ရှင် ဘယ်လိုလူလဲ ဦးနေသူရိန်"

"ကိုယ်က မှုန်နံ့သာကို သိပ်ချစ်တဲ့လူလေ"

"အို ရှင် ရှင်"

စကားတွေသာမက အကြည့်တွေကပါ သူမထံ စူးရှူး
ရဲ့ ရောက်ရှိနေသော နေသူရိန်၏ စူးရှနက်ရှိုင်းသည့်အကြည့်နှင့်
သြဇာဟအသွင်ကြောင့် မှုန်နံ့သာ သူ့မျက်နှာကို မကြည့်ရဲတော့
အောင် ဖြစ်သွားကာ မျက်နှာလှလှလေးကို ငုံ့ချပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း ဟွန်း ဟွန်း"

အရှက်သည်းသွားရသည့် မှုန်နံ့သာကိုကြည့်ပြီး မှုန်နံ့သာသဘောကျစွာ ခပ်လွှန့်လွှန့်ရယ်လိုက်သည်။

ထိုအခါ

မှုန်နံ့သာမှာ ပို၍အရှက်သည်းသွားရပြီး သူ့ကိုလည်း မကြည့်ဘဲ

"ရှင် ရှင် ဘာရယ်တာလဲ"

"ဟောဗျာ"

မျက်စောင်းလေးနှင့် အကြည့်စူးစူးလေးတစ်ချက်ကြောင့် နေသူရိန် ရင်ခုန်သံတွေ မြန်သွားရပြီး ချစ်သူ၏ကလေးဆန်မှုကိုပါ ကြည်နူးကြည်မွေ့စွာ ရယ်လိုက်မိသည်။

ကြည့်စမ်းပါဦးလေ။

သူ၏ချစ်သူ မိန်းမချောသည် သူ့အပေါ် ယခုထက်တိုင် ကလေးဆန် ဆိုးနွဲ့ချင်သူလေးပါလားဆိုသော အသိက နေသူရိန် ကိုယ်ထဲရှိ သွေးကြောတွေကို ပူနွေးမြန်ဆန်သွားစေသည်။





ဒါကို မှုန်နံ့သာသည်ကတော့ သိမည်မဟုတ်ပါ။ သူ့မှာသာ ချစ်သူကို ချစ်မြတ်နိုးမှုတွေ လွှမ်းကဲစွာချစ်စိတ်တွေနှင့် ချစ်သူကို ရယူပိုင်ဆိုင်ရန် ကြိုးစားသည့်ကြားက ချစ်သူထံမှ အမုန်းတွေကိုသာ ရနေသည့်အဖြစ်ကြောင့် နေသူရိန်ရင်မှာ နာကျင်ရကာ နာကျင်စိတ်နှင့်အတူ နေသူရိန်သည် မှုန်နံ့သာကိုယ် နွေးနွေးအိအိလေးကို သူ့လက်အစုံနှင့် ဖျတ်ခနဲ ရစ်သိုင်းပွေ့ဖက်ကာ ရင်ချင်းဆွဲကပ်ပစ်လိုက်ပါတော့သည်။

"အို"

ရှက်လန့်တကြားလေး ထွက်ပေါ်လာရသော မှုန်နံ့သာစကားသံကိုလည်း နေသူရိန် မကြားတော့ပါ။

ချစ်သူလေးနှင့်ပတ်သက်ကာ ရင်မှာ ထိန်းချုပ်ထားခဲ့ရသမျှ သူ့ရင်ထဲက အချစ်များက ချစ်သူကိုမြတ်နိုးရသည့်စိတ်၊ ပိုင်ဆိုင်ရယူလိုသည့်စိတ်များနှင့် နေသူရိန်သည် မြန်ဆန်လာရသည့် ရင်ခုန်သံများကို မထိန်းချုပ်နိုင်တော့သည့်အဆုံး မှုန်နံ့သာ တစ်ကိုယ်လုံးကို သူသည် ခပ်တင်းတင်းပွေ့ဖက်ဖျစ်ညှစ်လိုက်ရင်းက နွေးထွေး



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ညင်သာသည့် သူ့အနမ်းနွေးနွေးများက မှုန်နံ့သာ မျက်နှာ လှလှလေးထက် ကျရောက်သွားရပါတော့သည်။

သူ့ရင်ခွင်ထဲက မှုန်နံ့သာကတော့ နေသူရိန်၏ အနမ်းများကို ရှောင်ရှားနေရင်းက သူမစိတ်အတွေးများသည် တစ်ချိန်က သူနှင့် ဆုံတွေ့ရင်ခုန်ခဲ့ရသည့်အဖြစ်များဆီသို့ သူ့စိတ်အတွေးများသည် ပြန်လည်ရောက်ရှိသွားရပါတော့သည်။



သ

# အခန်း (၃)

တကယ်တော့ မှုန်နံ့သာ နေသူရိန်နှင့်တွေ့ဆုံရခြင်းသည် သူမ၏သူငယ်ချင်း သဇင်ကြောင့်ဆိုလျှင် ပိုမှန်ပါလိမ့်မည်။

မှုန်နံ့သာသည် သူမ၏သူငယ်ချင်း သဇင်၏အရွယ် ကောင်းမှုကြောင့် သဇင်နှင့်အတူ မွေးနေ့ပွဲတစ်ခုကို ရောက်ခဲ့ရာမှ စလေသည်။

ပြောရလျှင် ဒီမွေးနေ့ပွဲက မှုန်နံ့သာအတွက် မလာမဖြစ်သည့် မွေးနေ့ပွဲလည်းဖြစ်သည်။ မွေးနေ့ပိုင်ရှင် နှယ်နီသည် မှုန်နံ့သာနှင့် သဇင်တို့၏ အခင်ဆုံးသူငယ်ချင်းတစ်ယောက် ဖြစ်နေသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှုန်နံ့သာတို့ရောက်ချိန်တွင် မွေးနေ့ပွဲမှာ အတော်ပင် စည်ကားနေရပြီဖြစ်သည်။

မှုန်နံ့သာဆိုတာက နဂိုကတည်းက လူရှုပ်သူများသည့် နေရာများကို သွားလာတတ်သူ မဟုတ်ပေမယ့် အခုတော့ အခင် မင်ရဆုံး သူငယ်ချင်းဖြစ်သည့် နွယ်နီ၏မွေးနေ့ပွဲဖြစ်သောကြောင့် မဖြစ်မနေ ဒီမွေးနေ့ပွဲလေးကို တက်ရောက်ခဲ့ရပေမယ့် မှုန်နံ့သာသည် လူရှင်းသည့် ခြံထောင့် သီးသန့်ကျသော နေရာတွင် ဝင်ထိုင် လိုက်၏။

သူမအကြောင်းကိုသိနေသော သဇင်နှင့် နွယ်နီကလည်း မှုန်နံ့သာကို စိတ်မကျဉ်းကျပ်စေရဘဲ ထိုနေရာကိုပင် ရွေးပေးလေ သည်။

"မှုန်နံ့သာ ထိုင်ဦးနော်၊ သဇင် ဟိုမှာ အသိတစ်ယောက် တွေ့လို့ သွားနှုတ်ဆက်လိုက်ဦးမယ်"

"ရတယ် သဇင် သွားပါ၊ မှုန်နံ့သာကို အားမနာနဲ့ မှုန်နံ့သာ နေတတ်ပါတယ်"





လူစည်ကားသည့်နေရာတွင် မနေတတ်သော မှုန်နံ့သာ ... သဇင်သည် စိတ်မချ အားနာနေသလိုရှိနေသည့်အဖြစ်ကို ... ကြည့်ပြီး မှုန်နံ့သာမှာ သူမအား စိတ်မပူရန်နှင့် သူမ နေတတ်ပါ ... ည်ဆိုတဲ့အကြောင်း ပြောလိုက်တော့မှ သဇင်သည် နေရာမှ ... ချလက်ချ ထွက်သွားလေသည်။

သဇင် ထွက်သွားတော့မှ မှုန်နံ့သာ သူမအနီးအနား ... ဝန်းကျင်ကို မျက်ဝန်းလေး ဝေ့ဝဲလျက် ကြည့်မိသွားရသည်။

"အို"

မှုန်နံ့သာ နှုတ်ခမ်းဖူးဖူးလေး စုဝိုင်းသွားရသလို မျက်နှာ ... လေးမှာလည်း ချက်ချင်းပင် ရဲပနီမြန်းသွားရကာ အကြည့် ... များကိုလည်း အမြန်ပင် လွှဲလိုက်ရသည်။

လူရွယ်တစ်ယောက်။

သူမထိုင်နေသည့် စားပွဲနှင့် မလှမ်းမကမ်းတွင် သူမလို ... ထောင့်ကျကျစားပွဲတွင် တစ်ယောက်တည်းထိုင်နေသော ... သည် မှုန်နံ့သာအား ဘယ်အချိန်ကတည်းက ကြည့်နေသည်



www.burmeseclassic.com

www.burmeseclassic.com



မသိပါ။

စူးရှတောက်ပသော မျက်ဝန်းတွေနှင့် စူးစူးစိုက်စိုက် ကြည့်နေသော သူ့ထံ မှုန်နံ့သာအကြည့်လေးများ မထင်မှတ်ဘဲ ရောက်ရှိသွားရတော့ သူ၏ အကြည့်စူးစူးတောက်တောက်ကြီးတွေနှင့် မျက်ဝန်းချင်း အကြည့်တွေဆုံသွားရလေသည်။

ဟင်။

တည်ကြည်စူးရှလွန်းသော သူ့အကြည့်စူးစူးတွေကြောင့် မှုန်နံ့သာမှာ ရင်ခုန်သံတွေ တဒိတ်ဒိတ်အခုန်မြန်လာကာ ခြေဖျား လက်ဖျားလေးများ အေးစက်လာရသည်။

ကြည့်စမ်း၊ ဒီလူ ဘယ်လိုလူပါလိမ့်။ ခုမှမြင်ဖူးတွေ့ဖူးသည့် မိန်းကလေးတစ်ယောက်ကို ကြည့်သည့်အကြည့်တွေက ဒီလောက်ပဲ စူးစူးနင့်နင့် နိုင်ရသည်တဲ့လား။

တကယ်ဆို မိန်းကလေးတစ်ယောက်ကို ဒီလိုကြည့်ရ မကောင်းဆိုတာ ဒီလူ သိသင့်သလို သူ့အကြည့်တွေကြောင့် တစ်ဘက် မိန်းကလေး အနေခက်မည်ဆိုတာ သူသိဖို့ကောင်းပါ၏။





အင်း မသိတာတော့ မဖြစ်နိုင်ပါ။

ဖြစ်ချင်းဖြစ် ဒီလူ တမင်မသိဟန်ပြုကာ ခေါ်တော့အားနှင့် လူကို အားမနာတမ်း ငေးစိုက်ကြည့်နေပုံက မှုန်နံ့သာစိတ်ကို ချင့်မရဲ ဖြစ်လာရသည်အထိပင်။

စားပွဲဝိုင်းတစ်လုံးတွင် သူတစ်ယောက်တည်း ထိုင်နေသည်ကို ကြည့်ရတာနှင့် ဒီလူသည် မွေးနေ့ပွဲ သို့တစ်ယောက်တည်း လာသည်ဆိုတာလည်း ခန့်မှန်းလို့ရပါ၏။

မှုန်နံ့သာသည် မရည်ရွယ်ပါဘဲ သူနှင့်ပတ်သက်သည့် အတွေးများ ရင်ထဲ ဝင်ရောက်လာရသည်။

တစ်ဆက်တည်း ဒီလူနှင့်ပတ်သက်သည့် အတွေးများ ဝင်လာရသော သူမကိုယ်သူမလည်း အံ့သြမှုတွေနှင့် မကျေမနပ် ဖြစ်သွားရသည်။

ဘာကြောင့် မှုန်နံ့သာသည် ယခုမှမြင်တွေ့ရသည့် သူစိမ်းလူတစ်ယောက်အကြောင်းကို တွေးနေရတာပါလိမ့်လို့လည်း မှုန်နံ့သာ ကိုယ့်ကိုယ်ကို မကျေမနပ်တွေးနေမိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ်ကို အားမလိုအားမရ မကျေမနပ်အတွေးစိတ်လေးနှင့် သူ့ထံကို မရည်ရွယ်ပါဘဲ သူမအကြည့်လေးများ နောက်တစ်ကြိမ် ရောက်ရှိသွားရပြန်တော့ . . .

"အို"

ဒီလူ သေတော့မှာပါပဲလား။

ယခုထက်တိုင် အကြည့်များ မလွှဲသေးဘဲ သူမအား စူးစူးနင့်နင့်ကြီး ကြည့်နေပုံက သူ့မျက်နှာကြီးကို လက်သည်းနှင့် ကုတ်ခြစ်ပစ်ချင်စရာမို့ မှုန်နံ့သာသည် နှုတ်ခမ်းလေး အလိုလို စူလာရပြီး မျက်စောင်းလှလှလေးတစ်ချက်ကလည်း သူ့ထံကို အလိုလိုရောက်ရှိသွားရသည်။

"အဟွန်း ဟွန်း ဟွန်း"

မထင်မှတ်ဘဲ မှုန်နံ့သာထံမှ ပျံ့ဝဲလာသော မျက်စောင်းလှလှလေးကြောင့် နေသူရိန်၏မျက်နှာချောချောကြီးမှာ ပြုံးယောင်သမ်းသွားရာမှ သဘောတကျနှင့် ခပ်လွန့်လွန့်ရယ်မောမိလိုက်သည်။





ဖြူစင်လိုက်တာ။

သည်မိန်းကလေးပုံစံက ဘယ်လောက်များ ရိုးသားဖြူစင်လိုက်သလဲဆိုတာ။ သူ၏လွန်သွားရသော အကြည့်များကြောင့် သူ့အပေါ် မကျေနပ်သလို ကလေးတစ်ယောက်၏ဟန်နှင့် မျက်စောင်းလေးထိုး၊ နှုတ်ခမ်းလေးစူနေပုံက တကယ့်ကို ပီဘိကလေးငယ်တစ်ယောက်လို ဟန်ဆောင်မှုမရှိ အပြစ်ကင်းစင်လွန်းနေရသည်ပဲလေ။

သူမပုံစံလေးက မွေးနေ့ပွဲကို လာရသည်ကိုပင် စိတ်မှာ ရှုပ်ထွေးနေသလိုမျိုး၊ မျက်ခုံးနက်နက်တန်းတန်းလေးက ခပ်ကွေးကွေးလေးကုပ်လျက် စိတ်ကျဉ်းကျပ်နေရသလို နှုတ်ခမ်းဖူးဖူးစူးစူးလေးကို ဖိကိုက်ထားပုံက နေသူရိန်မျက်ဝန်းထဲမှာတော့ သူတွေ့ဖူးသော မိန်းကလေးများနှင့် တခြားစီ အရမ်းကို ဖြူစင်သား ရှင်းသန့်လွန်းနေရသည်ပဲလေ။

ကြည်စင်သော မျက်ဝန်းလေးနှင့် သူမပုံစံလေးက နေသူရိန်ကို ထူးထူးခြားခြား ဆွဲဆောင်နေရသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ၊ သူမပုံစံလေးက သူ့အတွက် ဘယ်လောက်များ အသည်းယားဖို့ ကောင်းလိုက်ပါသညလဲဆိုတာ။

ကြော့ကြော့လေးထိုင်နေသည့် သူမပုံစံက မြင့်မားသောအရပ်ကို ပိုင်ဆိုင်ထားသူမှန်း သိသာနေရသလို အချိုးကျပြေပြစ်လွန်းသည့် ခန္ဓာကိုယ်ကောက်ကြောင်းအလှကလည်း ပြေပြစ်တင့်တယ်လွန်းလျက် ဝင်းဝါသောအသား၊ ကြည်စင်သောမျက်ဝန်း၊ ထူထဲကာပေါ်လွင်သော မျက်ခုံးလေးနှင့် နှာတံစင်းစင်းလေးကကြီးပုံ နှုတ်ခမ်းဖူးဖူးလေးနှင့် လွန်စွာလိုက်ဖက်လှပလွန်းနေရသည်။

ပျော့ပျောင်းသော ရွှေညိုရောင်ဆံပင်ညိုလေးများကလည်းပခုံးတစ်လျှောက် ဝဲဖြာလျက် သူမပုံစံလေးက မျက်စိမလွှဲ ငေးကြည့်ချင်စရာကောင်းအောင် လွန်စွာလှပနေရကာ အဝေးက မြင်ရတာနှင့်ပင် သူမအလှများက ထင်းခနဲ ရှင်းခနဲ ပေါ်လွင်လျက်သူမအလှက မြင်သူတကာကို ဆွဲဆောင်လွန်းနေသည်။

ကြည့်ရတာ သူမလေးလည်း ဒီမွေးနေ့ပွဲကို အဖော်မပါ





တစ်ယောက်တည်း လာရှာသည်ထင်ပါရဲ့။

ဒါပေမဲ့ သူမပုံစံလေးက စိတ်မှာ ရှုပ်ထွေးနေသည့်ဟန်။ ဒီလို လူစည်ကားသည့် မွေးနေ့ပွဲကို လာရသည့်အတွက် သူမပုံစံက စိတ်လှုပ်ရှားနေသည့်အသွင်။

မှန်အစ်အစ်လေးဖြစ်နေသည့် သူမမျက်နှာလေးကိုကြည့်ပြီး နေသူရိန် မျက်နှာချောချောကြီးမှာ ပြုံးယောင်သမ်းလာရသည်နှင့်အမျှ သူ့အကြည့်များကလည်း သူမလေးထံမှာ မခွာနိုင်အောင်ရှိလာရသည်။

ကြည့်နေရင်းက နေသူရိန် ရင်ခုန်သံတွေ မြန်ဆန်လာရသည်။

နေသူရိန်ဆိုတာက မိန်းမချော မိန်းမလှမြင်တိုင်း ရင်ခုန်စိတ်လှုပ်ရှားတတ်သူ မဟုတ်။

ကျိုကျိုတက်ချမ်းသာသည့် မိဘမျိုးရိုးမှ တစ်ဦးတည်းသောသားဖြစ်နေသည့် နေသူရိန့်အနားတွင် သူ မရူးဆွတ်ခင်ကတည်းက ညွှတ်ချင်နေကြသည့် မိန်းကလေးများစွာရှိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ကြည်စင်ရွှန်းလက်သည့် မျက်ဝန်းပိုင်ရှင် ဖြူစင်လွန်းသည့် မိန်းကလေးကိုတော့ နေသူရိန် မတွေ့မမြင်ခဲ့ဖူးပါ။

စီးပွားရေးလောကတွင် နာမည်ရကာ ငွေကြေးကိုကိုတက် ချမ်းသာသည့် နေသူရိန်သည် မိဘများမရှိတော့ကတည်းက စီးပွားရေးလောကထဲကို ဝင်ခဲ့ပြီး အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်လည်း ဖြစ်ခဲ့သည်။

ပညာတတ် ရုပ်ချောသလို ငွေကြေးပြည့်စုံချမ်းသာသည့် နေသူရိန်သည် ယောကျ်ားပီသသူလည်းဖြစ်သည်။

သည်လို အစစအရာရာ ပြည့်စုံနေသည့် နေသူရိန်အနားတွင် မိန်းမချော မိန်းမလှလေးများစွာ ရှိနေပေမယ့် နေသူရိန်ကတော့ဖြင့် နည်းနည်းလေးမှ မတုန်လှုပ်ခဲ့ပါပေ။

နေသူရိန်ဘဝတွင် အသက်သုံးဆယ်ကျော် ယခုအချိန်ထိ အချစ်ရေးဆိုတာကို စိတ်မဝင်စားသလို ဘယ်မိန်းမတစ်ယောက်ကြောင့်လည်း ရင်မခုန်ခဲ့ပါ။

စီးပွားရေးလောကတွင် နာမည်ကောင်းတစ်ခုနှင့် အချိန်





များစွာကို ဖြတ်သန်းခဲ့ရသည့်မို့ သူ့အတွက် မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားဖို့ဆိုတာလည်း အချိန်မရှိခဲ့ပါ။

တစ်နေ့တစ်နေ့ များလှစွာသော အလုပ်များကြားတွင် နစ်နေရသော နေသူရိန်သည် အချစ်ဆိုတာကိုလည်း မစဉ်းစားခဲ့ပါ။

ဒါကြောင့်လည်း သူ့အနားတွင်ရှိနေပါသော မိန်းမချော မိန်းမလှပေါင်းများစွာကို သူငယ်ချင်းမိတ်ဆွေဆိုသည့် အဆင့်ကလွဲပြီး အားလုံးကို ထိုအဆင့်ထက်မပိုအောင် နေခဲ့လေသည်။

နေသူရိန်၏ခံယူချက်က ကိုယ်တကယ်မချစ် လက်မထပ်နိုင်ပါဘဲ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ သူ့ကြောင့် မထိခိုက်မနစ်မွန်းစေချင်ပေ။

ထိုခံယူချက်အတိုင်းလည်း နေသူရိန်သည် မိန်းမချော မိန်းမလှလေးများနှင့် ခပ်ကင်းကင်း ရှင်းလင်းစွာနေခဲ့ကာ ကိုယ့်ကိုယ်ကို အချစ်ရေးနှင့်ပတ်သက်လာလျှင် တည်ငြိမ်လှပါသည်ဟု ဆင်ထားခဲ့သမျှ ခုတော့ ကလေးဆန်ကာ ချစ်စဖွယ်အပြုအမူ



www.burmeseclassic.com

www.burmeseclassic.com



လေးများဖြင့် အပြုံအမူလေးများဖြင့် အပြစ်ကင်းစင်လွန်းသည့် သူမလေးကို မြင်လိုက်ရသည့်အခါမှာတော့ တစ်သက်လုံး တည်ငြိမ်ခဲ့ပါသည်ဟု ထင်ထားခဲ့သည့် သူ့နှလုံးသားက လှိုက်ခုန်ပွစ္စေးလာကာ ရင်ခုန်သံတွေက အတားအဆီးမရှိ မြန်ဆန်လာရသည်။

ထူးဆန်းလိုက်တာ။

သည်အဖြစ်က သူ့အတွက် တကယ်ကို ထူးဆန်းလွန်းသည့် အဖြစ်ပါပဲလား။

ရေးရေစက်ရယ်လို့ ပြောရမည်လား မသိပါ။ သူမလေးကို မြင်မြင်ချင်း ချစ်မိသည့်အဖြစ်က ရင်မှာ နက်နက်ရှိုင်းရှိုင်း သွေးအလိုလို ဖြစ်ပေါ်လာရသည့်အဖြစ်။

ကလေးဆန်ကာ ဖြူစင်ရှင်းသန့်လွန်းသည့် ဒီမျက်နှာလှလှလေးကို မြင်လိုက်သည့်ခဏမှာပင် သူ့ရင်ခုန်သံတွေက ထိန်းချုပ်ရ ခက်လာရကာ ဆယ်ကျော်သက် လူပျိုပေါက်လေး တစ်ယောက်လို ရင်မှာ ဖြစ်ပေါ်ခံစားလာရသော ကိုယ့်အဖြစ်ကို





ကိုယ်လည်း နေသူရိန် ရယ်ချင်သွားရသည်။

သည်ခံစားချက်တွေက သူ့ဘဝမှာ ဒီတစ်ခါသာ ဖြစ်ပေါ်လာရသည့် ခံစားမှုများ။

သူ့ခံစားချက်တွေကို ဘာမှမသိသည့် သူမလေးကတော့ သူ၏အကြည့်လွန်သွားရမှုကိုပင် ကလေးတစ်ယောက်၏ စိတ်ဆိုးသွားဟန်နှင့် နှုတ်ခမ်းလေးစူ၊ မျက်စောင်းလေးထိုးလိုက်ပုံက သူ့ရင်ထဲ ဖြစ်ပေါ်လာရသည့် အချစ်များကို ပိုမိုရှင်သန်တိုးလာစေရသည်ဆိုတာ သူမလေးကတော့ သိလိမ့်မည်မဟုတ်ပါ။

သိနေသည့် သူမှာသာ တစ်ဖက်သတ်ခံစားချက်တွေဖြင့် ရင်မှ ဝေဒနာခံစားမှုများကို ကိုယ့်ဘာသာကိုယ်ကျိတ်၍ သဘောကျရင်း ဒီမိန်းကလေးသည် တစ်ချိန်မှာ သူ၏ကြင်သူသက်ထားချစ်ဇနီးလေးဖြစ်စေရမည်ဟူ၍လည်း စိတ်မှာ တစ်ခါတည်း ဆုံးဖြတ်ချက်ချလိုက်မိသည့်အဖြစ်ကို သူမလေးသာသိပါက သူ့အား ဘယ်လောက်များ ဒေါသဖြစ်ရှာလိုက်မည်ဆိုတာတွေးရင်း နေသူရိန် ပြုံးမိသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေသူရိန်မှာ မှုန်နုံသာကို အကြည့်မလွှဲ မျက်တောင်မခတ် ငေးစိုက်ကြည့်ရင်းက သူ့အတွေးများကို သူ သဘောကျနေရသည်မို့ တည်ကြည်ခန့်ညား ချောမွေ့သော သူ့မျက်နှာချောချောကြီးမှာ အပြုံးဟဟအသွင်နှင့် ရှိနေရသည်။

ထိုစဉ်

"ကိုနေသူရိန်"

"ကြည့်စမ်း၊ ဒီမှာလာပြီး တစ်ယောက်တည်း ထိုင်နေတာပေါ့လေ၊ နှယ်နီ့မွေးနေ့ပွဲကိုလာတာ နှယ်နီတို့နဲ့လည်း ပျော်ပျော်ရွှင်ရွှင် မနေဘူးကွာ"

သူ့အနားသို့ ရောက်လာသော မွေးနေ့ရှင် နှယ်နီ၏ စကားကြောင့် နေသူရိန်သည် အားနာသွားရသလို မွေးနေ့ရှင်ဖြစ်သည့် နှယ်နီအားကြည့်လိုက်ပြီး

"အဟွန်း ဟွန်း ဟွန်း နှယ်နီကလည်းကွာ၊ ကိုယ် ဒီလိုနေတတ်တာလည်း သိရဲ့သားနဲ့၊ နှယ်နီ့မွေးနေ့ပွဲကိုလာတာပဲ ကျေနပ်ပေးပါ"





"အဟင်း ဟင်း ဟင်း ကောင်းပါပြီရှင်၊ ကောင်းပါပြီ၊ နှယ်နီ့မွေးနေ့ပွဲကို အခုလို ကိုနေသူရိန် လာအားပေးတဲ့အတွက် နှယ်နီက ကိုနေသူရိန့်ကို ကျေးဇူးတင်နေတာပါနော်၊ ဒါနဲ့ ကိုနေသူရိန် တစ်ယောက်တည်း ထိုင်နေရတာ စကားပြောဖော်လည်း မရှိဘူး၊ ပျင်းနေမှာပေါ့၊ နှယ်နီတို့နဲ့အတူ ထိုင်ပါဆိုတော့လည်း မထိုင်ဘူး"

"ရပါတယ် နှယ်နီ၊ ကိုယ်က ဒီလိုတစ်ယောက်တည်း နေရတာကို ကြိုက်လို့ပါ"

"ဟုတ်ပါပြီရှင်၊ ဒါပေမဲ့ အခုတော့ တစ်ယောက်တည်း မထိုင်ဘဲနဲ့ နှယ်နီတို့နဲ့အတူ ဟိုဘက်ဝိုင်းကို လိုက်ထိုင်ပေးပါဦးနော်၊ ကိုနေသူရိန့်ကို နှယ်နီ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်လို့ပါ"

မွေးနေ့ရှင် နှယ်နီ၏ မရမကခေါ်ဆောင်မှုကြောင့် နေသူရိန်မှာ မှုန်နုံသာထိုင်နေရာ စားပွဲဆီသို့ ရောက်လာခဲ့သည်။

နေသူရိန်မှာ မှုန်နုံသာရှိရာ စားပွဲဆီသို့ ရောက်သည်ဆိုရင်ပဲ သူသည် မှုန်နုံသာနှင့် မျက်နှာချင်းဆိုင်တည့်တည့်ခုံတွင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်လိုက်လေသည်။

မှန်နှံ့သာမှာ သူမနှင့်မျက်နှာချင်းဆိုင်တည့်တည့်တွင် လာထိုင်သည့် နေသူရိန်ကို မျက်ခုံးနက်နက်လေးကုပ်ကွေး... ကြည့်လိုက်မိသည်။

"ကိုနေသူရိန်ကို နွယ်နီ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေး... မယ်၊ ဒါက နွယ်နီ့အချစ်ဆုံးသူငယ်ချင်းတွေလေ၊ သူက သစင်... သူက မှန်နှံ့သာတဲ့"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ မှန်နှံ့သာဆိုတဲ့ နာမည်လေးက ကဗျာဆန်သလို လူကလည်း နာမည်နဲ့လိုက်အောင် ကဗျာဆန်ဆန်လေး လှတယ်"

"အို"

ယခုမှ တွေ့မြင်သိရပါသည့် လူတစ်ယောက်က သူမ အား နွယ်နီနှင့် သစင်ရှေ့တွင် တည်ကြည်စူးရှသော အကြည့် တွေနှင့် သူမအလှကို ပြောင်ချီးကျူးလိုက်သည့် နေသူရိန်စကား ကြောင့် မှန်နှံ့သာ မျက်နှာလေးတစ်ခုလုံး ရဲပလျက်၊ ရှက်စိတ်များ





...က မှန်နှံ့သာ တစ်ကိုယ်လုံးကို စီးဝင်ပျံ့နှံ့သွားရသည်။

သည်လူတော့ တော်တော် အလိုက်ကန်းဆိုးမသိသည့် လူ ...ပါလား။ ယခုမှ တွေ့မြင်သိရသည့် မိန်းကလေးတစ်ယောက်ကို ...သို့မျိုး ပြောရသည်တဲ့လား။

ရှက်စိတ်တွေနှင့် မှန်နှံ့သာ အကြည့်စူးစူးလေးက သူ့ထံ ...သို့ ရောက်ရှိသွားတော့ သူမအား ရီဝေစူးရှသော မျက်ဝန်းများဖြင့် ...ပြုံးပြုံးငေးစိုက်ကြည့်နေပါသော နေသူရိန်၏အကြည့်များနှင့် ...မျက်ဝန်းချင်း အားပြိုင်ဆုံသွားရသည်။

မှန်နှံ့သာရင်တွေ တဖျပ်ဖျပ်ခုန်သွားရသည်။ ကြည့်စမ်း ...ဦး။ ဒီလူ သူမကို ဘယ်လိုကြည့်နေပါသလဲ။ မှန်နှံ့သာမှာ ...မျက်နှာလေး မဖော်ရဲတော့အောင် ပို၍အရှက်သည်းသွားရသည်။

ကြည့်လေ။

သူ့အကြည့်တွေက သူမအပေါ် ဘယ်လောက်များ စူးစူး ...နစ် ရှိနိုင်လွန်းသည်ဆိုတာ။

မှန်နှံ့သာဘဝတွင် ဘယ်ယောက်ျားတစ်ယောက်နှင့်မှ



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ကာ ရင်ခုန်စိတ်လှုပ်ရှားခြင်းမျိုး မရှိခဲ့သမျှ ခုတော့ အကြည့်ရဲရဲနှင့် ကြည့်တတ်သည့် သူ့အကြည့်နှင့် သူ့စကား ကြောင့် ရင်မှာ တသိမ့်သိမ့် လှုပ်ရှားခဲ့ရသည်။

နှယ်နီနှင့် သခင်ကတော့ မှုန်နံ့သာနှင့် နေသူရိန် ထူးခြားမှုကို မသိဟန်ပြုကာ အပြုံးများနှင့် သူတို့နှစ်ဦးကို ကြည့် ပြီး

"မှုန်နံ့သာလည်း မှတ်ထားနော်၊ ဒါ ကိုနေသူရိန် ကိုနေသူရိန်က"

"ကျွန်တော်က ကုမ္ပဏီမှာအလုပ်လုပ်ပါတယ်၊ သူ ကုမ္ပဏီမှာကပ်ပြီး အလုပ်လုပ်ရတဲ့ ကျွန်တော့်ကို မှုန်နံ့သာ မိတ် အဖြစ် အသိအမှတ်ပြုချင်ပါ့မလား မသိဘူး"

"ဟင်"

နှယ်နီ့ထံမှ မိတ်ဆက်စကားမှမဆုံးသေး။ နှယ်နီ့စကား ကို ကြားဖြတ်ကာ ဝင်ပြောလိုက်သည့် နေသူရိန်၏စကားကြော မှုန်နံ့သာမှာ တအံ့တဩနှင့် သူ့ကိုကြည့်မိသွားရသည်။

သူများကုမ္ပဏီမှာ အလုပ်လုပ်ရပါသည်ဆိုတဲ့ စကားက သူ့နှုတ်က ကိုယ်တိုင်ဖွင့်ပြော၍သာ မှုန်နံ့သာ ယုံရပါသည်။ သူ့ အားနှင့် သူ့ပုံစံကတော့ ယုံရခက်ခက်။

ချောမောသန့်ပြန့်ကာ လူကြီးလူကောင်းတစ်ယောက် အသွင်အပြင်နှင့် တည်ကြည်ခန့်ညားလွန်းသော သူ့ရုပ်သွင်နှင့် သူ့အမူအရာ သူ့ပုံစံများက သူများကုမ္ပဏီမှာ ကပ်ပြီး အလုပ်လုပ် နေရသူတစ်ယောက်တဲ့လား။

ကြားရသမျှ မယုံနိုင်စရာဖြစ်ပေမယ့် မယုံလို့ကလည်း ပေါ့။

တချို့ဆို လုပ်ရသည့်အလုပ်နှင့် ရုပ်ရည်က မလိုက်ဖက် အောင် ဘဝပေးအကျိုးမကောင်းသူများကိုလည်း မှုန်နံ့သာ မြင် တွေ့ခဲ့ဖူးပါသည်။ ယခု သူမရှေ့က သူသည်လည်း သူ့ရုပ်ရည် အတတ်ထိုင်တတ်ပုံနှင့် တခြားစီ မလိုက်ဖက်အောင် ဘဝအကျိုး ပေး မကောင်း၍ သူများကုမ္ပဏီမှာကပ်ပြီး အလုပ်လုပ်နေရပါသည် ဆို၍သာ ယုံရပါမည်။ သူ့ပုံစံ သူ့အပြောအဆို အမူအရာများအ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် ပညာတတ် ပိုက်ဆံချမ်းသာသည့် သူဌေး
တစ်ယောက်၏ သွင်နှယ်။

ထိုအသွင်တွေနှင့် မလိုက်ဖက် မတင့်တယ်သည့် သူ့
ဘဝကိုကြားပြီး မှုန်နံ့သာ သူ့အပေါ် သနားကရုဏာဖြစ်သွား
သည်။

ဒါကလည်း မှုန်နံ့သာ၏ ပင်ကိုနူးညံ့သောစိတ်ထား
ကြောင့်ပင်ဖြစ်လေသည်။

ပန်းလေးတစ်ပွင့်လို နူးညံ့သိမ်မွေ့သော မှုန်နံ့သာသည်
လူကတင် နူးနူးညံ့ညံ့နှင့် လှပသည်မဟုတ်ပါ။ သူမ၏စိတ်
သဘောထားသည်လည်း လူတစ်ဖက်သားအပေါ် သနားကြင်နာ
ကရုဏာဖြစ်တတ်သူဖြစ်သည်။

ဒါကြောင့်လည်း မှုန်နံ့သာသည် စောစောက သူ့အပေါ်
မကြည်မလင်ဖြစ်ရသည့် စိတ်များပင် ပျောက်ကွယ်လျက် ထို
အစား သူ့အပေါ် သနားကရုဏာ ကိုယ်ချင်းစာစိတ်လေးများ
တိုးဝင်လျက် သူ့အား အကြည့်ခပ်ဝေးဝေးလေးဖြင့် ကြည့်မိသွား





သည်။

မွေးနေ့ပွဲကအပြန်မှာတော့ မှုန်နံ့သာရင်ထဲ နေသူရိန်ဆို
သည့် လူတစ်ယောက်၏ အကြောင်းက ရင်ထဲ မဖိတ်ခေါ်ပါဘဲ
အလိုလိုပါလာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

“မှုန်နံ့သာ မင်းကိုတွေ့ချင်လို့တဲ့၊ လူတစ်ယောက် လိုက်ရှာနေတယ်”

“ဘယ်သူလဲ”

“မသိဘူး၊ ဒါပေမဲ့ ပုံစံကတော့ ခပ်ချောချော ခပ်မိုမိ အဲဒီလူက ဘယ်သူလဲ မှုန်နံ့သာ”

“ဘယ်သူလဲ၊ ကိုယ်မှမတွေ့သေးတာ”

နိုင်စကားကို မှုန်နံ့သာသည် စဉ်းစားမရသလို မျက်မှောင် ကြုတ်ကာ ဖြေလိုက်သည်။

“ကဲ ဒါဆို ဘယ်သူလဲဆိုတာ မင်း သွားကြည့်လိုက်





ဦး မှုန်နံ့သာ၊ ကင်တင်းမှာ သူရှိတယ်”

မှုန်နံ့သာမှာ ဘယ်သူများ သူမကိုရှာနေပါလိမ့်ဟူသော အတွေးလေးနှင့် ကင်တင်းသို့လျှောက်လာခဲ့ရာ

“မှုန်နံ့သာ”

“ရှင်”

မှုန်နံ့သာမှာ သူမနာမည်ကို နောက်ပါးမှ တီးတိုးခေါ် လိုက်သံကြောင့် ကိုယ်လေး ဆတ်ခနဲတွန့်တုန်သွားရသလို သူမ အကြည့်လေးများကလည်း နောက်ပါးဆီသို့ ဖျတ်ခနဲ ရောက်ရှိ သွားရာ

“ဟင်”

မျက်ဝန်းလှလှလေး ပြူးကျယ်ဝိုင်းစက်သွားရတဲ့အထိ မှုန်နံ့သာ အံ့သြသွားရသည်။

မြတ်စွာဘုရား။

သူမနောက်ပါးတွင် မားမားကြီးရပ်လျက် မတည်မပြုံး အကြည့်စူးစူးကြီးတွေဖြင့် သူမအား ကြည့်နေပါသော နေသူရိန်။



www.burmeseclassic.com

www.burmeseclassic.com



မှုန်နံ့သာမှာ မထင်မှတ်သည့်လူကို ရုတ်တရက် တွေ့လိုက်ရသောကြောင့် အံ့သြမှုတွေနှင့် မှင်တက်သွားရာမှ ရင်တွေလည်း တဒိတ်ဒိတ်နှင့် ဆောင့်ခုန်လာရကာ သူ့အား ဘာပြောရမှန်းလည်း မသိအောင် ဖြစ်သွားရသည်။

"ဦးနေသူရိန်"

သူ့နာမည်အား အထစ်ထစ် အငေါ့ငေါ့ခေါ်ကာ သူ့အား မြင်၍ အံ့သြနေရသော မှုန်နံ့သာကိုကြည့်ပြီး နေသူရိန်၏ တည်ငြိမ်ခန့်ညားသော မျက်နှာကြီးမှာ ပြုံးဟဟအသွင်ရှိလာကာ

"အဟွန်း မှုန်နံ့သာကြည့်ရတာ ကျွန်တော့်ကိုတွေ့လို့ အံ့သြနေတယ်နဲ့တူတယ်"

"ဟုတ်လေ ရုတ်တရက်ဆိုတော့"

"ဘာလဲ အံ့သြသွားတယ်ပေါ့"

"အို"

ဆေးကျောင်းသူဖြစ်သော မှုန်နံ့သာထံ ဖိတ်ခေါ်ခြင်းမရှိပါဘဲ ရောက်ရှိလာသော နေသူရိန်ကို မှုန်နံ့သာမှာ အံ့သြရိပ်သမ်း





နေသော ကြည်စင်ရွှန်းလက်နေသည့် မျက်ဝန်းပြာလဲ့လဲ့ကြီးနှင့် ခပ်ငေးငေးလေးကြည့်လာသော မှုန်နံ့သာအား နေသူရိန်သည် ချစ်မြတ်နိုးမှုတွေနှင့် ပြန်ကြည့်ရင်းက ရင်မှာ တသိမ့်သိမ့်တုန်ခါလာရသည်။

"ကျွန်တော် တောင်းပန်ပါတယ် မှုန်နံ့သာ"

"ရှင် ဘာအတွက်လဲ"

"မှုန်နံ့သာ မဖိတ်ခေါ်ဘဲ အခုလို မှုန်နံ့သာဆီကို ရောက်လာတဲ့အတွက်ပေါ့"

"အို"

သူ့စကားကို သူမ ဘာပြန်ဆိုရမှန်း မသိပါ။

ရှက်ရွံ့အားနာသွားရသလို ခေါင်းလေးငုံ့ဆင်းသွားရသည့် မှုန်နံ့သာကိုကြည့်ပြီး နေသူရိန်ရင်ထဲ ချစ်ခြင်းတွေ ပို၍ လှိုက်ဖြာတက်လာရသည်။

"ဟုတ် ထိုင်ပါလေ ဦးနေသူရိန်"

"ကျွန်တော်လာတာ မှုန်နံ့သာအတွက် အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ပါဘူးနော်"

"မဖြစ်ဖါဘူး ဦးနေသူရိန်၊ ထိုင်ပါ"

ခုံတစ်လုံးတွင် ဝင်ထိုင်ရင်းက သူ့အား မျက်လွှာလေးချကာ ဖြေနေသည့် မှုန်နံ့သာကို နေသူရိန် ကြည့်မဝနိုင်အောင်ဖြစ်သွားရသည်။

ဖွေးဖွေးစင်စင်နှင့် ကြည်စင်နုထွေးလွန်းသည့် မျက်နှာလေးက ဘယ်မျှချစ်ဖို့ကောင်းနေရပါသည်ဆိုတာ။

အကြောစိမ်းလေးများပင် မြင်နေရသည့် ဝင်းဝါသောအသားပေါ်တွင် ပန်းသွေးနုရောင် ဇာအပါးလေးတွေကို အထပ်ထပ်ကပ်ကာ ချုပ်ထားသည့် အင်္ကျီလေးက သူမနှင့် လွန်စွာလိုက်ဖက်နေရုံမက နေသူရိန် မျက်ဝန်းထဲမှာတော့ ကလေးတစ်ယောက်လို အရမ်းချစ်ဖို့ကောင်းနေရသည်မို့ နေသူရိန်သည် မှုန်နံ့သာထံမှ အကြည့်များကို မလွှဲနိုင်အောင် ရှိနေရလေသည်။

ချစ်သည်ဆိုတဲ့စကားက သူ့အတွက် မလုံလောက်နိုင်တော့ပါ။ သိပ်ချစ်ပါသည်ဆိုတဲ့စကားနှင့် ရင်မှာ နင့်နင့်သည်းသည်း





ချစ်သွားခဲ့ရသော နေသူရိန်မှာ မှုန်နံ့သာကို သိပ်ချစ်လွန်း၍လည်း သူမရှိရာကျောင်းကိုပင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

"ကျွန်တော်လာလို့ မှုန်နံ့သာ စာသင်ပျက်သွားပြီနဲ့တူတယ်"

"ရပါတယ် အခုလေးတင် အတန်းပြီးသွားတာ"

"ဒါဆို တော်သေးတာပေါ့၊ ဩော် ဒါနဲ့ မှုန်နံ့သာ"

"ရှင်"

"ကျွန်တော့်ကိုတော့ စိတ်မဆိုးပါဘူးနော်"

"ဘာလဲ ဦးနေသူရိန်"

"မှုန်နံ့သာ့ရှိရာကို ကျွန်တော် ရောက်လာလို့လေ"

"ဒါ စိတ်ဆိုးစရာမှမဟုတ်ဘဲ"

"တကယ်လား၊ ဟာ တော်သေးတာပေါ့ဗျာ၊ ကျွန်တော့်မှာဖြင့် စိတ်ပူလိုက်ရတာ၊ မှုန်နံ့သာဆီက အခုလိုမျိုးစကားကြားမှပဲ စိတ်အေးရတော့တယ်၊ တစ်ဆက်တည်း ခွင့်ပန်ပါရစေ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှုန်နှံ့သာဆီ အခုလို မကြာခဏ လာလည်လို့ရမလား ဆိုတာ''

''ရပါတယ်''

''ဝမ်းသာလိုက်တာဗျာ''

''ရှင်''

''အဟွန်း မှုန်နှံ့သာ ခွင့်ပြုတဲ့အတွက်လေ''

''အို''

''အဟွန်း ဟွန်း ဟွန်း''

နှုတ်ခမ်းလေးဟာကာ ရှက်ယောင်ဝဲဝဲ မျက်ဝန်းလေးနှင့် ခေါင်းလေးငုံ့ဆင်းသွားရသော မှုန်နှံ့သာကို နေသူရိန်သည် အသည်းယားယားကြီး ဖြစ်သွားရလေသည်။

မှုန်နှံ့သာမှာ သူမအား ဘာစကားမှမဆိုဘဲ အပြုံးချောချောကြီးနှင့် ငေးစိုက်ကြည့်နေသော နေသူရိန်၏အကြည့်တွေကြောင့် လူက သူ့ရှေ့တွင် အနေရခက်လာရသည်လို သူ့ရှေ့တွင်ရှိနေသည့် ကိုယ့်ကိုယ်ကိုလည်း မလုံမလဲဖြစ်လာရသည်မို့ မျက်လွှာလေးချ





လျက် ခေါင်းကိုသာ တွင်တွင်ငုံ့ထားမိလိုက်သည်။

သူမရင်ထဲမှာတော့ နေသူရိန်၏ အပြုအမူများအတွက် အံ့ဩနေရတော့သည်။

နေသူရိန်ဆိုသည့်လူကို မှုန်နှံ့သာသည် သူမထံ အခုလို ရောက်လာလိမ့်မည်လို့ မထင်ခဲ့ပါ။

ယခု မထင်ထားသည့်လူက သူမထံ ရောက်ရှိလာရုံမက သူ့အကြည့်နှင့် အပြောတွေက သူမအပေါ် ရင်းနှီးကျွမ်းဝင်နေသည့်နှယ် ဆိုလာသည့်အခါမှာတော့ မှုန်နှံ့သာ၏ နှလုံးသားနုနုဆွေးထွေးလေးသည်လည်း အလိုလိုလှုပ်ရှားလာရပြီဖြစ်သည်။

ဒါကြောင့်လည်း မှုန်နှံ့သာသည် သူနှင့်အကြည့်ချင်းမဆုံဘဲ မျက်နှာလေးကို ခပ်လွဲလွဲလေးထားရင်းက ခေါင်းငုံ့နေလိုက်သည်။

ဒါကိုပင် မချင့်မရဲနှင့် အသည်းယားယားဖြစ်ရသူ နေသူရိန်မှာ သူ့အဖြစ်ကို သူလည်း သနားလို့မဆုံး ဖြစ်လာရသည်။

သည်အဖြစ်တွေကိုသာ သူသူငယ်ချင်း မိတ်ဆွေအပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်းများသိပါက ဘာပြောကြမည်မသိပါ။

ပြောလည်း ပြောကြပါစေတော့၊ သူ ဂရုမစိုက်နိုင်တော့ပါ။ သူ့အနားမှာ အရွယ်စုံ အလှစုံ မိန်းမချောမိန်းမလှပေါင်းများစွာ ရှိပါလျက်နှင့် ထိုမိန်းမလှတွေကို တစ်ယောက်မှ ဂရုမစိုက်ခဲ့သမျှ ယခု သူမနှင့်ကျတော့ သူ့အဖြစ် ပြောင်းပြန်။

ကလေးဆန်သည့် သူမကို တွေ့ပြီးမှ သူလည်း လူငယ်တစ်ယောက်လို ကလေးဆန်ဆန် ပြုမူနေရသည့်အဖြစ်များက ကိုယ့်အဖြစ်ကို ကိုယ် နေသူရိန်သည် ကြည်နူးစိတ်နှင့် ရယ်ချင်လာရသည်။

သြော် ကလေးဆန်သော ချစ်သူကိုမှ ချစ်မိသွားရတော့လည်း သူသည်လည်း ကလေးဆန်ရတော့မည်ပေါ့။

ကိုယ့်ဆီလာသည့် ဧည့်သည်ကို ဧည့်ခံရမှန်းမသိနှုတ်ဆိတ်နေသော မှုန်နံ့သာကို နေသူရိန်သည် အားမလိုအားမရေ ဟန်နှင့် ငေးစိုက်ကြည့်မိသွားရသည်။

သူ့ချစ်ရပါသော ချစ်သူလေးသည် သိပ်ကိုဖြူစင်ရိုးသား





လေးပါလားဆိုသော အသိက သူ့ရင်ကို ပို၍ ကြည်နူးကြည်စေရသည်။

နေသူရိန့်ထံမှ အခုလို အခွင့်အရေးမျိုး လိုချင်ကြသည့်ချောပေါင်းများစွာရှိပေမယ့် ယခု သူ့ရှေ့က မှုန်နံ့သာဆိုသည့်မလေးကတော့ဖြင့်..။

သက်မမောတစ်ချက်ကို နေသူရိန့် ခပ်ပြင်းပြင်း ရှိုက်ထုတ်တ်မိသည်။ ဒီနောက် သူ၏ တည်ကြည်စူးရှသော အကြည့်က မှုန်နံ့သာထံ ရောက်ရှိသွားပြီး

"မှုန်နံ့သာ"

"ရှင်"

"ကျွန်တော်ရောက်လာလို့ မှုန်နံ့သာ စိတ်ညစ်နေလားင်"

"ဟင့်အင်း မဟုတ်ပါဘူး"

နေသူရိန်အမေးကြောင့် မှုန်နံ့သာ သူ့ကိုအားနာသွားရည်။ တကယ်ဆို သူမဘက်က ကိုယ့်ဆီလာသည့် ဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အပေါ် ဒီထက်မက တာဝန်ကျေသင့်ပါ၏။

ခုတော့ သူ့ကိုရှေ့ထားကာ သူမတွင် စကားတွေ

သလို။ သေချာသည်က သူမ သူ့ကြောင့် ရင်ခုန်စိတ်လှုပ်

နေခြင်းဆိုတာပင်။

"မှုန်နှံ့သာဆီကို ကိုယ် မကြာခဏ လာလည်မယ်နော်"

ဘုရားရေ

ကြည့်စမ်းပါဦး။

သူ့ကိုယ်သူ ကျွန်တော်လို့ ပြောနေရာမှ ကိုယ်လို့

လာတာကြောင့် မှုန်နှံ့သာ မျက်နှာလေး ရဲသွားရသည်။

ဒါကို သူက သတိမထားမိဘဲ

"ပြောလေ မှုန်နှံ့သာ၊ ကိုယ် လာလို့ရမလားဆိုတာ"

သည်လူ ခွတ်ကြီးပါပဲလား။

"ဟို ကျွန်မက ကျောင်းတက်နေတာဆိုတော့"

"ဒါ ကိုယ့်ကို မလာစေချင်လို့ တားတဲ့သဘောလား

မှုန်နှံ့သာ"





"ဟို အဲလိုမဟုတ်ပါဘူး"

"ဒါဖြင့်"

"ကျွန်မအားတဲ့အချိန်တော့ တွေ့လို့ရပါတယ်"

"အခုလိုတွေ့ခွင့်ပေးတာ ကျေးဇူးတင်ပါတယ် မှုန်နှံ့သာ၊ ဒါပေမဲ့ ကိုယ်လာရင် မှုန်နှံ့သာ ကိုယ့်ကို ရှောင်မနေရဘူးနော်"

"အို"

သူ့စကားက ဘာပါလိမ့်။ သူနှင့်သူမ၏ ရင်းနှီးပတ်သက်မှုက ဘာမို့ သူ ဒီစကားပြောရသည်ဆိုတာ မသိပေမယ့် သူမအပေါ် ပြောဆိုနေသည့် သူ့စကားတွေကတော့ သူမနှင့်သူ ဟိုးအတည်းက ခင်မင်ရင်းနှီးလာသလိုမျိုး တရင်းတနှီးမှ တကယ့်ကို တရင်းတနှီး နွေးထွေးလှိုက်လှဲလွန်းနေတာကြောင့် မှုန်နှံ့သာ အနေခက်လာရမှုနှင့်အတူ မျက်နှာလှလှလေးမှာလည်း သူ့ရှေ့တွင် ထားတတ်အောင် ရှိလာရသည်။

"ဟိတ် ဘယ်လိုလဲကွ၊ ကိုယ့်ကို စကားမပြောတော့ဘူးလား၊ ဒီလိုပဲ ကိုယ်ဆီလာတဲ့ ဧည့်သည်ကို ထားတော့မှာ



www.burmeseclassic.com

www.burmeseclassic.com



လား''

အင်း ဒါတော့ သူမဘက်က လိုသွားသည်ထင်ပါ၏။ တကယ်ဆို သူမအနေနှင့် ကိုယ့်ဆီလာသည့် ဧည့်သည်တစ်ယောက် အပေါ် ဒီထက်မက ဧည့်ဝတ်ကျေသင့်သည် မဟုတ်ပါလား။

''ဦးနေသူရိန် တစ်ခုခုစားလေ၊ ဘာစားမလဲဟင်''

''အဟွန်း နေပါစေဗျာ၊ ကိုယ်က မှုန်နှံ့သာကို အလကား စတာပါ၊ တော်ကြာ ဒီဧည့်သည် လာရှုပ်တယ်၊ နောက်လာရင် မတွေ့မှာဘဲဆိုပြီး ကိုယ့်ကို အတွေ့မခံဘဲ နေနေပါဦးမယ်''

''ဟင်''

ပြုံးဟဟအသွင်နှင့် ဆိုလိုက်သည့် သူ့စကားက ဘာ လိုမို့ မှုန်နှံ့သာ နှလုံးသားလေး လှုပ်ခါသွားရသလို မျက်နှာလေး မှာလည်း ရဲပတောင်းခတ်သွားရသည်။

''ပြောလေ၊ ကိုယ့်ကို ရှောင်နေမှာလား မှုန်နှံ့သာ''

စကားကို ချည်ပြီးတုပ်ပြီး အပိုင်ပြောကာ သူ လူလည် ကျပုံကြောင့် မှုန်နှံ့သာ နှုတ်ခမ်းလေး အလိုလိုစူလာရပြီဖြစ်သည်။





ကြည့်စမ်း။

လူကြည့်တော့ ရိုးပုံရိုးလက်နဲ့ လူက စကားကို ဒီလောက် ပြောတတ်သည်တဲ့လား။

စကားပြော ဘယ်လောက်လိမ္မာပါးနပ်လိုက်သည်လဲဆို တာ လူကို မလှုပ်သာအောင် စကားနှင့်တုပ်နှောင်လိုက်ပုံကြောင့် နှံ့သာမှာ သူ့ လူလည်ကျပုံကို စိတ်တိုသွားရသလိုမျိုး မျက်စောင်း လေးဝင့်ကာ သူ့အား ကြည့်လိုက်ရင်းက

''ကျွန်မ ရှောင်နေရင်ရော ဦးနေသူရိန်က မလာတော့ ဘူးလား''

''အဟွန်း ဒါတော့ ကိုယ် အာမ မခံနိုင်ဘူးဗျ၊ ဘာဖြစ် လို့လဲဆိုတော့ ကိုယ့်စိတ်တွေက မှုန်နှံ့သာဆီ အမြဲရောက်နေလို့ လေ''

သေလိုက်ပါတော့ မှုန်နှံ့သာဟုသာ မှုန်နှံ့သာ သူမကိုယ် သူမ စိတ်မှာ ကျိန်လိုက်မိတော့သည်။

တကယ်ဆို သူ့ စကားတတ်တာကို သူမ မသိမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါ။ သိပါလျက်နှင့် မှုန်နုံသာ သူ့အား မခံချင်အောင်ပြောလိုက်မိသည့် စကားက ကိုယ့်ကိုယ်ကို ပြန်၍ပတ်မိစေရသည်မို့ မှုန်နုံသာ ရှက်မျက်နှာရဲရဲလေးဖြင့် နေသူရိန်အား စကားမဆက်ရဲအောင် ဖြစ်သွားရသည်။

နေသူရိန်မှာ မျက်နှာရဲရဲလေးနှင့်အတူ နှုတ်ဆိတ်သွားရ သော မှုန်နုံသာကိုကြည့်ပြီး ရင်ခုန်သံတွေက မြန်လာရသည်။

သူ့အဖြစ်က မှုန်နုံသာနဲ့တွေ့မှ အရှုံးပေးရတော့မည့်အဖြစ် သူ့ကို ဂရုမစိုက်သလို အလေးမထားသလို ပုံစံလေးနှင့် ကလေး ဆန် ဆိုးချင်သော မှုန်နုံသာကို နေသူရိန် နှလုံးသားက မြတ်မြတ် နိုးနိုး ချစ်မိသွားပါပြီဆိုကတည်းက သူမကို အရှုံးပေးရတော့မည့် အဖြစ်ကို နေသူရိန် ကြိုပြီးတွေးထားခဲ့ပြီဖြစ်သည်။

ချစ်သူကတော့ သူ၏ဆုံးဖြတ်ချက် အတွေးများကို သိမည်မဟုတ်ပါ။ မသိသလို ကလေးတစ်ယောက်၏ အပြစ် ကင်းစင်သည့် မျက်နှာလေးနှင့် မချင့်မရဲဖြစ်ချင်စရာ သူမ အပြု အမူများက တော်ရုံရင်မခုန်တတ်သည့် သူ့ကိုပင် ရင်ခုန်သံတွေ





ထိန်လာစေရုံမက သူ့အချစ်များကိုလည်း ထိန်းချုပ်ရခက်အောင် လာစေရသည်။

"မှုန်နုံသာ ကိုယ့်ကို မိတ်ဆွေတစ်ယောက်လိုရော အသိ အမှတ်ပြုရဲ့လား"

"ပြုပါတယ်"

မိတ်ဆွေအဖြစ် အသိအမှတ်မပြုပါလို့လည်း ပြောလို့မရ ည်းအားတူ ပြုပါသည်လို့ပင် မှုန်နုံသာ သူ့အား ပြောလိုက်ရ တော့သည်။

"အဟွန်း ဟွန်း ဟွန်း အသိအမှတ်ပြုတဲ့သူကလည်း ကိုယ်ရောက်လာတာကို မကြိုက်သလိုလိုနဲ့"

ဒီလူတော့ တဆိတ် လွန်ပြီထင်ပါရဲ့။

သူနှင့်သူမဆိုတာက မိတ်ဆွေအဖြစ်နှင့်တောင် အခုမှ ခင်ခွင့်ရသူများဖြစ်သည့်အပြင် မိန်းမပျိုလေးဖြစ်တဲ့ သူမက မိန်းယောကျ်ားပျိုတစ်ယောက် လာသည်ကို ကြိုက်ပါသည်လို့ ည်ကြည်ဖြူဖြူ ပြောရမည်တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



နေသူရိန်နဲ့သိုတဲ့လူ ဒီလောက်ပဲ အလိုက်မသိဘူးတဲ့လား

မှန်းဖို့ကောင်းလိုက်တာနော်။

မှုန်နှံ့သာမှာ နေသူရိန်ကို ဒီလောက်ပဲ အလိုက်မသိရပါ မလားဆိုကာ စိတ်မှာ မကျေမနပ်ဖြစ်သွားရသည်။

နေသူရိန်ကတော့ မသိပါ။ မှုန်နှံ့သာ မျက်နှာလှလှလေး ကိုသာ တစ်ချိန်လုံး ငေးစိုက်ကြည့်ရင်း စကားတွေကို သူကပင် ဦးဆောင်ပြောသွားသည်မှာ မှုန်နှံ့သာသည် သူပြောသမျှ နားထောင် ရုံသာဖြစ်သည်။

စူးရဲလွန်းသော အကြည့်များကို ရှောင်ရှားရင်း မှုန်နှံ့သာ သည် သူပြောသမျှစကားတွေကို နားထောင်ခဲ့သည်မှာ သူ ပြန် သွားသည်အထိပင်ဖြစ်သည်။



## အခန်း (၅)

သည်ရက်များမှာ ရင်ထဲ တအုံနွေးနွေးနှင့် အခံရခက်ခက် ကြီး ဖြစ်နေရသူက နေသူရိန်ဖြစ်သည်။

သူ့ရင်အား ထိုသို့ ခံစားမှုတွေ ဖြစ်ပေါ်လာရသည်က မှုန်နှံ့သာ ဆိုသည့် မိန်းကလေးကြောင့်ပင် ဖြစ်လေသည်။

မှုန်နှံ့သာသည် သူ့ရင်ထဲတွင် အချိန်ပြည့်ရှိနေသူလေးမို့ နေသူရိန်သည် သူမမျက်နှာလေးကို မြင်တွေ့ခွင့်ရရန် သူမရှိရာ ကျောင်းသို့ လိုက်သွားပါသော်လည်း သူ တွေ့ချင်မြင်ချင်သည့် သူမကိုကား မမြင်မတွေ့ခဲ့ရပါ။

ဘာအကြောင်းပြချက်ရယ်လို့လည်း မရှိဘဲ သူ့အား



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခွင့်မပြုသောအခါ နေသူရိန်တစ်ယောက် ဘယ်သူ့ကို ဒေါသဖြစ်ရမှန်းမသိ ရင်မှာ ဒေါသတွေသာ ကျိတ်ဖြစ်နေရတော့သည်။

ထိုဒေါသတွေသည် သူမကိုလား၊ သူ့ကိုယ်သူပဲလား ဆိုတာတော့ နေသူရိန်ကိုယ်တိုင် ဝေခွဲမသိတော့ပါ။

သူသိသည်က သူမကို မြင်ချင် တွေ့ချင်စိတ်တွေ ပြင်းပြနေခြင်းပင်။

သူမလေး သူ့အား ဘာကြောင့် ရှောင်နေပါသည်လဲ။ ထိုအဖြေကို သိချင်လာရလေလေ နေသူရိန်ရင်မှာ ပို၍မချင့်မရဲ အခံရခက်ခက်ကြီး ဖြစ်လာရလေဖြစ်သည်။

သည်မိန်းကလေး ဒီလိုနည်းနှင့် သူ့ကို စိတ်ပျက်အောင်လုပ်လို့ကတော့ ရမည်မဟုတ်သလို သူ့ဘက်ကလည်း သူမကို လွယ်လွယ်နှင့် အလျှော့ပေးလိမ့်မည် မဟုတ်ပါ။

သို့သော်...

သူမကတော့ သူ့အတွေးများနှင့် ဆန့်ကျင်ဘက်။ သူမဘက်က ဒီလိုစိတ်ပျက်အောင်လုပ်ရုံနှင့် သူ လက်လျှော့သွားလိမ့်မည်လို့ တွေးထင်ထားပုံရပါသည်။

တကယ်တမ်း သူမတွင် ဒီအတွေးသာ ရှိခဲ့ပါက သိပ်မှားသွားမည်ဖြစ်ပါသည်။

နေသူရိန်ဆိုတာက ဘယ်အရာကိုမှ လွယ်လွယ်နှင့် အလျှော့ပေး အရှုံးပေးတတ်သူ မဟုတ်ပါ။

ဒါကိုလည်း သူမလေး သိလိမ့်မည်မဟုတ်။ နေသူရိန်ဆိုတာက ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်သလို ကိုယ်လိုချင်သည့် အရာကိုလည်း မဖြစ်မနေ မရရအောင် ဇွဲနှင့်ကြိုးစားရယူတတ်သူဖြစ်သည်။

ယခုလို မှန်နိုင်သာသည် သူ့အား အတွေ့မခံ ရှောင်ဖယ်နေရုံနှင့် သူ့ဘက်က လက်လျှော့အရှုံးပေးသွားလိမ့်မည်လို့ ထင်နေကြတော့ နေသူရိန်အတွက် အခံရခက်စရာဖြစ်သည်။

တစ်သက်မှာ တစ်ခါသာ ချစ်ရသည့် သူ့ရင်ထဲက အချစ်များကို သူမလေး နားလည်လက်ခံလာအောင် သူ့ဘက်က ကြိုးစားရမည်ဆိုတာလည်း နေသူရိန် သိပါ၏။







www.burmeseclassic.com

www.burmeseclassic.com



ချစ်သူထံမှ အချစ်ကိုရရှိဖို့နှင့် ချစ်သူမျက်နှာလှလှလေး ကို မြင်တွေ့ဖို့အတွက် သူ့အား ခေါင်းမာမာနှင့် ရှောင်ပုန်းနေသော ချစ်သူ၏မျက်နှာကို မမြင်ရသည့်အဆုံး နေသူရိန်သည် သူမကို တွေ့ဆုံရန် တစ်မျိုးကြံရပါတော့သည်။

ထိုသည်ကား မှုန်နံ့သာ ကျောင်းသွားချိန်ကိုစောင့်လျက် သူမကားနောက်မှ သူ့ကား ကပ်ပါလာခြင်းပင်ဖြစ်သည်။

ခြံထဲမှမောင်းထွက်လာသော မှုန်နံ့သာကားနောက်မှ နေသူရိန်ကား ကပ်ပါလာသည်ကို သူမလေးလည်း သတိမထား မိပါ။

သူမကို ကျောင်းသို့ပို့ပြီး ဒရိုင်ဘာသည် ကားပြန်မောင်း ထွက်သွားသည်နှင့်

"မှုန်နံ့သာ"

မြင့်မားသောအရပ်က သူမမျက်နှာလေးကို အုပ်မိုးလျက် သူမရှေ့တွင် မားမားကြီးရပ်ကာ ခေါ်လာသည့် နေသူရိန်ကြောင့် မှုန်နံ့သာ မျက်နှာပျက်သွားရပြီး





"ဦးနေသူရိန်"

ဟု ထိတ်လန့်သံလေးနှင့် ခေါ်လိုက်လေသည်။

"အဟွန်း ဟုတ်ပါတယ်၊ ကိုယ် နေသူရိန်ပါ"

"အို"

ထေ့ပြုံးနှင့်အတူ အကြည့်တည်တည်စူးစူးကြီးတွေက သူမမျက်နှာလေးထက် စူးစိုက်ကျရောက်ရင်း နာကျင်ခံခက်သလို ပြောလိုက်သည့် နေသူရိန်စကားကြောင့် မှုန်နံ့သာ ပို၍မျက်နှာ ပျက်သွားရ၏။

နေသူရိန်မှာလည်း သူ့အား ရှောင်ပုန်းနေသည့် မှုန်နံ့သာ ကို မျက်နှာချင်းဆိုင် မြင်တွေ့ခွင့်ရလိုက်ပြီမို့ ရင်ဝယ် နာကျင် ခံခက်မှုတွေနှင့် ကြည်နူးသွားရသည့်ကြားက

"မှုန်နံ့သာ ကိုယ့်ကို ဘာလို့ရှောင်နေတာလဲ"

"ဟင်"

နာကျင်ခံခက်ဟန်နှင့် ခပ်ကျိတ်ကျိတ် မချင့်မရဲပြော လိုက်သည့် သူ့စကားသံ ခပ်အက်အက်ကြောင့် မှုန်နံ့သာသည်

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ဘယ်သူများကြားသွားပြီလဲဟူသော မလုံမလဲစိတ် လေးနှင့် ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ တော်သေးသည်ဟု ပြောရပါမည်။ သူမတို့အနီးအနားတွင် လူရှင်းနေ၍သာ။

"ရှင် ဘယ်လို"

"ဘာလဲ၊ ကိုယ့်ကိုတွေ့လို့ အံ့သြသွားဘာလား၊ အဟွန်း ရှောင်နေတဲ့သူက ရှောင်နေမှတော့ တွေ့ချင်တဲ့သကလည်း ရအောင် တွေ့ရတာပေါ့ဗျာ၊ ပြောပါဦး ကိုယ့်ကို မှုန်နံ့သာ ဘာကြောင့် ရှောင်နေတာလဲဆိုတာ ကိုယ်သိချင်တယ်"

တင်းမာလွန်းသည့် သူ့မျက်နှာကြီးကိုကြည့်ပြီး မှုန်နံ့သာ ဘာဖြေရမှန်း မသိတော့ပါ။

ထိုသို့မသိရအောင်လည်း သူမရင်ထဲ အံ့သြမှုတွေ ဖြစ် ပေါ်နေရသည်။ ကြည့်လေ၊ သူ့ပုံစံနှင့် သူ့စကားတွေက မှုန်နံ့သာ အပေါ် ဘယ်လောက်များ ပိုင်စိုးပိုင်နင်း ဆန်လွန်းနေရသည်ဆိုတာ

တကယ်ဆို သူနှင့် မှုန်နံ့သာ ဆိုတာက တစ်ယောက် နှင့်တစ်ယောက် သာမန်ရင်းနှီးမှုကလွဲလို့ ဘယ်လိုမှသက်ဆိုင်တာ





လည်း မဟုတ်ဘဲနှင့် သူမကို သူပိုင် လူတစ်ယောက်လို ပိုင်စိုး ပိုင်နင်း မေးနေပုံကတော့ သူ့အပြုအမူတွေ သိပ်လွန်နေပြီဆိုတာ နေသူရိန်လည်း သူကိုယ်သူ သတိမထားမိပါ။

သူ့အား ရှောင်ရက်လေခြင်းဆိုသည့် နာကျင်ခံခက်သော အတွေးစိတ်များနှင့်သာ နေသူရိန်သည် မှုန်နံ့သာ မျက်နှာလှလှ လေးကို အကြည့်စူးစူးကြီးများဖြင့် တနင့်တပွေးကြီး စိုက်ကြည့် နေလိုက်သည်။

သူ့အကြည့်များကို မှုန်နံ့သာသည် မျက်လွှာလေးချ ရှောင်လအဲလိုက်ရင်းက

"ကျွန်မ ဦးနေသူရိန်ကို ရှောင်တယ်လို့ ဘာကြောင့်ပြော ရတာလဲ၊ ဦးနေသူရိန်နဲ့ ကျွန်မ အကြောင်းမတိုက်ဆိုင်လို့ မတွေ့ တာရော မဖြစ်နိုင်ဘူးလား"

"အဟွန်း ဟုတ်ရဲ့လားဗျာ"

မချိပြုံးနှင့် ခနဲ့သလို ဆိုလာသည့် နေသူရိန်စကားကြောင့် မှုန်နံ့သာ ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မှုန်နှံ့သာမှာ ပြောသာပြောလိုက်ရပါသည်။ သူ့အားရှောင်နေသည်ကို ဦးနေသူရိန် သိသွားပြီမို့ သူ့ရှေ့တွင် မလုံမလဲဟန်လေးနှင့် မျက်နှာလေးသာ ရဲရဲတွတ် နီမြန်းနေရတော့သည်။

"မှုန်နှံ့သာနဲ့ ကိုယ် စကားအေးအေးဆေးဆေးပြောချင်တယ်၊ မှုန်နှံ့သာ ကိုယ်နဲ့ခဏလိုက်ခဲ့ပါ"

"ရှင်၊ ဟို ကျွန်မ"

"ခဏပါ မှုန်နှံ့သာ"

"အို"

စကားသံနှင့်အတူ နေသူရိန်သည် စိတ်မြန်ကိုယ်မြန်နှင့်ပင် မှုန်နှံ့သာကိုယ်လေးကို ဖျတ်ခနဲဆိုသလို ကားထဲသို့ ဆွဲသွင်းလိုက်လေသည်။

သည်နောက် ကားလေးကို နေရာမှ ခပ်ကြမ်းကြမ်း မောင်းထွက်လာခဲ့ပြီးနောက် ကန်တော်ကြီးစောင်းတစ်နေရာတွင် သူ့ကားကို ထိုးရပ်လိုက်ပြီး





"မှုန်နှံ့သာ"

သူခေါ်ပေမယ့် မှုန်နှံ့သာ မထူးနိုင်။

သူ့အပြုအမူများအတွက် အံ့သြခြင်းတွေနှင့်သာ မှုန်နှံ့သာ သူ့ကို မျက်ဝန်းနက်လေးနှင့် ကြည့်နေလိုက်ပါသည်။

ဒါကိုပင် နေသူရိန်သည် အသည်းယားသွားရသလိုနှင့်

"အပျွန်း ကိုယ့်ကိုဘာကြည့်တာလဲ မှုန်နှံ့သာ့"

"အို"

သူမအား စေ့စေ့စူးစူးကြီး စိုက်ကြည့်လာကာ မေးလိုက်သည့် နေသူရိန်စကားနှင့် အကြည့်များကြောင့် မှုန်နှံ့သာနှလုံးသားသား တဆတ်ဆတ်တုန်ခါသွားရသည်။

"မှုန်နှံ့သာ"

ရဲပနေသော မျက်နှာလေးနှင့် ရှက်သွေးဖြာနေသော သူ့ကိုကြည့်ကာ ခေါ်လိုက်ပေမယ့် မှုန်နှံ့သာကတော့ သူ့ကို ကြည့်တော့ပါ။

တုန်ခါနေသော အသံလေးဖြင့်သာ



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဘာပြောစရာရှိလို့ ဒီခေါ်လာတာ ဦးနေသူရိန်"

စူးရှနက်ရှိုင်းလွန်းသည့် သူ့အကြည့်တွေကြောင့် ရက်စိ တွေနှင့် သူ့အနားက ထွက်ပြေးသွားချင်ပါသော်လည်း သူမသည် သူ့အနားက မရွေ့နိုင်ခဲ့ပါ။

သူမစိတ်ထဲတွင် သူ ဘာကြောင့် ဒီနေရာကိုခေါ်လာ သလဲဆိုတာသာ သိချင်နေရသည်။

"ဦးနေသူရိန် ကျွန်မ အတန်းတက်ရဦးမယ်"

"ကိုယ်သိပါတယ် မှုန်နံ့သာ၊ ကိုယ် မင်းကို ဒီခေါ် တာ ကိုယ့်ကိုရှောင်ပုန်းနေတဲ့ မင်းလေးကို အပြစ်ပေးချင်လို့"

"ရှင်"

"ဟုတ်တယ်၊ မှုန်နံ့သာ ကိုယ့်ကို ဘယ်လိုပဲရှောင် နေပါစေ၊ ကိုယ်ကတော့ မှုန်နံ့သာကို မြင်ချင်တွေ့ချင်တဲ့သ တော့ မှုန်နံ့သာကိုတွေ့ရဖို့ ကိုယ့်ဘက်က မဖြစ်မနေကြိုးစား ပဲ၊ ဘာဖြစ်လို့လဲဆိုတာရော မှုန်နံ့သာ သိလား"



"ဟင့်အင်း"

"မှုန်နံ့သာကို ကိုယ်သိပ်ချစ်လို့"

"ဟင်"

"ကိုယ် မှုန်နံ့သာကို ချစ်တယ်"

"အို"

မှုန်နံ့သာ အရုက်တို့ ဘယ်လောက်ထိ လွန်ကဲသွားရသည် သိပါ။ တင်းကျပ်စွာ တုပ်နှောင်ပွေ့ဖက်လာသည့် နေသူရိန် ခင်ခွင်ထဲ သူမတစ်ကိုယ်လုံး တောင့်တင်းနေရပြီး လူက မူးမေ့ တတ် ရှိနေရတော့သည်။

"မှုန်နံ့သာ"

"ဖယ် လွှတ် လွှတ်ပါ"

ရှက်သွေးတို့ဖြင့် ရှန်းဖယ်နေသည့်ကြားက သူမမျက်နှာ သလုလေးထက် သူနှင့်ပတ်သက်သည့် အရိပ်တစ်မျိုးကိုလည်း ခြင်တွေ့လိုက်ရတာကြောင့် နေသူရိန် ကျေနပ်သွားရ၏။

ထို့ကြောင့် မှုန်နံ့သာကိုယ်လေးကို သူ တင်းတင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ပို၍တွေးဖက်လိုက်ပြီး

"မှုန်နံ့သာ"

"လွှတ်၊ ကျွန်မကိုလွှတ်ပါ ဦးနေသူရိန်"

တိုးရှရီဝေသော ခေါသံတိုးတိုးနှင့်အတူ မှုန်နံ့သာ
လေးကို ဖျတ်ခနဲ ငုံနမ်းလိုက်တာကြောင့် မှုန်နံ့သာကိုယ်လေး
သူ့ရင်ခွင်ထဲတွင် ဆတ်ခနဲ တွန့်တုန်သွားရမှုနှင့်အတူ ပိုင်စိုးပိုင်
ဆန်လှသော သူ့အပြုအမူများကိုလည်း မှုန်နံ့သာ ကြောက်လန့်သွ
ရသည်။

မှုန်နံ့သာမှာ သူမကိုယ်လေးကို နေသူရိန်လက်ထဲမှ ရု
ဖယ်လိုက်သော်လည်း နေသူရိန်သည် မှုန်နံ့သာကိုယ်လေး
လွှတ်မပေးဘဲ ပို၍တင်းကျပ်စွာ ပွေ့ဖက်ညှစ်လိုက်ပြီး

"မှုန်နံ့သာကို ချစ်တယ်"

"ဟင့်အင်း၊ လွှတ်ပါ"

"မလွှတ်ဘူး"

"ရှင်နော်၊ ရှင့်ရဲ့အပြုအမူတွေက သိပ်ပိုင်စိုးပိုင်နင်းဆ





ပြီ သိလား"

"အဲဒါ ပိုင်စိုးပိုင်နင်းဆန်တာမဟုတ်ဘူး၊ မှုန်နံ့သာကို
ယ်ချစ်တာ"

"အို မသိဘူး၊ ဖယ် လွှတ်ဆို၊ လွှတ်စမ်းပါ၊ ရှင့်စကား
တွေက အဓိပ္ပာယ်မရှိဘူး သိလား"

"မှုန်နံ့သာနော်၊ ဘာလို့ အဓိပ္ပာယ်မရှိတာလဲ"

မှုန်နံ့သာစကားကြောင့် နေသူရိန် မခံမရပ်နိုင်သလို
ဖြစ်သွားကာ လူက ရှုံ့ရှုံ့ရှဲ့ရှဲ့နှင့် မျက်နှာချောချောကြီးမှာ တည်
တင်းသွားရလေသည်။

"ပြောလေ မှုန်နံ့သာ၊ ကိုယ် မင်းကိုချစ်တာ ဘာလို့
အဓိပ္ပာယ်မရှိဘူးလဲဆိုတာ"

"ရှင်စဉ်းစားကြည့်လေ၊ ရှင်နဲ့ကျွန်မ တစ်ယောက်နဲ့
တစ်ယောက်သိတာ ဘယ်လောက်ကြာသေးလို့လဲဆိုတာ"

"အဟွန်း ဟွန်း ဟွန်း မှုန်နံ့သာရယ်၊ မှုန်နံ့သာက
ဒါကြောင့် ကိုယ့်အချစ်ကို မယုံကြည်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒါလည်းပါတယ်၊ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ"

"ရှင့်ကို"

"ဗျာ"

"ရှင့်ကို မှုန်နံ့သာ မသိဘူး"

"ဟောဗျာ၊ အဟွန်း ဟွန်း ဟွန်း"

မျက်တောင်ကော့ရှည်ကြီးများ စင်းချကာ ကလေး တစ်ယောက်၏ ဖြူစင်ဟန်လေးနှင့် အပြစ်ကင်းစင်စွာ ပြောလိုက် သည့် မှုန်နံ့သာပုံစံလေးက နေသူရိန်ရင်ထဲ အချစ်စိတ်များကို ပို နိုးကြွသွားစေရသည်။

ဒါကို သူမကတော့ သိမည်မဟုတ်ပါ။ သူ့အား ကြောင် ရှုံ့ဆိတ်လန့်သလို မျက်ဝန်းပြာကြီးတွေ တလည်လည်နှင့် ကြည့် လာသောချစ်သူလေးကို နေသူရိန်သည် မျက်ဝန်းများမှေးစင်းကာ ပြုံးလျက်ကြည့်လိုက်ပြီး

"ပြောပါဦးဗျာ၊ မှုန်နံ့သာက ကိုယ့်အကြောင်း ဘာသိ





ချင်တာလဲဆိုတာ"

"ရှင် ဘာ ဘာမှမသိချင်ပါဘူး"

"အဟွန်း ခုမှတော့ မရတော့ဘူးဗျ၊ မှုန်နံ့သာ မသိချင် သည်း ကိုယ်ကတော့ ပြောပြရမှာပဲ၊ ကိုယ့်နာမည်က နေသူရိန်၊ ကိုယ့်မှာ မိဘတွေမရှိတော့ဘူး၊ ကိုယ်က တစ်ဦးတည်းသောသား၊ ဘွဲ့တစ်ခုရပြီး ကိုယ်နဲ့သွေးမျိုးမကင်းတဲ့ ကိုယ့်ဦးလေးကုမ္ပဏီတစ်ခု မှာ ကပ်ပြီး အလုပ်လုပ်နေရတဲ့ အလုပ်သမားတစ်ယောက်၊ ပြီးတော့ ကိုယ့်မှာ ခုချိန်ထိ ချစ်သူမရှိသေးဘူး၊ အဟွန်း တစ်ကိုယ်တည်း သူဟိုကြီး ဆိုပါတော့ဗျာ၊ ကဲ ဒီလောက်ဆို ကိုယ့်အကြောင်း ပြည့်စုံပါပြီနော်၊ မှုန်နံ့သာဘက်ကပဲ ကျန်တော့တယ်"

"ရှင် ကျွန်မဘက်က ဟုတ်လား၊ ဘာကိုလဲ"

မှုန်နံ့သာမှာ သူ့စကားကို နားမလည်သလို မေးလိုက် သည်။ သူ့မအမေးကြောင့် နေသူရိန် မျက်နှာချောချောကြီးမှာ ပြုံးလွန့်လွန့်ဖြစ်သွားရပြီး

"ဟွန်း မှုန်နံ့သာ ကိုယ့်ကိုပြန်ချစ်ဖို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အို"

သူမ ဘယ်လိုပင် ရုန်းဖယ်နေပါစေ၊ သူမကိုယ်လေး မလွှတ်တမ်း ထွေးဖက်ရင်းက သူ့မျက်နှာချောချောကြီးက မှုန်နံ့သာ မျက်နှာနား ကပ်လာတော့ မှုန်နံ့သာမှာ ရှက်စိတ်တွေနှင့် တစ်ကိုယ်လုံး ထူပူတုန်လှုပ်သွားရသည်။

"ကိုယ့်ကိုချစ်လား မှုန်နံ့သာ၊ မှုန်နံ့သာကို သိပ်ချစ်တယ်၊ ကိုယ် မှုန်နံ့သာကို လက်ထပ်ပါရစေ"

အကြည့်ရဲရဲ အပြောရဲရဲ သူ့စကားများကြောင့် မှုန်နံ့သာသည် သူ့ကို ကြောက်ရွံ့စိတ်များနှင့်အတူ ထိတ်လန့်တုန်လှုပ်စိတ်များလည်း ရင်မှာ ကြီးစိုးလာရသည်။

"လွှတ် လွှတ် မှုန်နံ့သာကို လွှတ်ပါ"

သူစိမ်းယောက်ျားတစ်ယောက်နှင့်အတူ အနီးကပ်ရှိနေပါလားဆိုသော အသိဖြင့် မှုန်နံ့သာနှလုံးသားတွေ တုန်ခါလာရသည် အထိ ရင်ခုန်သံတွေ ထိန်းမရအောင် ရှိနေရသလို မှုန်နံ့သာမှာ တွေ့တာဖြင့်မကြာသေး၊ လူကို ချစ်စကားများ ဖွင့်ဆိုလာသည့်





နေသူရိန့်ကြောင့် ရှက်ကြောက်ထိတ်လန့်စိတ်များဖြင့် မျက်ရည်များ နှစ်ဝဲကာ အသံလေးများပင် တုန်ခါလာရသည်။

မှုန်နံ့သာ၏ ထိုပုံစံလေးကို မြင်ရပြန်တော့ နေသူရိန် စိတ်မကောင်းဖြစ်သွားရလေသည်။

သို့သော် သူမအား ဖက်တွယ်ထားသည့် သူ့အပွေ့အဖက်များကိုတော့ မလျှော့ပါဘဲ

"ပြောစမ်းပါ မှုန်နံ့သာ၊ ကိုယ့်ကိုတွေ့ရင် မှုန်နံ့သာ နောက်တစ်ခါ မရှောင်တော့ပါဘူးလို့ ကိုယ့်ကို မှုန်နံ့သာ ကတိပေးစမ်းပါ၊ ဒါဆို မှုန်နံ့သာကို ကိုယ်လွှတ်ပေးမယ်"

အားမလိုအားမရနှင့် ဆိုလိုက်သည့် သူ့စကားကို မှုန်နံ့သာသည် မျက်ဝန်းလေးမှိတ်ကာ နားထောင်ရင်းက

"လွှတ် မရှောင်တော့ဘူး"

"တကယ်နော်"

"အင်း"

"အေးကွ၊ ခင်ဗျားလေးကို သနားလို့ ဒီတစ်ခါတော့



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်မယ်၊ နောက်တစ်ခါ ဒီလိုမျိုး ကိုယ့်ကိုရှောင်နေရင်တော့ ဘာပဲဖြစ်ဖြစ် မင်းလေးကို ကိုယ်က လွှတ်ပေးမှာမဟုတ်တော့ဘူး၊ ကိုယ့်ရင်ခွင်ထဲက မင်း တစ်သက်လုံးမထွက်ရအဲဖြစ်သွားမယ် သိလား"

မျက်နှာထား တည်တည်တင်းတင်းကြီးနှင့် ဆိုလာသည့် နေသူရိန်စကားကို မှုန်နံ့သာမှာ အမှန်တကယ်ထင်မှတ်ကာ ကြောက်လန့်သွားရလေသည်။

ကြောက်လန့်စိတ်နှင့်အတူ သူလိုချင်တာ၊ သူဖြစ်ချင်တာကို ရအောင်လုပ်တတ်သည့် သူ့စိတ်ဓာတ်ကိုလည်း မှုန်နံ့သာသည် ထိတ်လန့်စိတ်နှင့် နားလည်သလို ရှိလာရသည်။

"မှုန်နံ့သာ"

မှုန်နံ့သာ မထူးပါ။

သူ့ရင်ခွင်ထဲ ရှိနေသည့်အဖြစ်ကိုပင် ရှက်လွန်းမက ရှက်နေရသည်မို့ မျက်နှာရဲရဲလေးနှင့် မျက်လွှာလေးချကာ ငြိမ်သက်နေလေသည်။





"မှုန်နံ့သာ"

ထိုအချိန်ထိ မှုန်နံ့သာ မလှုပ်။

နေသူရိန်မှာ မှုန်နံ့သာကိုကြည့်ကာ အသည်းယားလာရသည်။

ထို့ကြောင့် နှုတ်ခမ်းအစုံကိုစေ့လျက် အံကိုတင်းတင်းကြိတ်လိုက်ပြီး

"အေးကွ၊ ကိုယ်ခေါ်တာနေတာ ကြားရက်နဲ့ မထူးတဲ့မင်း၊ ပြီးမှ ကိုယ့်ကို နောင်တရပါပြီ မင်း မပြောနဲ့"

"ဟင်"

သည်လိုဆိုပြန်တော့လည်း မှုန်နံ့သာသည် သူ့အားကြောက်လန့်သွားရသလို သူမအကြည့်လေးများက နေသူရိန်ထံသို့ ရှုတ်ခနဲ ရောက်ရှိလာရသည်။

သူ့စိတ်က အစိုးရသည်မဟုတ်ပါ။ တခွတ်ထိုးသမားပီပီ စိတ်မထင်လျှင် မထင်သလို ထလုပ်တတ်သည့် သူ့ကို မှုန်နံ့သာကြောက်မိသည်ကလည်း အမှန်။



www.burmeseclassic.com

www.burmeseclassic.com



''အဟွန်း မှုန်နံ့သာက ဒီလိုဆိုတော့လည်း လိမ္မာသားပဲ''

''ရှင် ရှင် ဘာပြောမလို့လဲ ဦးနေသူရိန်၊ ရှင်နဲ့ ကျွန်မကြားမှာ ဘာစကားမှ ပြောစရာမရှိဘူးထင်တယ်''

''မှုန်နံ့သာက မရှိပေမယ့် ကိုယ့်ဘက်က ရှိတယ်''

''အို''

ဘုရားရေ၊ ဒီလူတော့ ခက်လိုက်တာနော်။ တကယ်ဆို သူမ စကားမပြောချင်တာ သူနှင့်မျက်နှာချင်းမဆိုင်လိုတော့တာကို သိပါလျက်နှင့် သူမအား ဖွတ်တိုးကာ စကားပြောနေပုံက စိတ်တိုစရာ၊ ဒေါသဖြစ်စရာပင် ကောင်းနေရသည်။

မှုန်နံ့သာမှာ မသိတတ်လွန်းသူရယ်ပါလားလို့ စိတ်ဆိုးဆိုးနှင့် သူ့ကိုကြည့်လိုက်တော့ သူကလည်း သူမအား အကြည့်စူးစူးတွေနှင့် ပြန်ကြည့်နေလေသည်။

''သိပ်ချစ်တယ် မှုန်နံ့သာရယ်၊ ကိုယ့်ကို အဖြေပေးပါတော့လားဗျာ''





''ကျွန်မ ကျွန်မ မသိဘူး၊ အချစ်ဆိုတာနဲ့ပတ်သက်ပြီး ကျွန်မ ဘာမှမစဉ်းစားရသေးဘူး၊ ဘာပဲဖြစ်ဖြစ် သေချာအောင် ကျွန်မ စဉ်းစားချင်သေးတယ်''

သူ့အား မချစ်ပါ၊ အဖြေမပေးနိုင်ပါလို့ ပြောလို့မရမည့်အတူတူ မှုန်နံ့သာသည် နေသူရိန်အား စဉ်းစားပါမည်ဆိုတဲ့စကားဖြင့် နှစ်သိမ့်လိုက်ရသည်။

''ကောင်းပါပြီလေ မှုန်နံ့သာ စဉ်းစားပါ၊ စဉ်းစားတဲ့အခါ ကိုယ့်အချစ်တွေကို မှုန်နံ့သာ မမေ့ပါနဲ့လို့ ပြောပါရစေ၊ ကိုယ် မှုန်နံ့သာကို သိပ်ချစ်တယ်၊ မှုန်နံ့သာဆီက အချစ်ကို ကိုယ်ရမှလည်းဖြစ်မယ်၊ မှုန်နံ့သာ စဉ်းစားဖို့ ကိုယ် အချိန်တစ်ပတ်ပေးမယ်၊ ဒီကြားထဲလည်း ကိုယ် မှုန်နံ့သာဆီ လာခဲ့မယ်ဟုတ်လား''

''ဟင့်အင်း မလာပါနဲ့''

သူမ၏ ကမန်းကတန်း ငြင်းဆန်သံလေးကြောင့် နေသူရိန်အကြည့်စူးစူးတွေက သူမထံ ရောက်ရှိလာပြီး

''ဘာဖြစ်လို့လဲ မှုန်နံ့သာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟို ရှင်လာတော့ ကျွန်မ ဘယ်လိုစဉ်းစားလို့ရမှာလဲ၊ ကျွန်မက အေးအေးဆေးဆေး စဉ်းစားချင်တာ"

"ဗျာ၊ ဩော် အဟွန်း ဟွန်း ကောင်းပါပြီဗျာ၊ ဒါဆို ကိုယ် နောက်တစ်ပတ်မှ မှုန်နှံ့သာဆီ လာတော့မယ်၊ ခက်တာက မှုန်နှံ့သာမျက်နှာလေးကို ကိုယ် နေ့တိုင်းမြင်ချင် တွေ့ချင်ရပေမယ့် ကိုယ့်ချစ်သူက မလာပါနဲ့ဆိုတော့လည်း ဘာတတ်နိုင်ပါ့မလဲလေ၊ ကိုယ့်ချစ်သူစကား ကိုယ် နားထောင်ရတော့မှာပေါ့၊ ဒါပေမဲ့ နောက်တစ်ပတ် ကိုယ်လာတဲ့အချိန်မှာတော့ မှုန်နှံ့သာဆီက ကိုယ် လိုချင်တဲ့အဖြေရချင်တယ်၊ ရမှလည်းဖြစ်မယ်၊ ဒါကြောင့် မှုန်နှံ့သာ ကိုယ့်ကိုအဖြေပေးဖို့ စဉ်းစားထားပါနော်၊ မှုန်နှံ့သာကို ကိုယ် သိပ်ချစ်တယ်"

"အို"

ချစ်စကားတွေ ဖွတ်ဆိုနေသည့် အချစ်လူဆိုးကြီး နေသူရိန်ရှေ့တွင် မှုန်နှံ့သာတစ်ယောက် နှုတ်မှနေ တအိုအိုနှင့်သာ ရှိနိုင်ရှာပါတော့သည်။





သူမအနေနှင့် ဒီထက်လည်း မပိုနိုင်ပါ။

ပိုရန်လည်း မဖြစ်။

ချည်ပြီး တုပ်ပြီး စကားတွေနှင့် သူမထံမှ ချစ်အဖြေစကားကို ဖွတ်တောင်းဆိုနေသည့် နေသူရိန့်ကြောင့် မှုန်နှံ့သာသည် ရင်ခုန်သံတွေ ဝုန်းဒိုင်းကျဲ မြန်ဆန်နေရကာ အတွေ့အကြုံမရှိသော နှလုံးသားကြောင့် လူက အသက်ရှူတွေလည်း မှားချင်လာရသလို။

စူးရဲသည့် သူ့အကြည့်တွေကို ရင်မဆိုင်ရဲသည်မို့ သူမ ခေါင်းလေးငုံ့ချလိုက်တော့ နေသူရိန်မှာ မချင့်မရဲ သက်မချလိုက်ပြီး

"ကိုယ်သွားမယ်နော် မှုန်နှံ့သာ၊ နောက်တစ်ပတ် မှုန်နှံ့သာဆီ ကိုယ်လာခဲ့မယ်"

ရီဝေစူးရှလွန်းသည့် အကြည့်စူးစူးကြီးတွေနှင့် မှုန်နှံ့သာအား စူးခနဲ တစ်ချက်စိုက်ကြည့်ကာ နေရာမှ ချာခနဲလှည့်ထွက်သွားသည့် နေသူရိန်၏ ကျောပြင်မြင့်မြင့်မားမားကြီးကိုကြည့်ပြီး မှုန်နှံ့သာသည် ရှက်လန့်မှုတွေနှင့် နှုတ်ခမ်းလေးကို ဖိကိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့လေသည်။

သို့တိုင် ရင်ထဲမှာတော့ ရင်ခုန်သံတွေ မြန်ဆန်ပူနွေး လိုက်ခုန်နေရပါတော့သည်။

သည်ခံစားမှုတွေက အချစ်ကြောင့်လားဆိုတာကိုတော့ မှုန်နံ့သာလည်း မသိနိုင်တော့ပါ။



## အခန်း (၆)

အချိန်သည် နေ့ရက်ကို စားခဲ့ရပြီမို့ နေသူရိန် ပြောသွားခဲ့သည့် အချိန်တစ်ပတ်ဆိုတာသည်လည်း ကုန်လွန်ခဲ့ရပြီဖြစ်သည်။

နေသူရိန်မှာ သူပြောသွားခဲ့သည့်ရက်ထက် ကျော်လွန်သာခဲ့ရပေမယ့် လူကတော့ အရိပ်အယောင်ကိုမျှ မမြင်ခဲ့ရပါ။

ထိုအခါ ရင်ထဲတွင် တစ်မျိုးကြီးနှင့် ဘာလိုလိုဖြစ်ခဲ့ရသည်က မှုန်နံ့သာ။

သူ့မစိတ်ထဲ သူ့ကိုမျှော်နေတာမဟုတ်ပေမယ့် သူ့မျက်နှာကို မမြင်ရပြန်တော့လည်း မှုန်နံ့သာရင်ထဲ ဘာလိုလိုခံစားမှုက အင်းတင်းကျပ်ကျပ်ကြီး ရှိနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



တင်းကျပ်မှုတွေနှင့်အတူ နေသူရိန်ဆိုသည့် သူသည် သူမ၏ အချစ်နှင့် မာနကို တမင်ချိုးသွားခဲ့ပြီလားဟူ၍လည်း တွေးမိရပြန်တော့ လူက အခံရခက်စွာ ဝေဒနာက ပို၍ပြင်းထန်လာရသည်။

နေသူရိန်သည် မှုန်နှံ့သာအချစ်ကို ကစားစရာတစ်ခုလိုသဘောထားသွားခဲ့ပြီလား မသိတော့ပါ။

သူ့အချစ်များကို မှုန်နှံ့သာ လက်ခံလိုက်တာမဟုတ်ပေမယ့် သူ မှုန်နှံ့သာကို ဒီလိုမျိုး လျစ်လျူရှု ဥပေက္ခာပြုသွားမြင်တာကိုလည်း မှုန်နှံ့သာ မခံနိုင်ပါ။

မှုန်နှံ့သာဆိုတာ ဆေးကျောင်း၏ အလှဘုရင်မဘွဲ့ကိုခံယူထားသည့်သူတစ်ယောက်။

ထို့ကြောင့် သူမအလှက အပြစ်ရှယ်လို့ ဆိုရက်စရာ မရှိပါ။ မှုန်နှံ့သာအနားတွင် သူမအချစ်ကိုလိုချင်၍ တောင်းခံနေကြသော အမျိုးသားပေါင်းများစွာထဲမှ အချစ်များကိုလည်း မှုန်နှံ့သာသည် ငြင်းပယ်ခဲ့သူဖြစ်သည်။





သို့သော် နေသူရိန်ဆိုသည့် တဖွတ်ထိုးသမား အချစ်သူကြမ်းကြီးနှင့်ကျမှ မှုန်နှံ့သာ နှလုံးသားလေးသည် ပွန်းသက်ဝင်လှုပ်ရှားလာခဲ့ရသည့်အဖြစ်။

နေသူရိန်ဆိုတာက သူမအချစ်ကိုလိုချင်၍ တောင်းခံနေကြသော ဂုဏ်သရေရှိ ငွေကြေးချမ်းသာသော ယောက်ျားများနှင့်နှိုင်းယှဉ်ပါက မက်မောလောက်စရာ ဘာဂုဏ်ဓနမှ ရှိသူတစ်ယောက် မဟုတ်ပါ။

သူများကုမ္ပဏီတွင် အလုပ်လုပ်နေရပါသည်ဆိုသော နေသူရိန်သည် သူ့တွင် ဘာဂုဏ် အဆောင်အယောင်ဓနမှ မရှိပေမယ့် စူးရှတောက်ပသည့် သူ့မျက်ဝန်းများနှင့် ဆုံလိုက်ရချိန်မှာတော့ မှုန်နှံ့သာရင်ထဲ ရင်ခုန်သံတွေ မြန်ဆန်ခဲ့ရလေသည်။

အချစ်သည် ဆန်းကြယ်လွန်းသည်ဆိုတာ မှုန်နှံ့သာကိုယ်တွေ့ကြုံမှ ယုံရပါတော့သည်။

တစ်သက်လုံး ကျောင်းစာထဲတွင်သာ စိတ်နှစ်မြှုပ်ထားသူမှု အချစ်ရေးကို စိတ်မဝင်စားပါဟု ဆုံးဖြတ်ထားခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



မှုန်နံ့သာသည်။ နေသူရိန်ဆိုသည့် လူကြီးကိုတော့ မြင်မြင်ချင်း ပင် ရင်မှာ တသိမ့်သိမ့်နှင့် လှုပ်ရှားခဲ့ရသည်။

ဘုရားရေ၊ မှုန်နံ့သာ သူ့ကိုများ ချစ်နေမိပြီလား။

ထိုအတွေးဝင်လာပြန်တော့ မှုန်နံ့သာ တစ်ကိုယ် ရှက်စိတ်တွေ ကြီးစိုးသွားရသည်။

နေသူရိန်ဆိုသည့် လူကတော့ သူ့ကြောင့် သူမရင် ခုန်တတ်နေပြီကို သိမည်မဟုတ်ပါ။

ထို့အတူ မှုန်နံ့သာသည် သူ့အချစ်များကိုလည်း မယုံ တကယ်တော့ မယုံရဲသည့် သူမအပြစ်လည်း မဟုတ်ပါ။

ခုပဲကြည့်လေ၊ သူမအား သိပ်ချစ်ပါသည်ဟု တ ပြောကာ သူမအချစ်အား မရရင် သေတော့မတတ် ဖွတ်တောင် သွားသည့်သူက သူပြောသွားခဲ့သည့် အချိန်တစ်ပတ်ကျော် ခဲ့ပေမယ့် သူ့အရိပ်အယောင်ကိုတော့ဖြင့် သူမ မမြင်တွေ့ရပါ

သည်လို ကတိစကား တန်ဖိုးမထားတတ်သည့် လူ ကို မှုန်နံ့သာ မုန်းပါ၏။ ထို့အတူ သူ့အချစ်ကိုရော သူမ ဘယ်





ကြည်ရပါမည်လဲ။

မှုန်နံ့သာ သူ့အချစ်ကို မယုံရဲတော့ပါ။ အချစ်ကို မရှာ ပေမယ့် အချစ်ကို တန်ဖိုးထားတတ်သော မှုန်နံ့သာသည် ချစ်ကိုလည်း လေးစားသူတစ်ယောက် ဖြစ်ပါသည်။

သို့သော်. . .

နေသူရိန်ကတော့ သူမနှင့်ဆန့်ကျင်ဘက်မို့ မှုန်နံ့သာ ုံးသားလေး နာကျင်လာရသည်။

တော်ပါပြီလေ။ ဒီလို အချစ်နှင့် အချိန်ကို တန်ဖိုးမထား တတ်သည့် လူတစ်ယောက်ကို မှုန်နံ့သာ မေ့လိုက်တာပင်ကောင်း လိမ့်မည်။

သူနှင့်ပတ်သက်ပြီး သူမရင်ထဲ ဝေဒနာများကို သူမအနေ ဒီထက်ပိုပြီးလည်း မခံစားနိုင်ပါ။

အချစ်မှုမစခင် အမုန်းနှင့်ဆုံနေရသည့် သူမအဖြစ်ကို ည်း သူမတွေးကာ နာကျင်လာရသည်။

မှုန်နံ့သာမှာ သူမအချစ်အား မသိဟန်ပြုသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



နေသူရိန်ကို စိတ်မှာ နာကျင်လာရသည်။

နာကျင်မှုတွေနှင့်အတူ မှုန်နံ့သာသည် နေသူရိန်ဆိုသည့် သူ့အား မေ့လိုက်ပါတော့မည်ဟု စဉ်းစားကာ သူ့အကြောင်း ခေါင်းထဲမှ ဖယ်ထုတ်လျက် မရွှင်ပြသည့်စိတ်နှင့် ကျောင်းကို ထွက်လာခဲ့လိုက်သည်။

"ဟင်"

ကျောင်းသို့ရောက်သည်ဆိုရင်ပဲ သူမ လာမည့် လမ်းကနေ ဆီးကြိုနေသူက နေသူရိန်။

မှုန်နံ့သာ ရင်တွေ တဒိတ်ဒိတ်ဆောင့်ခုန်လာရသည်။ ကြည့်စမ်း။

သည်လူ ခုမှ ဒီကိုဘာလာလုပ်တာပါလဲ။ ကတိမတည် အချစ်ကို တန်ဖိုးမထားသော နေသူရိန်ကို မြင်လိုက်ရသည်ဆိုရင်ပဲ မှုန်နံ့သာသည် သူ့အပေါ် စိတ်ဆိုးဒေါသအရှိန်က ရှိနေသေးသည်မို့ မျက်နှာလှလှလေးကို တည်တည်တင်းတင်း ထားလိုက်ပြီး သူ့အား ဂရုမစိုက်သလို ကြည့်လည်းမကြည့်ဘဲ သူ့ရှေ့မှနေ





သူမ ခပ်တည်တည်လေး ဖြတ်လျှောက်လာခဲ့လိုက်သည်။

"မှုန်နံ့သာ"

တင်းမာနေရသည့် မျက်နှာလှလှလေးကို ငုံ့မိုးစိုက်ကြည့်ရင်း သောမှနေ ခြေလှမ်းကျဲကြီးများ တလွှားလွှားဖြင့် ယှဉ်တွဲလျှောက်လာသော နေသူရိန်ကို မှုန်နံ့သာသည် တစ်ချက်လေးမှ လှည့်မကြည့်ပါ။

နေသူရိန်မှာ မှုန်နံ့သာ တည်တင်းနေသော မျက်နှာလေးနှင့် ပုံစံပြောင်းလဲနေမှုကို အံ့သြသလိုမျိုး ကြည့်ရင်းက မှုန်နံ့သာအား ခေါ်လိုက်သည့်တိုင် သူမသည် သူ့အား လှည့်မကြည့်ပါဘဲ ခသိသလို ဆက်လျှောက်သွားတော့ နေသူရိန်ရင်ထဲ မရိုးမရွနှင့် အခံရခက်ခက်ကြီး ဖြစ်သွားရသည်။

မှုန်နံ့သာ ဘာဖြစ်တာပါလိမ့်။

တစ်ပတ်ကျော်ဆိုသည့် အချိန်အတွင်းမှာ သူမ၏ပုံစံနှင့် အမူအရာလေးက သိသိသာသာ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားပုံကတော့ အတော်ပင် ထူးဆန်းလှသလို ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲမှုများသည် သူမလေး သူ့ကို ချစ်အဖြေမပေးချင်၍များ လား။

အတွေးနှင့် နေသူရိန်မျက်နှာကြီး တင်းမာလာရသလို နှလုံးသားမှာလည်း စပ်ဖျင်းဖျင်းကြီး ဖြစ်သွားရသည်။

"မှုန်နံ့သာ"

ခေါ်သံသည် အနည်းငယ် တင်းမာသွားရသလို သူ့ကိုယ်ကြီးကလည်း သူမ သွားနေသည့်ရှေ့တွင် ပိတ်ရပ်လိုက်တာမို့ လှမ်းလက်စ မှုန်နံ့သာ၏ခြေလှမ်း ဆတ်ခနဲရပ်သွားကာ သူမ၏ ဒေါသနှင့် အကြည့်စူးစူးလေးက နေသူရိန်ထံ ရောက်ရှိသွားရပြီး

"ရှင် ဒါဘာလုပ်တာလဲ ဦးနေသူရိန်"

"မှုန်နံ့သာ ဘာကိုမေးတာလဲ"

"ရှင်နော် ရှင်၊ လူကို ဘာအူကြောင်ကြောင်လုပ်နေတာလဲ၊ ရှင့်ကို ဒါ ဘာသဘောလဲလို့ မေးနေတာ"

"မှုန်နံ့သာ ဘာကိုစိတ်ဆိုးနေလဲဆိုတာ ကိုယ် နားမလည်ပေမယ့် မှုန်နံ့သာနဲ့ကိုယ် အေးအေးဆေးဆေး စကားပြောချင်





ဘယ်"

"ရှင်ပြောချင်ပေမယ့် ကျွန်မ မပြောချင်ဘူး"

"ဘာဖြစ်လို့လဲ မှုန်နံ့သာ"

"မုန်းလို့"

"ဘာရယ်"

"ရှင့်ကိုမုန်းလို့၊ ရှင့်မျက်နှာကို မကြည့်ချင်တော့လို့"

"မှုန်နံ့သာ"

သူ့အသံက မှုန်နံ့သာနားထဲ ကြားနိုင်စွမ်းမရှိသလို ရင်မှာ နာကျင်မှုတွေနှင့် ဖြစ်ပေါ်သွားရသည်။

သို့ပေမယ့် မှုန်နံ့သာသည် သူ့အား နည်းနည်းလေးမှ ရှုမစိုက်ပါ။ မှုန်နံ့သာရင်ထဲတွင် နာကျင်မှုတွေကသာ ရင်နှင့် အျှ ဖြစ်ထွန်းနေရသည်။

"ဆောရီးပဲ မှုန်နံ့သာ၊ ကိုယ်တောင်းပန်ပါတယ်၊ တဆိတ် ဖူးပြုပြီး ကိုယ့်ကို မှုန်နံ့သာ စကားပြောခွင့်ပြုပါ"

သူ့စကားတွေကို သူမသည် ဂရုမစိုက်သလို နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



လွှာလေးများကို သွားဖြင့်ဖိကိုက်ထားရင်းက

"ကျွန်မ ရှင့်စကားတွေကိုနားထောင်ဖို့ အချိန်မရှိဘူး။ ကျောင်းတက်ရဦးမယ်"

"ဒီနေ့ ကျောင်းဖျက်ပြီး ကိုယ့်အတွက် အချိန်ပေးပါ မှုန်နံ့သာ"

"ရှင်နော်"

"ကိုယ် မှုန်နံ့သာကို မခြိမ်းခြောက်ချင်ဘူး၊ တကယ် လက်တွေ့နဲ့ပဲ သက်သေပြရလိမ့်မယ်၊ အဲဒါ ဘာလဲဆိုတော့ မှုန်နံ့သာ ကိုယ့်ကို စကားပြောခွင့်မပေးရင် ကိုယ် ဒီနေရာကနေ ဘယ်ကိုမှ မသွားသလို မှုန်နံ့သာလည်း ဘယ်ကိုမှသွားခွင့်မရှိဘူးဆိုတာ"

"အို"

မှုန်နံ့သာ လန့်သွားရသည်။

သူ့မျက်နှာပေါ်တွင် တစ်ခုခုကို ဆုံးဖြတ်ထားပြီးသည့် ဟန်။ မှုန်နံ့သာမှာ ရင်ထဲတွင် ရှက်စိတ်များ ကြီးစိုးသွားရသည်၊ ကြည့်လေ။





သိပ်လှသော မှုန်နံ့သာနှင့် လူချောကြီး နေသူရိန်တို့ကို အနီးရှိ ကျောင်းသူကျောင်းသားများ ကြည့်သွားသည့်အကြည့်က မှုန်နံ့သာအား ရှက်ကြောက်စိတ်တွေ ဖြစ်ပေါ်စေရသည်မဟုတ်ပါလား။

သည်လူ လုပ်နေပုံနှင့်ဆိုပါက သူ့စကားကို လက်မခံ၍ ဖြစ်တော့ပါ။ နေသူရိန်ဆိုသည့် ဒီလူသည် တစွတ်ထိုးလုပ်တတ်သူ ဖြစ်တာကြောင့် သူ လုပ်နေပုံနှင့် ကြာရင် ပတ်ဝန်းကျင်က သူတို့နှစ်ဦးအဖြစ်ကို ရိပ်မိသွားကာ အခြေအနေ ဒီထက်ပို၍ ဆိုးနိုင်သည့် အနေအထား။

"မှုန်နံ့သာ ကိုယ်နဲ့လိုက်ခဲ့ပါ"

"ကျွန်မ အချိန်မရဘူး"

"ခဏလေးပါ"

ပတ်ဝန်းကျင်မှ လူများ၏အကြည့်အပြင် တစွတ်ထိုးလုပ်တတ်သည့် သူ့အကြောင်းကိုပါ သိနေသည်မို့ မှုန်နံ့သာ သူ့အပေါ် စိတ်ဆိုးဒေါသဖြစ်နေသည့်ကြားက မှုန်နံ့သာမှာ သူ့နောက်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလည်းမဆိုင်၊ ရည်းစားလည်းမဟုတ် ဘာမဟုတ်နှင့် သူ့အပေါ် ဘယ်လိုဆက်ဆံရမှန်းမသိအောင် ရှိနေရတော့သည်။

ခက်သည်က ခုချိန်တွင် သူ့ဆန္ဒကို မလိုက်လျောလို့က လည်း မဖြစ်။

အခြေအနေ အချိန်အခါကလည်း ရှိသေးသည်မို့ မှုန်နံ့သာသည် သူနှင့်အတူ အေးချမ်းကာ လူရှင်း၍ တိတ်ဆိတ်ပြီး စကားပြောလို့ကောင်းသည့် နေရာသို့ ရောက်လာခဲ့ရသည်။

"မှုန်နံ့သာ ဘာဖြစ်နေတာလဲ"

နှစ်ယောက်သား မျက်နှာချင်းဆိုင်မိသည်နှင့် နေသူရိန်သည် မှုန်နံ့သာမျက်နှာလေးကို ခပ်စူးစူး ခပ်စိုက်စိုက်ကြည့်ကာ မေးလိုက်တော့ မှုန်နံ့သာသည် သူ့အား မျက်စောင်းလေးဖြင့် ကြည့်လာပြီး

"အဲဒီစကားက ကျွန်မက မေးရမှာ၊ ပြောပါဦး ရှင် ကျွန်မအပေါ် ဘာအချိုး ချိုးသွားတာလဲဆိုတာ"

"ဟင်"



"မှုန်နံ့သာ ကိုယ့်ကိုဘာပြောလိုက်တာလဲ"

"အဟင်း ခုမှ မသိဟန်ဆောင်မနေစမ်းပါနဲ့ရှင်၊ ရှင် လုပ်ရပ်တွေကို ကျွန်မ ဒီထက်ပိုပြီး သည်းမခံနိုင်တော့ဘူး သိလား"

"ဟောဗျာ၊ ဘာမှန်းမသိရဘဲ မှုန်နံ့သာ ကိုယ့်ကို စိတ်ဆိုးနေတာ ကိုယ် ဘယ်လိုပြောရမှာလဲ"

နေသူရိန်ပုံစံက သူ့ကိုယ်သူ ဘာအပြစ်မှမလုပ်ထားသည့်ပုံစံမို့ မှုန်နံ့သာ ပို၍ဒေါသဖြစ်သွားကာ

"အေးလေ၊ မသိတဲ့လူကို သိအောင်ပြောရဦးမှာပေါ့၊ ရှင် ကျွန်မကို ဘာပြောခဲ့လဲ"

"မှုန်နံ့သာကို သိပ်ချစ်တဲ့အကြောင်းလေ"

"အို ကျွန်မမေးတာ အဲဒါမဟုတ်ဘူး"

နေသူရိန်သည် ရုတ်တရက် သူ့ကိုယ်သူ ဘာစကား ပြောမိသည်မှန်း စဉ်းစားမရသလို ရှိရာမှ အတန်ကြာမှ

"သြော် မှတ်မိပြီ မှတ်မိပြီ၊ အဟွန်း ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက နေသူရိန်သည် မှုန်နံ့သာမျက်နှာလေးအား မချိုမချဉ် အပြုံးဟဟနှင့် စိုက်ကြည့်လျက် ခပ်လွန့်လွန့်ရယ်တော့ မှုန်နံ့သာမျက်နှာလေး ပန်းသွေးရောင်တောက်လျက် ရှက်အား သွားရလေသည်။

"ရှင် ဘာရယ်တာလဲ"

ရှက်သွေးဖြာနေရသည့် မှုန်နံ့သာအသံလေးက မထင်မှတ် ဘဲ နေသူရန်အပေါ်မှာ မှုန့်သွားရသလိုရှိသည်။

"မှုန်နံ့သာက ကိုယ့်ကို အဲဒါကြောင့် စိတ်ဆိုးနေတာ လား"

"ဘာလဲ"

"အဟွန်း မှုန်နံ့သာဆီကို ကိုယ် တစ်ပတ်အတွင်း ရောက်လာမယ်ဆိုပြီး ရောက်မလာလို့လေ"

"အို"

သည်လိုကျပြန်တော့လည်း မှုန်နံ့သာသည် နေသူရိန်၏ ပွင့်လင်းလွန်းသည့်စကားကြောင့် မျက်နှာလေးမထားတတ်အောင်





ဖြစ်သွားရသည်။

"အဲဒါကြောင့်ဆိုရင်တော့ ကိုယ် မှုန်နံ့သာကို တောင်းပန်ပါတယ်ဗျာ၊ ဘာကြောင့်လဲဆိုတော့ ကိုယ် မှုန်နံ့သာအပေါ် ကတိပျက်သလို ဖြစ်သွားရတယ်၊ တကယ်တော့ ကိုယ် မှုန်နံ့သာ အနားကို အပြေးရောက်လာချင်တဲ့သူပါ၊ ဒါပေမဲ့ ကိုယ်က သူများဆီမှာ အလုပ်လုပ်ရတဲ့ အလုပ်သမားမို့ ကိုယ့်ဘဝကို ကိုယ်မပိုင်ဘူးလေ၊ အဲဒါကိုတော့ မှုန်နံ့သာ ကိုယ့်ကို နားလည်ခွင့်လွှတ်ပေးပါ"

ညိုးနွမ်းနေရသောမျက်နှာနှင့် တောင်းပန်စကားဆိုလာသော နေသူရိန်ကိုကြည့်ပြီး မှုန်နံ့သာရင်မှာ နင့်ဖြာသွားရပြန်၏။

သူပြောတာလည်း ဟုတ်တာပါပဲလေ။ သူမ မသိတဲ့ သူမအား ချစ်ရေးဆိုထားသည့် နေသူရိန်ဆိုတာက သူများဆီမှာ သူများမျက်နှာကိုကြည့်၍ အလုပ်လုပ်နေရသည့် အလုပ်သမား တစ်ယောက်ပါလားဆိုသော အသိဖြင့် သူ့အပေါ် ဖြစ်နေရသော သူမဒေါသစိတ်လေးများ လွင့်စင်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း ရုပ်ရည်ချောမော ခန့်ထည်ပါလျက်နှ ဘဝအကျိုးပေး မကောင်းရှာဘဲ သူများဆီ အလုပ်သမားဘဝနှ အလုပ်လုပ်နေရသည့် နေသူရိန်အပေါ်၌လည်း သနားကြင်နာစိ များ ဝင်သွားရလေသည်။

သူ့ရုပ်ရည်နှင့် သူ့ဘဝက မထိုက်တန်၊ မလိုက်ဖက်သည ဘဝမို့ မှုန်နှံ့သာရင်ထဲ သနားကရုဏာစိတ် တိုးဝင်လာရသည

မှုန်နှံ့သာ သူ့ကိုကြည့်လိုက်တော့ သူသည်လည်း မျက်ဝ ရူးရူးနှင့်နှင့်ကြီးများနှင့် မှုန်နှံ့သာအား သူ့ဘဝကို နားလည်ပေ ဆိုသည့် တောင်းပန်သည့် အကြည့်မျိုးနှင့် ကြည့်နေလေ၏။

မှုန်နှံ့သာ နှလုံးသားနုနုလေး လှုပ်ခါသွားရလေ၏။

"မှုန်နှံ့သာ"

"ရှင်"

"ကိုယ့်ကို ခွင့်လွှတ်တယ်မဟုတ်လား မှုန်နှံ့သာ"

"အင်း ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ ဒါပေ နောက်တစ်ခါတော့ မရဘူးနော်၊ အဲဒီအခါကျရင် ရှင် မှုန်နှံ့သ





ကို တွေ့ရလိမ့်မယ်မထင်နဲ့"

"အမလေးဗျာ၊ အဲဒီလိုတော့မလုပ်ပါနဲ့၊ မှုန်နှံ့သာအပေါ် မှာ ဒီလိုမျိုး နောက်တစ်ခါဆိုတာ မရှိစေရပါဘူးလို့ ကိုယ် ကတိ ပေးပါတယ်"

"ဒါပဲနော်၊ ရှင့်ကတိကိုသာ ရှင် တည်အောင်ထိန်း"

"အဟွန်း စိတ်ချပါဗျာ၊ ကိုယ် မှုန်နှံ့သာကို ယောက်ျား ကတိ ပေးပါတယ်၊ ဒါနဲ့နေစမ်းပါဦး၊ ကိုယ် နားမလည်လို့ မေးစမ်းပါရစေဦး"

"ဘာလဲ"

မှုန်နှံ့သာသည် နှုတ်ခမ်းဖူးဖူးလေးကို ခပ်စူစူလေးထား ရင်းက အကြည့်စွေစွေလေးနှင့် စကားဆိုလိုက်သည်။

သူမ၏ ထိုအကြည့်နှင့် ထိုအပြောလေးက နေသူရိန်၏ နှလုံးသားတစ်ခုလုံးကို တုန်ခါသွားရလေသည်။

"မှုန်နှံ့သာ ကိုယ့်ကိုချစ်ပြီပေါ့နော်"

"ဟာ မသိဘူး၊ ဘာတွေမေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြေပါ မှုန်နံ့သာ၊ ကိုယ် မှုန်နံ့သာဆီက အဖြေစကား ကို မျှော်လင့်တကြီးနဲ့ ကြားချင်နေတဲ့သူပါ၊ မှုန်နံ့သာဆီက အချိုး စကားကြားရဖို့ ကိုယ် ဘယ်လောက်ယိမျှော်လင့်ခဲ့လဲဆိုတာ မှုန်နံ့သာသိရဲ့လားဗျာ၊ ကိုယ့်ကို မှုန်နံ့သာ မသနားဘူးလားဟင်"

"ဟင် ဘာလို့သနားရမှာလဲ"

"တကယ်မသနားဘူးလား"

"ဟုတ်ပါတယ်ဆို"

"တကယ်နော်"

"တကယ်၊ ဆယ်ကယ်"

"ကောင်းပြီလေ၊ မှုန်နံ့သာ ကိုယ့်ကိုမသနားဘူးဆိုမှတော့ ကိုယ် လောကကြီးထဲမှာ အသက်ဆက်ရှင်နေလို့လည်း အလကား ပဲပေါ့၊ မှုန်နံ့သာ ကိုယ့်ကိုမချစ်မယ့်အတူတူ ကိုယ့်ကိုယ်ကို အဆုံး စီရင်လိုက်တာပဲ ကောင်းပါတယ်"

သူ့စကားကြောင့် မှုန်နံ့သာ မျက်နှာပျက်သွားရသည်။ နေသူရိန်ကတော့ သူမကို မကြည့်ပါဘဲ





"ဖြစ်ချင်တာဖြစ်၊ ကားကို လမ်းဘေးသစ်ပင်နဲ့ ဝင်တိုက် ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်တော့မယ်"

သူ့စကားကို ဟန့်တားခြင်းမရှိသလို ကန့်ကွက်ခြင်းလည်း မရှိပါဘဲ မျက်ဝန်းနက်စူးစူးလေးနှင့်သာ ကြည့်နေသော မှုန်နံ့သာ ကြောင့် နေသူရိန်ရင်မှာ ပို၍နာသွားရလေသည်။

ကြည့်လေ၊ သူမ နေစိမ့်လိုက်ပုံများ သူ့နှလုံးသားကို ဘယ်လောက်နာကျင်စေရသည်ဆိုတာ သူမ သိမည်မဟုတ်ပါ။

သူမပုံစံက သူ့ဘာသာသူ ဖြစ်ချင်ရာဖြစ် သူမနှင့်ဘာမှ မဆိုင်ပါဆိုသည့် သဘော။ သူ့အား ဘာစကားမှမဟန့်တားဘဲ ကားပေါ်တက်သည်ကိုပင် ကြည့်ကောင်းကောင်းနှင့် ကြည့်နေ သူမလေးကို နေသူရိန်သည် နာကျင်လာရသော ရင်အစုံဖြင့် မချင့် မရဲ ချစ်သည်းတွေ ယားလာရတော့သည်။

သို့ပေမယ့် ယောကျ်ားစကားမို့ နေသူရိန်သည် ပြောပြီး စကားကို နောက်ပြန်မဆုတ်တော့ဘဲ ကားပေါ်တက်လိုက်သည်။

မှုန်နံ့သာ သူ့ကိုကြည့်ပြီး စိုးရိမ်စိတ်က ရင်မှာဝင်လာရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သည်လူတော့ ဘယ်လောက် အသည်းယားဖို့ကောင်း လိုက်သည်လဲဆိုတာ။ သူမထံမှ အချစ်ကိုမရတာနှင့် သူ့အသ ကို သူ အဆုံးရှုံးခံတော့မည့်ပုံက မှုန်နံ့သာကို ဆက်ပြီး ကြည် နိုင်စွမ်းမရှိတော့သည့်အလား။

တကယ်လည်း မှုန်နံ့သာရင်ထဲ သူ့အတွက် စိုးရိမ်မှုတွေ က ပိုနေရပြီဖြစ်သည်။ မဖြစ်တော့။ သူ့လုပ်ရပ်များကို သူမအ နှင့် ဒီထက်ပိုကာ မသိဟန်ဆောင်၍ မဖြစ်တော့သည်မို့ မှုန်နံ့သာ ရင်ထဲ စိုးရိမ်ပူပန်မှုများ ကြီးစိုးလာရကာ ရင်တွင်းမှ ပူပန်သော စိတ်တွေနှင့် နေသူရိန်အား စိုးရိမ်တကြီး ခေါ်လိုက်လေသည်။

"ဦးနေသူရိန်"

"ဟင်"

စိုးရိမ်မှုတွေကြောင့် ခပ်သဲ့သဲ့တုန်ခါသွားသော သူ အသံလေးက သူ့အတွက် စိုးရိမ်ပူပန်မှုတွေ အပြည့်ပါနေမှ နေသူရိန် သိလိုက်ရတော့ ရင်မှာ ထိတ်ခနဲပျော်မြူးသွားကာ သူ





ည်ကြည်သော အကြည့်များကလည်း မှုန်နံ့သာထံ ရောက်ရှိ သွားရ၏။

"ရှင် ရှင် ဘယ်မှမသွားနဲ့ ဦးနေသူရိန်၊ ရှင် ကျွန်မကို စိတ်ပူအောင် တမင်လုပ်နေတာလား"

"ဟား"

ကြားလိုက်ရသည့်စကားက နေသူရိန်အတွက် မထင်မှတ် ရောမို့ နေသူရိန့်ရင်မှာ ဝမ်းသာလွန်း၍ လူက ထခုန်မိမတတ် ဖြစ်သွားရသည်။

ဒါ သူမလေး သူ့အတွက် စိတ်ပူနေသည်တဲ့လား။ ချစ်သူ ထံမှ စိုးရိမ်ပူပန်မှုတစ်ခုတည်းနှင့်ပင် နေသူရိန်သည် မှုန်နံ့သာ အနားသို့ အပြေးလေး ရောက်ရှိသွားတော့

"အဟင့် ဟင့် ဟင့် လူဆိုးကြီး၊ လူရိုင်းကြီး၊ ရှင်ကြီး မှုန်နံ့သာကို တမင်စိတ်ပူအောင်လုပ်တယ်၊ သွား သွား ရှင့်ကို မုန်းတယ်၊ မုန်းတယ် အဟင့် ဟင့်"

မှုန်နံ့သာအနား နေသူရိန် ရောက်သည်ဆိုရင်ပဲ မှုန်နံ့သာ



www.burmeseclassic.com

www.burmeseclassic.com



သည့် သူ့ရင်ခွင်ထဲသို့ သူမကိုယ်လေး တိုးဝင်ကာ ပြောလည်းပြော၊ ငိုလည်းငိုနှင့် သူ့ရင်ဘတ်ကြီးကို သူမလက်သီးဆုပ်လေးများနှင့် ထုရိုက်ကာ တအင့်အင့်နှင့် ကလေးတစ်ယောက်လို ရှိုက်ငိုနေတော့သည်။

နေသူရိန်သည် မျက်ရည်များဖြင့် စိုစွတ်နေသော မှုန်နံ့သာမျက်နှာလေးကို ကြည့်ပြီး သူမကိုယ်လေးကို သူ့လက်အစုံနှင့် ခပ်တင်းတင်းကြီး ပွေ့ဖက်ထားလိုက်သည်။

"သွား ရှင်ကြီး ကျွန်မကိုမထိနဲ့၊ ရှင့်ကို မုန်းတယ်"

"ကိုယ့်ကို တကယ်မုန်းတာလား မှုန်နံ့သာ"

"အဟင့် ဟင့် ဟုတ်တယ်၊ မုန်းတယ်"

"ကြည့်စမ်း၊ မုန်းတဲ့သူကလည်း မျက်ရည်တွေနဲ့ ငိုလို့ပါလား၊ အပွန်း ကောင်မလေးတစ်ယောက် ကိုယ့်ကို တကယ်မုန်းတာရော ဟုတ်ရဲ့လားဗျာ"

"ရှင်နော်"

"ဟာ ဟိတ် ဟိတ် ဘယ့်နယ် လူကို ထုရတာလဲကွ"





သူမ ဘာမှမပြောသေး၊ ရှက်ဖိုးရှက်ကန်းဟန် မျက်နှာလေးနှင့် သူမအဖြစ်ကို သူမ မလုံမလဲဖြစ်စွာ သူ့ရင်ဘတ်ကြီးအား တွန်းထိုးထုရိုက်လာတော့ နေသူရိန်သည် မှုန်နံ့သာလက်အစုံကို ဆွဲယူဖမ်းချုပ် ဆုပ်ကိုင်လိုက်ရင်းက မှုန်နံ့သာအား ချစ်ရည်တောက်ပသည့် အပြုံးချောချောကြီးတွေနှင့် ကြည့်လာပြီး

"ချစ်တယ် မှုန်နံ့သာရယ်၊ မှုန်နံ့သာကို သိပ်ချစ်တယ်ဗျား ကိုယ့်ကို မှုန်နံ့သာ ချစ်တယ်မဟုတ်လား"

"သူနော် သိနေလျက်နဲ့"

"ဟေး ဘယ်က သူလဲကွ၊ မောင့်ကို မှုန်နံ့သာ ချစ်တယ်လို့ပြောလေကွ၊ ဒီတစ်ခါမှ ချစ်အဖြေကို အေးအေးဆေးဆေး တောင်းလို့မရဘူးဆိုရင်တော့ ဖြစ်ချင်တာဖြစ်၊ မောင်က မင်းကို တစ်ခါတည်း ခိုးပြေးသွားတော့မှာနော်၊ ဘယ်လိုလဲ ခိုးပြေးသွားရမှာလား"

ချစ်ရည်ချစ်သွေးတို့ဖြင့် မျက်ဝန်းများ ရှုးရှကာ ပြုံးယောင်သမ်းနေရပေမယ့် မျက်နှာကြီးအတည်ပေါက်ဟန်နှင့် ပြောနေသော



www.burmeseclassic.com

www.burmeseclassic.com



နေသူရိန်ကြောင့် မှုန်နံ့သာမှာ ရှက်ရှက်နှင့် သူ့ကိုယ်ကြီး တွန်းထုတ်ပစ်လိုက်တော့ နေသူရိန်ကလည်း လူ့ပါး။

မှုန်နံ့သာကိုယ် နွေးနွေးအိအိလေးကို တင်းတင်းကြီးထွေးဖက်လိုက်တာမို့ မှုန်နံ့သာ အသက်ရှူလေးများ မှားသွားရပြီး

"ဦးနေသူရိန်နော်"

"ဘာလဲကွ"

"လွှတ်ပါ"

"မောင့်ကို ချစ်တယ်ပြောဦးလေကွာ"

"*ဟင် ပြောချင်ပါဘူးနော်*"

"ရတယ်၊ မပြောလည်း ယောဒီကောင်မလေး မောင့်ကို ချစ်တယ်ဆိုတာ မောင် သိတယ်"

"သွား လူလည်"

"လည်တာမဟုတ်ဘူး၊ ချစ်တာ၊ ပြောစမ်းကွာ မောင့်ကို ချစ်လားဆိုတာ"





"သူပဲ စောစောက သိတယ်ဆို"

"အဟွန်း၊ သိပေမယ့် မောင့်ချစ်သူရဲ့စကားကိုလည်း မောင် ကြားချင်သေးတာပေါ့ကွ"

"မောင်ရယ်"

နေသူရိန်၏ရင်ခွင်ကျယ်ကြီးထဲကို သူမကိုယ်လေး တိုးဝင်လိုက်ကာ ရင်မှာ စိမ့်ဖြာလာရသော ခေါ်သံနှင့် ချစ်သူ၏ ရင်ခွင်ကျယ်ကြီးထဲမှာ သူမမျက်နှာလှလှလေးကို ဖေးအပ်ထားလိုက်သည်။ ရင်တွေ တဖျပ်ဖျပ်ခုန်လာရသည်။

ချစ်မိပြီဆိုမှတော့ သူမ မရှက်ချင်တော့ပါ။ မှုန်နံ့သာ သူ့ကို ချစ်မိနေရပြီဖြစ်ပါသည်။

သူမဘဝတွင် ဘယ်ယောကျ်ားတစ်ယောက်နှင့်မှ ရင်ခုန်ခဲ့သော မှုန်နံ့သာ၊ နေသူရိန်ကိုတော့ မြင်မြင်ချင်းမှာပင် ရင်ခုန်သံတွေ လှုပ်ရှားမြန်ဆန်သွားခဲ့ရသည့်အဖြစ်က သူ့ကို ချစ်မိသွားရသောကြောင့်ပင်ဖြစ်သည်။

ချစ်မိမှတော့ မှုန်နံ့သာ ဟန်မဆောင်ချင်တော့ပါ။ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကို သူမရင်ထဲက အချစ်များသိအောင် ဖွင့်ပြောတော့မည်ဟူသော စိတ်ကူးဖြင့် သူမျက်နှာချောချောကြီးကို မော့အကြည့်၊ သူသည်လည်း မှုန်နံ့သာကို စူးရှကာ ချစ်ခြင်းများဖျော်ဝင်နေသည့် အကြည့်တွေဖြင့် ကြည့်နေသည်မို့ မှုန်နံ့သာ ခေါင်းလေး ငုံ့ဆင်းသွားရသည်။

"ချစ်တယ်နော် မှုန်နံ့သာ"

"အင်း"

မြတ်နိုးရိပ် ကြင်နာခြင်းများနှင့် ကြည့်နေသော သူ့အကြည့်များအောက်တွင် နှလုံးသားတစ်ခုလုံး ပွန်းလိုက်ဖြာနေရပြီဖြစ်သော မှုန်နံ့သာမှာ နေသူရိန် ရင်ခွင်ထဲမှနေ သူ့အမေးကို ရှက်ပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်သည်။

"သိပ်ချစ်တာပဲဗျာ"

"အရမ်းချစ်တယ် မှုန်နံ့သာရယ်"

သူမထံမှ ချစ်အဖြေရပြီမို့ အပျော်လွန်ကာ ရင်မှာ ကြည်နူးပီတိတွေ ဖြာဝေသွားရသော နေသူရိန်၏ အပြုံးမျက်နှာချောချော





ကြီးကို မှုန်နံ့သာသည် ရှက်ပြုံးလေးနှင့် မော့ကြည့်လာရင်းက

"မှုန်နံ့သာလည်း မောင့်ကိုချစ်တယ်၊ သိပ်ချစ်ပါတယ်မောင်ရယ်"

"မှုန်နံ့သာ၊ အချစ်ရယ်"

အချစ်ဆိုတဲ့အရာကို နှစ်ဦးစလုံး နားလည်သွားရပြီဖြစ်တဲ့ နေသူရိန်နှင့် မှုန်နံ့သာမှာ ရင်ထဲ ကြည်နူးမှုချစ်ခြင်းတွေ ဘယ်လောက်ထိ လေးနက်သွားရသည်မသိပါ။

နှစ်ဦးသား ကြည်ဖြူစွာ တုံ့ပြန်လာသည့် အနမ်းတွေက နေသူရိန်နှင့် မှုန်နံ့သာအတွက် အတွေ့ထူးထူးနှင့် မှူးမိုက်စရာပင် ဖြစ်တော့သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တစ်ဦးအချစ်ကို တစ်ဦး ပိုင်ဆိုင်ရပါပြီဆိုကတည်းက နေသူရိန်နှင့် မှုန်နှံ့သာတို့မှာ မခွဲအတူ အမြဲလိုရှိနေတတ်လေသည်။ နေသူရိန်မှာ ရင်မှာ နက်ရှိုင်းစွာပေါက်ဖွားလာသည့် ချစ်သူလေးထံမှ အချစ်ကို ပိုင်ပိုင် ပိုင်ဆိုင်ခွင့်ရခဲ့ပြီမို့ ချစ်သူလေးရှိရာ ကျောင်းကိုလည်း ချောင်းပေါက်မတတ် ရောက်လာတတ်သူလည်းဖြစ်သည်။

ချစ်မိကြပြီဆိုတော့လည်း ချစ်သူသဘာဝ တစ်ယောက်ရင်ခွင်တွင်တစ်ယောက် မှေးစက်ရင်း ချစ်စကားများ ပြောလို့မကုန်နိုင်ခဲ့ပါ။





နေသူရိန်သည် ချစ်သူကို အသည်းပေါက်မတတ် ချစ်ရပေမယ့် ချစ်သူအား သူ့ဘဝ သူ့အကြောင်းများကိုတော့ ဖွင့်ပြောပြခြင်း မရှိခဲ့ပါ။

သူ့အား ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေရသည့် မိဘမဲ့ တစ်ကောင်ကြွက် ပိုက်ဆံမရှိသော အလုပ်သမားတစ်ယောက်ရယ်လို့သာ မှုန်နှံ့သာအား သိနေစေရသည်။

ဒါကလည်း နေသူရိန်တွင် တခြားရည်ရွယ်ချက်ရှိ၍ပေါ့တော်ပါ။ သူ့ဘဝမှန်ကို သိသွားတာထက် သူမလေးကို သူ၏လက်ရှိဘဝကို သိစေချင်သည်က မှုန်နှံ့သာထံမှ ဖြူစင်သန့်ရှင်းသည့် အချစ်များကို ပိုင်ဆိုင်လိုချင်သောစိတ်ကြောင့်ပင် ဖြစ်ပါသည်။

တကယ်လည်း သူမျှော်လင့်သလို ချစ်သူလေးသည် သူလိုလူတစ်ယောက်အား ချစ်ရသည်ကို ဂုဏ်ငယ်သည်မထင်ဘဲ သူ့အား အချစ်စစ်အချစ်မှန်နှင့် ချစ်သည်ကို သိရတော့ နေသူရိန်ရင်ဝယ် ပီတိများ လျှံတေကာ ချစ်သူအား မြတ်နိုးမဆုံးနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



•

ရိုးသားဖြူစင်လွန်းသည့် ချစ်သူလေးကို နေသူရိန်သည် မြတ်နိုးယုယ တန်ဖိုးထားရပါသည့် အချစ်များနှင့် သူမကိုယ် အိအိထွေးထွေးလေးကို အသာအယာ သိုင်းပွေ့လိုက်ကာ သူမ နဖူးလေးအား ဖျတ်ခနဲ ငုံ့နမ်းလိုက်သည်။

"မောင်"

"ဗျာ"

"မှန်နှံ့သာကို တကယ်ချစ်တယ်နော်"

"ဟိတ် ကြည့်စမ်းကွာ၊ ဒီစကား ခုမှ ဘာလို့ထဖေး နေရတာလဲ"

"မောင်နော် သိချင်လို့ပေါ့"

"အေးကွ၊ မောင်ချစ်တာ မင်းလေး မသိဘူးလား"

"အင်း ဟင့်အင်း"

"မင်းလေးနော်"

"မှန်နှံ့သာမေးတာ မောင် ဖြေကွာ"

"ဒီစကား ပြောစရာမလိုအောင် မှန်နှံ့သာကို မောင်





သိပ်ချစ်တာ မောင် ဘယ်လိုပြောရမလဲ"

"ချစ်ရင် ပြောတတ်ရမှာပေါ့"

"ကောင်မလေးနော်၊ မောင့်ကို အသည်းယားအောင် ခင်းလေး သိပ်မလုပ်နဲ့၊ မောင့်ရင်ထဲမှာ မင်းကိုချစ်စိတ်တွေက အများကြီး၊ စိတ်မထိန်းနိုင်ရင် အားလုံး ခက်ကုန်လိမ့်မယ် သိလား"

ပြောရင်းက နေသူရိန်၏မျက်နှာကြီး သူမမျက်နှာလှလှ လေးနား ရစ်ဝဲလာတော့ မှန်နှံ့သာသည် သူမမျက်နှာလေးကို နောက်သို့ တိမ်းရှောင်ဆုတ်ဖယ်ကာ သူ့ရင်ဘတ်ကြီးကို သူမ လက်လေးနှင့် တွန်းဖယ်ထားလိုက်ပြီး

"မောင်နော်"

ရှက်မျက်နှာရဲရဲလေးနှင့် အရှက်သည်းသွားရသော မှန်နှံ့သာကို နေသူရိန်သည် ကြည့်ရင်း နှစ်မြို့ကျခြင်းများစွာနှင့် သဘောကျသွားရသလို အပြုံးတွေနှင့် စိုက်ကြည့်လာရင်း

"ဘာလို့အော်ရတာလဲကွ၊ မှန်နှံ့သာကို ကိုယ်ဘာလုပ် လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ၊ မောင့်မျက်နှာကြီးက မှန်နံ့သာအနား ရောက်လာတော့ သူများလည်း လန့်တာပေါ့လို့"

ချစ်စဖွယ် ဟန်မူနွဲ့နွဲ့လေးနှင့် ဆိုလိုက်သည့် မှန်နံ့သာ စကားကြောင့် နေသူရိန်ရင်ဝယ် ချစ်မြတ်နိုးမှုတွေနှင့် ကြည်နူး သွားရပြီး

"ရောက်တော့လည်း ဘာဖြစ်လဲကွာ၊ မောင့်ချစ်သူကို မောင် ချစ်လို့နမ်းတာ အပြစ်လား"

"မောင်နော်၊ ဘာတွေပြောနေတာလဲ၊ မှန်နံ့သာ ရှက်တယ်"

"အဟွန်း ပြောပါဦး၊ ခင်ဗျားလေးက ဘယ်သူ့ကို ရှက်တာလဲဆိုတာ"

"မောင့်ကို"

စူးရှရှိဝေသော အပြုံးကြီးတွေနှင့် အကြည့်တွေ စူးစူး စိုက်စိုက်ကြည့်ကာ ဆိုလာတော့ မှန်နံ့သာ မျက်နှာရဲရဲလေးနှင့် အရှက်သည်းစွာ ဖြေလိုက်တော့ နေသူရိန်သည် အုံ့ညြိုရိပ်တွေနှင့်





မျက်ခုံးထူထူအစုံ ပင့်တင်ရင်းက မှန်နံ့သာအား စိုက်ခနဲကြည့် လိုက်ပြီး

"မောင့်ကို ဟုတ်လား"

"ဟုတ်တယ်၊ မောင့်ကို မှန်နံ့သာ ရှက်တယ်"

"ဟောဗျာ၊ အဟွန်း ဟွန်း မောင့်ချစ်သူကတော့ဗျာ၊ သိပ်ချစ်စရာကောင်းတာပဲ၊ မောင်က မှန်နံ့သာအတွက် ရှက်စရာ လူလားဗျ"

ရဲပနေသော မျက်နှာလေးနှင့် ကြံဖန်အရှက်သည်းနေသူ လေးကို နေသူရိန်သည် မချင့်မရဲဖြစ်ရမှုတွေနှင့် မှန်နံ့သာကိုယ်လေး ကို တစ်ချက်ဖျစ်ညှစ်လိုက်ရင်းက အပြုံးနှင့်ဆိုလိုက်တော့ မှန်နံ့သာ အနေခက်သွားရသလို

"လွှတ်ကွယ် မောင်၊ မောင့်ကို မှန်နံ့သာ ပြောစရာရှိ တယ်"

"အင်း ဒီအတိုင်းပြော၊ မောင် နားထောင်မယ်"

သူမကိုယ်လေးကို မလွှတ်သည့်အပြင် ပို၍တိုးကာ



www.burmeseclassic.com

www.burmeseclassic.com



ဖက်လိုက်သည့် နေသူရိန့်ကြောင့် မှုန်နံ့သာ မျက်နှာလေး နီရဲ၀သွားရသည်။

သည်နောက် သူ့မျက်နှာချောချောကြီးကိုလည်း မကြည့်ရဲတော့အောင် အရှက်ပိုသွားရသော မှုန်နံ့သာမှာ နေသူရိန့်ထံမှ အကြည့်များကိုလွှဲရင်း

"မောင့်ဘ၀မှာ မှုန်နံ့သာအရင် ချစ်ခဲ့ဖူးတဲ့ မိန်းကလေး ရှိခဲ့လားဟင်"

"ဟာကွာ ငါပီတ်ထုလိုက်ရ၊ ကောင်မလေးနော်၊ ကြိုကြိ ဖန်ဖန် မေးတော့မယ်၊ မောင့်ဘ၀မှာ မှုန်နံ့သာနဲ့မတွေ့ခင်ကရော မှုန်နံ့သာနဲ့တွေ့ပြီးနောက်ပိုင်းမှာပါ ဘယ်မိန်းကလေးတစ်ယောက်မှ မောင့်ဘ၀မှာ မရှိခဲ့ဘူး၊ မောင်ချစ်မိတာ ချစ်ခဲ့ဖူးတာဆိုလို့ ဒီလောကကြီးထဲမှာ မင်းလေးတစ်ယောက်ပဲ ရှိတယ်၊ မှုန်နံ့သာကို မောင် သိပ်ချစ်တယ်၊ မောင့်အချစ်တွေကို ယုံစမ်းပါဗျာ"

"အိုကွယ်၊ မောင်ရယ်"

ချစ်သူအပေါ် ယုယပိုက်ထွေးခြင်းများစွာနှင့် ချစ်တတ်





လွန်းသူပီပီ နေသူရိန့်စည် မှုန်နံ့သာကိုယ်အိအိနွေးနွေးလေးအား သူ့လက်အစုံနှင့် တင်းတင်းကျပ်ကျပ်ကြီး ပွေ့ဖက်လိုက်တော့ မှုန်နံ့သာသည်လည်း နေသူရိန့်ကိုယ်ကြီးအား သူ့မလက်လေးနှင့် ခမ်ိမကမ်း ပြန်လည်ဖက်ထားလေသည်။

"ချစ်ရယ်ဗျာ"

ချစ်သူထံမှ မထင်မှတ်သည့် တုံ့ပြန်မှုကို ရလိုက်သည့် နေသူရိန့်မှာ ရင်ထဲတွင် ဘယ်လောက်ထိ ပျော်ရွှင်သွားရသည် မသိပါ။ ရင်ခုန်သံတွေသည် အတိုင်းအဆမရှိတော့သလို မြန်ဆန်လာပြီး သူ့အနမ်းတွေက သူ့မမျက်နှာနုနုဝင်းဝင်းလေးထက် ရောက်ရှိသွားပြီး

"မှုန်နံ့သာ"

"မောင်"

"မောင်တို့လက်ထပ်ကြစို့ အချစ်ရယ်"

"မောင်နော်၊ မှုန်နံ့သာနဲ့မောင် ချစ်ကြတာဖြင့် မကြာသေးဘဲနဲ့ လက်ထပ်ဖို့ ဘာလို့လောနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လောဆို ချစ်တာကိုးဗျ၊ မောင်တော့ မင်းလေးနဲ့ ... နိုင်တော့ဘူး ချစ်ရယ်၊ ချစ်နဲ့အမြန်ဆုံး အတူနေချင်ပြီ၊ အချစ်မှာ ... အချိန်နာရီဆိုတာ မရှိပါဘူးဗျာ၊ မောင် မှုန်နံ့သာကိုသိပ်ချစ်တာ ... ချစ်ရက်တွေနဲ့ မဆိုင်ဘူး၊ အချိန်တိုအတွင်းမှာ မင်းကို မော... ချစ်မိပေမယ့် မောင့်အချစ်က အားလုံးနဲ့ယှဉ်ရဲတဲ့အချစ်မျိုးဆို... မှုန်နံ့သာ သိစေချင်တယ်"

ချစ်အာမခံရဲရဲကြီးနှင့် မျက်နှာချင်းတိုးဖွေ့ကာ ချစ်စကား... တွေကို တည်ကြည်လေးနက်စွာ ဆိုလာသည့် နေသူရိန်၏ စကား... တွေကြောင့် မှုန်နံ့သာနှလုံးသားလေး လှုပ်ခါသွားရသည်။

ပြောမည်ဆိုလျှင် မှုန်နံ့သာကိုယ်တိုင်က နေသူရိန်... သိပ်ချစ်ပါသည်။ ထို့ကြောင့် ချစ်သူ၏တောင်းဆိုလာမှုကိုလည်း မှုန်နံ့သာ လိုက်လျောချင်ပါ၏။

သို့ပေမယ့်လည်း တိုတောင်းလွန်းသည့် ချစ်ရက်... များကြောင့် မောင့်အား ငြင်းဆန်လိုက်ရခြင်းဖြစ်သည်။

"မောင်ရယ် မှုန်လည်း မောင့်ဆန္ဒကို လိုက်လျော...





...ပါတယ်ကွယ်၊ ဒါပေမဲ့ မှုန်မှ ကျောင်းမပြီးသေးတာ၊ မှုန့်ကို ...ည်းနည်းလောက် အချိန်ပေးပါဦးနော် မောင်"

မှုန်နံ့သာသည် ချစ်သူကိုချော့သလို နေသူရိန်၏မေးဖျားကို ...သူမနှုတ်ခမ်းအစုံနှင့် မထိတထိ နမ်းရှိုက်ကာ ဆိုလိုက်သည်။

ထိုအခါ နေသူရိန်သည် သူမကိုယ်လေးကို တင်းတင်း...း ဖျစ်ညှစ်ထွေးဖက်လိုက်ပြီး

"ကျောင်းမပြီးလည်း ဘာဖြစ်လဲကွာ၊ ဒီလိုပဲ ယောက်ျား... ကျောင်းတက်နေတဲ့သူတွေ အများကြီးပါ"

"အို"

ကလေးတစ်ယောက်လို ဖြစ်ချင်တာကို ဖြစ်ခွင့်မရသည့် ...ကလေးဆိုးတစ်ယောက်လို လိုတာမရသူနှယ် မှုန်တည်တည် ...မျက်နှာကြီးနှင့် စကားကို ခပ်ကြမ်းကြမ်းပြောလိုက်သည့် သူ့... ...ားကြောင့် မှုန်နံ့သာမျက်နှာလေး မီးဟပ်သွားသည့်နှယ် ထူပူ... ...သွားရလေသည်။

"မောင်နော် စကားကို ဘယ်လိုကြီးပြောလိုက်တာလဲ



www.burmeseclassic.com

www.burmeseclassic.com



မှုန် ရှက်တယ်''

တကယ်လည်း အရှက်သည်းနေဟန်လေးနှင့် ရဲပတောင်းခတ်နေသော ရှက်မျက်နှာလေးကို သူ့ရင်ခွင်မှာ လာဖွက်ရင်း လက်သီးဆုပ်နုနုလေးများနှင့် ရှက်ကိုးရှက်ကန်း ထုရိုက်နေသော မှုန်နံ့သာကို နေသူရိန်သည် စိတ်လှုပ်ရှားစွာ ငေးမောစိုက်ကြည့်ရင်းက

''မှုန်ရယ် သိပ်ချစ်တယ်၊ မောင်တော့ မှုန်နဲ့အတူတူ နေချင်ပြီ၊ အဲဒီလောက်ထိ ချစ်တယ်''

''မောင်နော် မပြောနဲ့ဆို''

သည်တစ်ခါတော့ မှုန်နံ့သာ အရှက်အိုးမလေးသည် သူ့စကားကြောင့် ဘယ်လောက်ထိ အရှက်လွန်သွားရသည် မသိပါ။

နီမြန်းနေသော ရှက်မျက်နှာလေးနှင့် သူ့ရင်ခွင်ထဲ ခေါင်းလေးကပ်ကာ မျက်နှာလှလှလေးကို လုံးဝမဖော်ပါလေတော့။

ချစ်သူ၏ဟန်လေးကြောင့် နေသူရိန့်ရင်ထဲ မချင့်မရဲဖြစ်ရမှုတို့က ပိုသွားကာ ရင်မှာ အချစ်လှိုင်းကြီး ထန်သွားရပြီဖြစ်သော





နေသူရိန်သည် မှုန်နံ့သာတစ်ကိုယ်လုံးကို သူ့ရင်ခွင်မှာ နွေးထွေးစေလိုက်သည်။

သည်နောက် သူမမျက်နှာလေးထက် ဆက်တိုက်ကျရောက်လာသည့် နေသူရိန်ထံမှ အချစ်တွေ ပိုစွာကျရောက်လာရသည်မှာ သူမမျက်နှာပြင်ပေါ် သိပ်သိပ်သည်းသည်း။

''မောင် သိပ်ဆိုးတာပဲကွယ်''

''အဟွန်း မောင်ဆိုးအောင် မှုန်က ဘာလို့ချစ်ဖို့ကောင်းနေရတာလဲ''

''မောင် မှုန့်ကိုချစ်တာ လှလို့လားဟင်''

''လှလို့ချစ်တာလည်း ပါတယ်၊ ချစ်လို့ လှတာလည်း ပါတယ်''

''မောင်နော်၊ သူ တော်တော်စကားတတ်''

''မောင်က စကားတတ်တာ မဟုတ်ဘူးဗျ၊ မောင့်ကို အဲဒီလိုပြောတတ်အောင် မှုန်နံ့သာဆိုတဲ့ ဟောဒီကောင်မလေးက သင်ပေးနေတာ''



www.burmeseclassic.com

www.burmeseclassic.com



"မောင်နော်၊ မှုန်က ဘယ်မှာသင်ပေးလို့လဲ"

သူ့စကားကို မှုန်နှံ့သာ နားမလည်သလို မျက်ဝန်းလေး ထောင့်ကပ်ကာ ခပ်မှုမှုလေးဆိုလာတော့ နေသူရိန်သည် ရီးစင်းလွန်းသည့် ချစ်သူ၏အပြောနှင့် အမူအရာလေးကို အသည်းယားသွားရကာ မှုန်နှံ့သာနဖူးလေးကို သူ့နဖူးနှင့် ခပ်ဖွဖွပွတ်တိုက်ရင်း

"မှုန်နှုတ်က ကိုယ်တိုင်မသင်ပေးပေမယ့် ဟောဒီ မှုန်ရဲ့မျက်လုံးလေးတွေ နှုတ်ခမ်းလေးတွေက ကိုယ့်ကို စကားတွေအများကြီး သင်ပေးနေတာ ခင်ဗျားလေးမှမသိဘဲ"

"မောင်နော် ကြည့်"

"ကြည့်နေတယ်လေ၊ မှုန့်ဝတ်ထားတဲ့ ပန်းသွေးရောင်ဝတ်စုံလေးရယ်၊ ရှက်မျက်နှာလှလှလေးနဲ့ မျက်လုံးတောက်တောက်လေးရယ်၊ ဝက်လေးလို စူနေတဲ့ နှုတ်ခမ်းဖူးဖူးလေးရယ်၊ ပြီးတော့"

"မောင်"

မထင်ခဲ့ပါ။

လူကြည့်တော့ မျက်နှာထားတည်တည်ကြီးနှင့် စကားကို





ဒီလောက်ထိ နုနုရွရွနှင့် အစအနောက်သန်လိမ့်မည်ဟု သူမထင်မထားခဲ့သော နေသူရိန်သည် ခုတော့ မှုန်နှံ့သာအား ကလေးတစ်ယောက်လို စိတ်ရှည်လက်ရှည် စနောက်နေတာမို့ မှုန်နှံ့သာသည် စိတ်မရှည်တော့သလိုမျိုး သူမထံက အသံလေးက ခပ်ဆောင့်ဆောင့် ထွက်သွားရလေသည်။

ဒါကိုပင် နေသူရိန်သည် သဘောကျသွားရသလိုမျိုး သွားစွယ်လေးများပေါ်အောင် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောနေလေသည်။

မှုန်နှံ့သာမှာ သူမရှေ့တွင် နေသူရိန် ဒီလိုမျိုး နှစ်နှစ်ခြိုက်ခြိုက် ရယ်မောတတ်တာမျိုး တစ်ခါမှ မမြင်တွေ့ဖူးသည်မို့ သူ အခုလို နှစ်နှစ်ခြိုက်ခြိုက် ရယ်မောနေဟန်ကို တအံ့တသြနှင့် မျက်ဝန်းပြူးလေးနှင့် ငေးကြည့်မိသွားရသည်။

"ဟော့ ကောင်မလေး၊ လူကို ဘာကြည့်တာလဲဗျ၊ အေးဗျ မောင် မနေတတ်တော့ဘူးနော်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



နေသူရိန်၏စကားကြောင့် မှုန်နှံ့သာ မျက်နှာလေး ရဲ သွားရသည်။ မှုန်နှံ့သာ်မှ မျက်နှာနီနီလေးဖြင့် နေသူရိန်၏ ရင်ခွင် ကျယ်ကြီးထဲမှ ရုန်းထွက်လိုက်တော့ နေသူရိန်သည် လွှတ်မပေး ပါဘဲ

"ဘာဖြစ်လို့ ဒီလောက်ရုန်းနေရတာလဲ မှုန်နှံ့သာ"

"မသိဘူး၊ လွှတ်"

"မလွှတ်ဘူး၊ ကိုယ်က မှုန်နှံ့သာအတွက် သူစိမ်းလား ကွ"

ပြောနေရင်းက မှုန်နှံ့သာကိုယ်လေးကို တင်းတင်းကြီး ပွေ့ဖက်လာတော့ မှုန်နှံ့သာ ရှက်မျက်ရည်များ ရစ်ဝိုင်းသွားရသည်

"မောင်နော် လွှတ်လို့ပြောနေတယ်၊ မရဘူးလား၊ မှုန်နှံ့သာ ငိုလိုက်မိတော့မှာနော်၊ အဟင့် ဖင့် ဟင့်"

ပါးစပ်ကသာ ပြောရုံတင်မဟုတ်။ မျက်ရည်တွေ တကယ်လည်း ပါးပြင်ပေါ် လိမ့်ဆင်းကျလာသောအခါ နေသူရိန် သည် ကလေးဆန်လွန်းသော ချစ်သူလေး၏ ပါးပြင်ပေါ်





မျက်ရည်စများကို သူ့ပါးပြင်ချောချောကြီးနှင့် ဖယ်ရှားပွတ်သုတ် လိုက်ပြီး

"အဟွန်း ဟွန်း ဟွန်း ကိုယ့်ချစ်သူလေးကတော့ကွာ၊ အရမ်းကလေးဆန်တာပဲ၊ ဒီမျက်ရည်တွေက ဘာလို့ကျလာရတာ လဲ၊ ဒီကောင်မလေး ဒီလောက် အငိုသန်နေပုံထောက်ရင်တော့"

"မောင်"

အစအနောက်သန်လွန်းသော နေသူရိန်ကို မှုန်နှံ့သာ ဒီတစ်ခါ တကယ်ပင် စိတ်ဆိုးလာရပြီမို့ စိတ်တိုတိုနှင့် သူ့အား ခေါ်လိုက်ရင်းက နေသူရိန်၏ ရင်ဘတ်ကြီးကို သူမ သွားစွယ် ချွန်ချွန်လေးဖြင့် ဖိကိုက်ပစ်လိုက်သည်။

"အား"

"ကြည့်သမ်း မင်း သိပ်ဆိုးပါလား မှုန်"

"ဆိုးတယ်၊ ဘာဖြစ်လဲ"

"အေး ဘာဖြစ်လဲဆိုတာ မင်း အခုသိစေရမယ်"

"အမေ့"



www.burmeseclassic.com

www.burmeseclassic.com



""ဟင့်အင်း မောင်နော်""

""အို""

မှုန်နှံ့သာထံမှ ရုက်လန့်တကြား ထွက်ပေါ်လာရသော အသံလေးက နေသူရိန်ရင်ကို ပို၍တုန်ခါသွားစေရသည့်အခါမှာတော့ သူ့စိတ်ကို သူ ထိန်းချုပ်နိုင်စွမ်းမရှိတော့သလို နေသူရိန်သည် မှုန်နှံ့သာအား အနမ်းကြမ်းတွေ ပေးလိုက်မိပါတော့သည်။



## အခန်း (၈)

ချစ်သူအပေါ် ယုံကြည်စိတ်ချခြင်းများစွာနှင့် အချစ်ကြီး ချစ်ကာ ယုံကြည်ခဲ့ရသမျှ မမျှော်လင့်သော တစ်နေ့မှာတော့ မှုန်နှံ့သာသည် နေသူရိန်နှင့်ပတ်သက်ကာ မထင်မှတ်သော အဖြစ်များနှင့် ကြုံတွေ့ခဲ့ရလေသည်။

ထိုနေ့ကို မှုန်နှံ့သာ မမေ့သလို ထိုနေ့သည် သူမဘဝတွင် ဘယ်တော့မှ မေ့လို့ရတော့မည့်နေ့လည်း မဟုတ်ပါ။

သူမနှလုံးသားကို မီးနှင့်အတိုးခံလိုက်ရသလို နာကျင်ခဲ့ရသော ထိုနေ့သည် သူမဘဝအတွက် ဂရုကျသောနေ့လေးလည်း ဖြစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူအပေါ် ချစ်တဲ့စိတ်တစ်ခုတည်းနှင့် ချစ်သူနှင့် ပတ်သက်သမျှကို မျက်စိမှိတ် ယုံကြည်ခဲ့သော မှုန်နံ့သာသည် ချစ်သူနှုတ်မှ စကားများကို မုသားစကားများဟု မထင်ခဲ့သည်က သူမ၏အမှားပင် ဖြစ်ပါသည်။

သူကိုယ်သူ သူများကုမ္ပဏီတွင် အလုပ်လုပ်နေပါသည် ဆိုသော စကားနှင့် သူပြောသမျှ ယုံကြည်ခဲ့သော မှုန်နံ့သာ ချစ်သူနှင့် ပတ်သက်သမျှကိုလည်း သူမ ဘာတစ်ခုမှ စုံစမ်းခြင်း မပြုခဲ့ပါပေ။

နေသူရိန်ဆိုတဲ့ ချစ်သူကို သူမလိုပင် ရိုးသားဖြူစင် ဟန်ဆောင်မှုမရှိသူတစ်ယောက်လို့ ထင်မှတ်ခဲ့သော မှုန်နံ့သာသည် သူနှင့်ပတ်သက်သမျှ သူပြောသမျှကိုလည်း သံသယစိတ်မျှ မဝင်မိခဲ့ပါ။

ချစ်သူအပေါ် ယုံယုံကြည်ကြည်နှင့် မြတ်နိုးနှင့်သီးစွာ ချစ်ခဲ့မိသည်ကိုက မှုန်နံ့သာ၏အမှားပင် ဖြစ်ပါသည်။

ထိုအမှားကို သိလိုက်သည့်နေ့ကလည်း သူမနှလုံးသားကို သွေးစိမ်းရှင်ရှင်ကျအောင် နာကြည်းဆွတ်ကျင်စေရပါသည်။





မှုန်နံ့သာသည် နေသူရိန်ကို ရိုးသားဖြူစင်ကာ ဘာဂုဏ်မှမရှိသည့် အလုပ်သမားတစ်ယောက်အဖြစ်နှင့်သာ သိထားသူဖြစ်သည်။

သို့သော်...

ထိုအသိများကို ပြောင်းလဲစေရသည်က မှုန်နံ့သာသည် သူငယ်ချင်းတစ်ယောက်နှင့်အတူ သူမိတ်ဆွေတစ်ယောက် အလုပ်လုပ်သော ကုမ္ပဏီကို လိုက်သွားရာမှ စလေ၏။

စီးပွားရေးလောကတွင် အောင်မြင်နေသော ကုမ္ပဏီကြီးတစ်ခုကို အောင်အောင်မြင်မြင်နှင့် ကြီးကျယ်ခမ်းနားစွာလုပ်နေသော ဒီကုမ္ပဏီထဲသို့ ဝင်လိုက်သည်ဆိုရင်ပဲ ရနံ့တစ်မျိုးဖြင့် သင်းပျံ့နေရသော အေးစိမ့်နေသည့်လေက ဝင်လာသူအား ဆီးကြိုနေလေသည်။

မှုန်နံ့သာသည် မိတ်ဆွေတစ်ဦးနှင့် စကားပြောနေသော သူငယ်ချင်းကို စောင့်ရင်းက သူမအကြည့်လေးများက ကြီးကျယ်ခမ်းနားလွန်းသည့် ကုမ္ပဏီကို အကြည့်လေးများ ဝေ့ဝဲကာ ကြည့်နေမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရင်းက မှုန်နံ့သာ မျက်ဝန်းလှလှလေးတစ်စုံသည် တစ်နေရာဆီသို့ ဖျတ်ခနဲ ရောက်ရှိသွားရာ

"ဟင်"

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် မှုန်နံ့သာတစ်ယောက် နေရာမှာပင် အံ့သြမှင်တက်စွာ ဖြစ်သွားရသည်။

ကြည့်စမ်းပါဦးတော့။

သူမ မြင်တွေ့လိုက်ရသူက သူ့ကိုယ်သူ သူများကုမ္ပဏီ တွင် အလုပ်လုပ်နေရပါသည်ဆိုသော မှုန်နံ့သာချစ်သူ နေသူရိန် ပင်ဖြစ်သည်။

နေသူရိန်ကတော့ သူမကို မမြင်ပါ။ သူမဆီလာတိုင်း ခပ်နွမ်းနွမ်းအဝတ်အစားများသာ ဝတ်လာတတ်သော သူမချစ်သူ နေသူရိန်နှင့် ယခု သူမမြင်တွေ့နေရသော နေသူရိန်က တခြား ပင် ဖြစ်လေ၏။

တည်ကြည်ခန့်ညားသော မျက်နှာ၊ လူကြီးလူကောင်း ဆန်စွာ ဝတ်စားထားသည့် အဝတ်အစားများနှင့် တကယ့်လုပ်ငန်း ရှင်တစ်ယောက်ပုံစံ ရှိနေရပါသော နေသူရိန်သည် နိုင်ငံခြားသား





အုပ်စုနှင့် ကုမ္ပဏီအပေါက်ဝတွင် ရယ်မောကာ စကားများပြော ဆိုနေလေသည်။

သူ့ပုံစံက တကယ့်ကို လူကြီးလူကောင်းတစ်ယောက်၏ ပုံစံ ရှိနေရုံမက ယုံကြည်မှုလွှမ်းကဲစွာ ရှိနေရသော သူ့မျက်နှာ အသွင်အပြင်နှင့် နိုင်ငံခြားသားများနှင့်ရပ်ကာ စကားကို လေးလေး စားစား ဆိုနေပါသော နေသူရိန်ကိုကြည့်ပြီး မှုန်နံ့သာ နှလုံးသား တစ်ခုလုံး ပူနွေးလာရသလို မျက်ဝန်းများလည်း ပြာဝေလာရ သည်။

မြတ်စွာဘုရား။

သူမ သိပ်ချစ်ရပါသော မောင့်ကို မှုန်နံ့သာ မြင်တွေ့ နေကျပုံစံနှင့်မဟုတ်ဘဲ သူမ အမြဲမြင်တွေ့နေကျပုံစံနှင့် တခြားစီ လူကြီးလူကောင်းဆန်ဆန် ဝတ်စားလျက် ကုမ္ပဏီတွင် တွေ့ရခြင်း က မောင်နှင့် ဒီကုမ္ပဏီသည် ဘယ်လိုများ ဆက်စပ်မှုရှိနေရပါ သလဲ။

မောင်သည် ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ပါသည် ပြောပေမယ့် မောင်ပြောခဲ့သော ကုမ္ပဏီသည် ဒီကုမ္ပဏီမဟုတ်ပါ။

မှုန်နံ့သာရင်ထဲ မောင်နှင့်ပတ်သက်ကာ သံချင်းစိတ်များ



www.burmeseclassic.com

www.burmeseclassic.com



က ရင်ထဲ ပထမဦးဆုံးအကြိမ် ဝင်ရောက်လာရ၏။

သူမကြည့်နေဆဲ မိတ်ဆွေတစ်ယောက်နှင့် စကားပြောနေသော သူမ၏သူငယ်ချင်းသည် ထိုမိတ်ဆွေနှင့်အတူ သူမအနားရောက်ရှိလာလေသည်။

မှုန်နံ့သာမှာ ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ သူမရင်ထဲ နေသူရိန်နှင့်ပတ်သက်ကာ သိချင်နေရသမျှ မေးလိုက်လေသည်။

"ညီမ အစ်မကို တစ်ခုလောက် ကူညီပါလား"

ပြုံးရွှင်နေသော မျက်နှာလေးနှင့် ဖော်ရွေသဘောကောင်းလှန်းသည့် ကုမ္ပဏီဝန်ထမ်း မိန်းကလေးကို မှုန်နံ့သာသည် အပြုံးလေးနှင့်ကြည့်ပြီး

"တခြားတော့မဟုတ်ပါဘူး ညီမရယ်၊ ဟောဟိုက နိုင်ငံခြားသားအုပ်စုနဲ့ စကားပြောနေတဲ့ ဒီဘက်ကလူကို ညီမများ သိမလားလို့ပါ"

"ဘယ်သူလဲ အစ်မ၊ အစ်မပြောတာ ဆရာ့ကိုများလား"

"ဆရာဆိုတာ ဒီဘက်က ရှပ်လက်ရှည်အဖြူနဲ့လူကို ညီမပြောတာလား"

"ဟုတ်တယ်လေ အစ်မ၊ ဆရာက ဒီကုမ္ပဏီရဲ့ မန်နေဂျင်းလေ၊ ဦးနေသူရိန်တဲ့၊ ဆရာက သိပ်သဘောကောင်းတာ အစ်မရဲ့၊ ဘာလဲ အစ်မနဲ့သိလို့လားဟင်"

"ဟင် ဟင့်အင်း၊ မသိပါဘူး"

မှုန်နံ့သာသည် ထိုစကားကို အယောင်ယောင်အမှားမှားနှင့် ဖြေလိုက်ရသည်။

ရင်ထဲမှာတော့ အရှိန်ပြင်းထန်သည့် အင်အားကြီးမားသည့် မီးတောင်တစ်ခု ပေါက်ကွဲသွားရပြီဖြစ်သည်။

သူမ ကြည့်နေတာကို မသိသည့် နေသူရိန်ကတော့ ယခုအချိန်ထိ သူမကို မမြင်သေးပါ။

မြင်နေရသည့် မှုန်နံ့သာမှာသာ သူ့ကိုကြည့်ပြီး ရင်မှာနာကျင်ကြေကွဲစွာ ဒေါသစိတ်တွေ အစုလိုက်အပြုံလိုက် ဖြစ်နေရတော့သည်မှာ နှလုံးသားတစ်ခုလုံး သွေးစိမ်းရှင်ရှင် ထွက်နေရသည့်အဖြစ်။

ရက်စက်လိုက်တာ။






www.burmeseclassic.com

www.burmeseclassic.com



သိပ်ရက်စက်တာပဲဆိုသည့် စကားကို ရင်မှာ နာကျ
ကြေကွဲစွာဆိုရင်း နှုတ်ခမ်းသားလေးကို ဖိကိုက်ပစ်လိုက်သည်

ဦးနေသူရိန်။

ပြောတော့ဖြင့် သူ့ကိုယ်သူ သူများကုမ္ပဏီတွင် အလု
လုပ်နေရပါသည်ဆိုသောလူက ခုတော့ဖြင့် စီးပွားရေးလောကတွ
အောင်မြင်နေသော ကုမ္ပဏီကြီးတစ်ခုကို ဦးဆောင်လုပ်ကိုင်နေ
သည့် မန်နေဂျင်းဒါရိုက်တာတစ်ယောက် ဖြစ်နေသည်တဲ့လား။

ဘယ်မှာလဲ၊ သူမ သိသည့် ရိုးသားဖြူစင်ပါသည်
သော သူမ၏ချစ်သူ အလုပ်သမား နေသူရိန်။

ထိုလူသည် ခုတော့ ဘယ်ဆီကိုရောက်သွားပါပြီလဲ။

နှုတ်ခမ်းသားလေးများကို ဖိကိုက်ထားသည့်ကြား
မှုန်နံ့သာ မျက်ဝန်းအိမ်ဝယ် မျက်ရည်ကြည်များက အတားအ
မရှိ ရစ်ဝဲလာပါသည်။

သည်နောက် ရင်အစုံကို နာကျင်စေလာရသည်။ တည်
ကြည်ချောမော ခန့်ညားသော သူ့ရုပ်သွင်နှင့် သူ့အသွင်သ
သူ၏ဘဝနှင့် ဘယ်လိုမှမလိုက်ဖက်ဆိုတာကို မှုန်နံ့သာ အ





တည်းက သိခဲ့ပါသည်။

သိပေမယ့် ချစ်သူသည် သူမကို ဒီလိုမျိုး ညာရက်လိမ့်
ည်ဟု သူမ မထင်ခဲ့ပါ။

ထိုသည်က ချစ်သူအပေါ် ယုံကြည်ခဲ့သည့် သူမ၏
ကြည်မှုဖြစ်သလို သူမ၏ချစ်သူသည် ဒီလိုမျိုးဘဝနှင့် မြင့်မား
သော ယောကျ်ားတစ်ယောက်ဖြစ်နေလိမ့်မည်ဟု မထင်ခဲ့သော
ကြောင့်လည်း ဖြစ်လေသည်။

သူမချစ်သော မောင်သည် ဘယ်လိုကြည်လင်သန့်ရှင်း
သော ရုပ်ရည်နှင့် ပန်းသွေးရောင်သမ်းနေသော အသားအရေကို
င်ဆိုင်ထားကာ တည်ကြည်ချောမောသော ရုပ်ရည်နှင့် သူများဆီ
အလုပ်လုပ်နေရသည့် အလုပ်သမားတစ်ယောက်ရယ်လို့ ဘယ်လို
ထင်ရက်စရာမရှိခဲ့သည်ကို မှုန်နံ့သာ သိနေပေမယ့် သူ့ကိုချစ်မိ
ည့် စိတ်တစ်ခုတည်းနှင့် သူပြောသမျှ သူလိမ်ညာသမျှ စကား
းကို မျက်စိမှိတ်ယုံကြည်ခဲ့မိသည်က မှုန်နံ့သာ သူ့အပေါ်
က်ကန်းအချစ်နှင့် ချစ်ခဲ့မိသောကြောင့် ဖြစ်ပါသည်။

ထိုအချစ်တွေက သူမကို ယခု ကောင်းကောင်းကြီး ခံစ

www.burmeseclassic.com

www.burmeseclassic.com



ပေးနေရပြီဖြစ်သည်။

မှုန်နံ့သာသည် အံ့သြမှင်တက်စွာ သူ့ကိုကြည့်နေရင်းက သူမချစ်ကို လိမ်ညာရက်သူ၊ လှည့်စားရက်သူအဖြစ်နှင့် ရင်မှာ နာကျင်ကြေကွဲဆို့နင့်လာရသည့်အခါမှာတော့ မှုန်နံ့သာသည် သူ့မျက်နှာကို ဆက်ပြီးကြည့်နိုင်စွမ်းမရှိတော့သလို ရင်မှာ တဆစ်ဆစ် ကြေကွဲနာကျင်မှုတွေနှင့် မျက်ဝန်းအိမ်မှ ကျလုကျခင် မျက်ရည်များကို အံကြိတ်ကာ တင်းခံထားလိုက်သည်။

ဘဝတစ်သက်တာတွင် တစ်ယောက်သာ ချစ်ခဲ့ဖူးသည့် သူမအချစ်ကို လိမ်ညာယူရက်လေသည့် နေသူရိန်ကိုလည်း မှုန်နံ့သာ မကြည့်ချင်တော့သလို မတွေ့လည်း မတွေ့ချင်တော့ပါ။

မှုန်နံ့သာထံမှ အချစ်ကို လိမ်ညာယူရက်သော နေသူရိန် ကို မှုန်နံ့သာသည် နာကြည်းမုန်းတီးမှုတွေနှင့် စိတ်မှာ နာကျင် လွန်းမက နာကျင်လာရသည်မို့ သူရှိသော ထိုနေရာတွင် မနေချင် တော့အောင် ဖြစ်လာရသည့်အဆုံး မှုန်နံ့သာသည် သူမကိုယ်လေး ကို နေရာမှ ချာခနဲ အပြေးလေးထွက်လာခဲ့လိုက်သည်။

အနားမှနေ တဖျပ်ဖျပ်ပြေးထွက်သွားသော ခြေသံကြောင့်





နေသူရိန်သည် ညှို့သည်များနှင့် စကားပြောနေရာမှ သူ့အကြည့် များက အနားမှဖြတ်သွားသည့် ခြေသံရှင်ထံ အကြည့်များရောက် ရှိသွားရာ

"ဟင်"

နေသူရိန်၏ ရင်အစုံမှာ တုန်ယင်လှုပ်ရှားသွားရသည်။

"မှုန်"

"မှုန်နံ့သာ"

သူ ဘယ်လိုပင်ခေါ်ပါသော်လည်း မှုန်နံ့သာသည် လှည့် မကြည့်ပါတော့။

သူ မှုန်နံ့သာအနားသို့ အပြေးလေးရောက်ရှိသွားချိန်မှာ တော့ မှုန်နံ့သာသည် အငှားကားတစ်စီးပေါ်တွင် လိုက်ပါသွားခဲ့ ရပြီဖြစ်သည်။

သူ့စိတ်ရင်းအတိုင်းဆိုပါက နေသူရိန်သည် မှုန်နံ့သာ နောက်ကို ချက်ချင်းပင် အပြေးလေးလိုက်သွားမှာဖြစ်ပေမယ့် ခု သူသည် နိုင်ငံခြားသားညှို့သည်များနှင့် စကားပြောနေချိန်မို့ နေသူရိန် သူ့စိတ်ကို သူ လျှော့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မလျှော့လို့ကလည်း မဖြစ်ပါ။

သူသည် ညှို့သည်များနှင့် စကားပြောရုံမက ထို ညှို့သည်များကို တစ်ဆက်တည်း ညှို့ခံစကားပြောရဦးမည် ဖြစ်သည်။

ထိုအတွက် နေသူရိန်ရင်ထဲ လေးလံသွားရသည်။

ချစ်သူသည် သူ့အပေါ် အထင်အမြင်လွဲမှားသွားခဲ့ရပြီ ဖြစ်သည်။ ချစ်သူ၏စိမ်းလဲ့နေသော မျက်ဝန်းရူးရူးတောက်တောက် လေးနှင့် အကြည့်များက နေသူရိန် ရင်မှာ စိုးရိမ်မှုတွေ အကြီး အကျယ် ပိုသွားစေရသည်မဟုတ်ပါလား။



## အခန်း (၉)

မှန်နံ့သာ သူ့အပေါ် အထင်လွဲသွားပြီးကတည်းက နေသူရိန်သည် မှန်နံ့သာရှိရာ ကျောင်းကိုရော အိမ်ကိုပါ အကြိမ်ကြိမ် လိုက်သွားပေမယ့် သူ တွေ့ချင်မြင်ချင်ခဲ့ပါသည့် မှန်နံ့သာ ကိုတော့ နေသူရိန် မမြင်မတွေ့ခဲ့ရပါ။

နေသူရိန်မှာ သူ့အပေါ် အထင်အမြင်လွဲသွားသည့် ချစ်သူ ားကို သူ့အမှားတွေ တောင်းပန်ရှင်းပြဖို့ သူ အကြိမ်ကြိမ်ကြိုး ားပေမယ့် ချစ်သူသည် သူ့အား ထိုအခွင့်အရေး မပေးခဲ့ဝါဘေ

သူ့အပေါ် အထင်အမြင်လွဲကာ စိမ်းကားရက်စက် ောင်ဖယ်နေသည့် မှန်နံ့သာကြောင့် နေသူရိန်နှလုံးသားများ နာကျင်



www.burmeseclassic.com

www.burmeseclassic.com



နေရပေမယ့်လည်း နေသူရိန်ကတော့ ဇွဲမလျှော့ပါပေ။

ချစ်သူမျက်နှာကိုမြင်တွေ့ရဖို့ သူ့အမှားတွေအတွက် ရှင်းပြ တောင်းပန်ရန် မှုန်နှံ့သာကို သူ ဘယ်လိုပင်ဆုံတွေ့ဖို့ ကြိုးစားခဲ့ ပေမယ့် မှုန်နှံ့သာကတော့ စိမ်းကားရက်စက်စွာဖြင့် သူ့အား ထို အခွင့်အရေး မပေးခဲ့ပါ။

ထိုအခါ ရင်နာရသူက နေသူရိန်ပင်ဖြစ်လေသည်။

နေသူရိန်မှာ မှုန်နှံ့သာ သူ့အပေါ် ထိုသို့စိမ်းကားစွာ ရက်စက်ရှောင်ဖယ်နေလေလေ သူ့နှလုံးသားက နာကျင်ရလေ့ နာကျင်မှုဝေဒနာများကို ရင်မှာပိုက်ရင်း ချစ်သူ၏အရိပ်ကို အ မပြတ် စောင့်ပေးနေလေသည်။

အချိန်နေ့ရက်လေးများသာ ကုန်ဆုံးသွားခဲ့ရပါသည်။ နေသူရိန် စောင့်မျှော်တမ်းတ တွေ့ချင်နေရသူလေးကို မမြင်မတွေ့ ရသည့်အခါ နေသူရိန်၏နှလုံးသားသည် မခံမရပ်နိုင်အောင် နာကျင် လာရသည်။

သူ့ဘဝတစ်သက်တွင် သူ့နှလုံးသား၌ မြတ်မြတ်နိုးနိုး



သူ့ရင်ထဲက အချစ်များအားလုံး ပေးဆပ်ကာ ချစ်ခဲ့မိသူက မှုန်နှံ့သာ ဆိုသည့် မိန်းမချောလေးတစ်ယောက်သာ ရှိခဲ့ပါ၏။

ချစ်သူကို သိပ်ချစ်ခဲ့ပေမယ့် ချစ်သူအား သူ့ဘဝမှန်ကို ဖွင့်မပြောခဲ့ခြင်းက မှုန်နှံ့သာဆိုသည့် ချစ်သူအပေါ် တမင်လိမ်ညာ လှည့်စားချင်လို့ မဟုတ်ဆိုတာကိုတော့ သူကိုယ်သူ သိပါ၏။ ထိုအတွက် သူ့အမှားကို သူလည်း နေသူရိန် သိပါ၏။

ဒါကလည်း သူ့တွင် တခြားအကြောင်းပြချက်မရှိပါ။ ကလေးဆန်သော အပြုအမူလေးနှင့် ချစ်စရာမျက်နှာလှလှလေးကို မြင်လိုက်ရကတည်းက သူ့ရင်ထဲ တစ်ကြိမ်တစ်ခါမှ မဖြစ်ခဲ့ဖူး သော ရင်အစုံက လှုပ်ရှားခဲ့ရသည်။

ကလေးဆန်ကာ ချစ်စဖွယ်ကောင်းသည့် သူမလေးကို ချစ်သည့်စိတ်နှင့်ပင် နေသူရိန်သည် သူ့ဘဝမှန်ကို ဖွင့်မပြောခဲ့ဘဲ သူမလေးအား ကလေးတစ်ယောက်လို ဖုံးကွယ်စနောက်မိသည့် ခံဖြစ်က အခုတော့ သူ့အား နှောင်တတွေ ရစေရလေသည်။

မှုန်နှံ့သာနှင့်ပတ်သက်ကာ သူ့ဘဝမှန်ကို ဖုံးကွယ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရသည်ကိုပင် နွယ်နီသည် အံ့ဩသလို ရှိခဲ့ပေမယ့် သူ ဂရုမစိုက်ခဲ့ပါ။ နွယ်နီကိုပင် သူ့ဘဝမှန်ကို ဖွင့်မပြောခဲ့ရန် တောင်းပန်ခဲ့သည့်အဖြစ်ကို နွယ်နီသည် တအံ့တဩနှင့် လက်ခံခဲ့ရလေသည်။

နေသူရိန်ဆိုတာက ဘယ်မိန်းကလေးတစ်ယောက်နှင့်မှ သူ အခုလိုမျိုး အပြုအမူများ မလုပ်ခဲ့ပါ။

မရှက်တမ်းဝန်ခံရလျှင် နွယ်နီကိုယ်တိုင်က သူ့မေတ္တာကို မျှော်လင့်ခဲ့သူတစ်ယောက်ဖြစ်သည်။

သို့သော် နေသူရိန်ကတော့ နွယ်နီအပေါ် ညီမတစ်ယောက်အဖြစ်ထက် မပိုခဲ့ပါ။

နေသူရိန်ဆိုတာက သူ့ရင်ထဲက အချစ်များကို လွယ်လွယ်နှင့် ဘယ်မိန်းကလေးကိုမှ ပန်ဆင်ခွင့်မပေးခဲ့ပါ။

နေသူရိန်သည် အချစ်ကိုတန်ဖိုးထားတတ်သူတစ်ယောက်ဖြစ်လေသည်။ သူ့ရင်ထဲက သူ တကယ်ချစ်မြတ်နိုးရသည့် မိန်းကလေးကိုမှ နေသူရိန်သည် သူ့ရင်ထဲက အချစ်များ ပေးအပ်မည်ဟူ၍လည်း နေသူရိန် ဆုံးဖြတ်ခဲ့သူဖြစ်သည်။



သူ့ဘဝတွင် သူ ချစ်မိသည့်မိန်းကလေးနှင့် သူ လက်ထပ်မည့် မိန်းကလေးသည် တစ်ယောက်တည်းဖြစ်ရမည်ဟူ၍လည်း နေသူရိန် ဆုံးဖြတ်ခဲ့သည်က ဟိုယခင်ကတည်းကပင်။

ဒါကြောင့်လည်း နေသူရိန်သည် သူ့ဘဝ သူ့နှလုံးသားထဲကို ဘယ်မိန်းကလေးတစ်ဦးတစ်ယောက်ကိုမှ လွယ်လွယ်နှင့် ဝင်ခွင့်မပြုခဲ့ပါပေ။

သူ တကယ်ချစ်မြတ်နိုးသည့် မိန်းကလေးကိုသာ သူ့ဘဝ သူ့ရင်ခွင်တွင် နားခိုခွင့်ပြုရန် ဆုံးဖြတ်ထားသော နေသူရိန်သည် မှုန်နှံ့သာကို တွေ့လိုက်ရသည့်အခါမှာတော့ သူ့နှလုံးသားထဲက တမ်းတမျှော်လင့် တောင့်တနေရသော မိန်းကလေးပဲဆိုတာကိုလည်း နေသူရိန် ချက်ချင်းပင်သိနားလည်လိုက်သည်။

ထိုသို့ နားလည်လောက်အောင်လည်း မှုန်နှံ့သာအား မြင်မြင်ချင်းပင် သူ့ရင်ခုန်သံတွေ အဆမတန် မြန်ဆန်လှုပ်ရှားလာရသောကြောင့်ဖြစ်သည်။

ခုတော့ သူ့နှလုံးသားက မြတ်နိုးနှင့်သည်းစွာ ချစ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည့် ချစ်သူလေးသည် သူ့ကိုထားကာ သူ့အပါးမှ အဝေးသို့ ထွက်သွားရပြီဖြစ်သည်။

သည်လိုအခြေအနေမျိုးကိုတော့ နေသူရိန် အဖြစ်မခံနိုင်ပါ။ သူမြတ်နိုးရပါသည့် ချစ်သူလေးထံမှ အချစ်များကို နေသူရိန် ခက်ခက်ခဲခဲ ယူခဲ့ပြီးမှ သူ ဒီလိုနှင့် အလျှော့ပေးဆုံးရှုံးလိမ့်မည် မဟုတ်ပါ။

အချစ်ကိုတန်ဖိုးထားသည့် သူ့အတွက် သူ့နှလုံးသားတို့ သူ ဘာကြောင့်နှင့်မှ အထိအခိုက် အပွန်းအပဲ့ခံလိမ့်မည်မဟုတ်။

သည်ဆုံးဖြတ်ချက်တွေကြောင့်လည်း နေသူရိန်သည် မှုန်နံ့သာ သူ့အား ဘယ်လိုပင် ရက်စက်စိမ်းကားရှောင်ဖယ်သွားပါစေ၊ သူကတော့ မှုန်နံ့သာရှိရာ မှုန်နံ့သာ သွားလေရာ နေရာများကို နာကျင်လှသောရင်ဖြင့် ရောက်ရှိနေတတ်သူလည်းဖြစ်သည်။

သူ့အတွက် ဒီအဖြစ်တွေက တစ်ရက်မဟုတ်သလို နှစ်ရက် သုံးရက်မက ရက်လေးများ ကုန်ဆုံးလာသည့်အခါမှာတော့ သူ့အားရှောင်နေသော ချစ်သူလေးကို နေသူရိန်သည် ရှောင်





လွဲလို့မရအောင် ရင်ဆိုင်ပစ်လိုက်သည်။

သူမအား မမြင်မတွေ့ရသည့်အချိန် တစ်ပတ်အတွင်းဝယ် မှုန်နံ့သာသည် အလှသွေးတွေပါကြွယ်ကာ ယခင်ကထက်ပင် ပို၍ လှနေလေသည်။

သူ့အားရှောင်ဖယ်နေသော သူမ ဒီတစ်ခါတော့ ရှောင်ဖယ်၍မရတော့ပါ။ သိဝ်လှသော သူမ ကျောင်းလာသည့်အချိန်ကို သူသည် စိတ်ရှည်လက်ရှည်နှင့်စောင့်ရင်းက သိပ်လှသော မှုန်နံ့သာ ကို ငေးကြည့်နေသည့် ကျောင်းသားများ၏အကြည့်များကို မြင်ရတော့ နေသူရိန်ရင်ထဲတွင် နာလိုခံခက်တို့ဖြင့် တစ်ယောက်တည်း သဝန်တိုနေရတော့သည်။

ချစ်သူအပေါ် သဝန်တိုမှု ချစ်ဒေါသတွေကြောင့် နေသူရိန်၏ မျက်နှာချောချောကြီး ရှုတည်တည် ခက်ထန်နေရကာ လူက ဘာကို ဒေါသဖြစ်မှန်းမသိ ဖြစ်နေရတော့သည်။

သူ့အဖြစ်ကို မှုန်နံ့သာကတော့ ဘာမှမသိပါ။ နေသူရိန် ၏လိုက်သော ရင်ထဲမှဝေဒနာများကြောင့် မှုန်နံ့သာသည် ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



တွေ အလူးအလဲခံစားခဲ့ရသည်မှာ သူမ ကျောင်းပင်မတက်နိုင်ခဲ့။

ရင်မှာ တစ်ခါမှမဖြစ်ပေါ်ခဲ့ဖူးသော အချစ်များဖြင့် မှန်နံ့သာကတော့ ချစ်လိုက်ရတာ။

သူကတော့ မှန်နံ့သာအချစ်ကို အထင်သေးကာ နောက်ကွယ်ကနေ သူ လိမ်ညာလှည့်စားသမျှကို ယုံကြည်သူအဖြစ် သူ့အချစ်ကို စော်ကားလိုက်ပုံက သူမအတွက် ခွင့်လွှတ်နိုင်စရာ မရှိခဲ့ပါ။

တကယ်ဆို သူသည် သူမကို သူ့ဘဝမှန်အား ဖွင့်ပြောခဲ့ဖို့ ကောင်းပါသည်။ သူသာ သူမကို ပွင့်ပွင့်လင်းလင်း ပြောတော့ ရော ဘာဖြစ်မှာတဲ့လဲ။

မှန်နံ့သာချစ်တာ ချစ်ခဲ့တာ သူ့တွင်ရှိသော ဂုဏ်အဆောင်အယောင်များကို မဟုတ်ပါ။

နေသူရိန်ဆိုသည့် လူတစ်ယောက်ကို သူမ စသိကတည်းက သူများဆီ အလုပ်လုပ်နေရသော အလုပ်သမားတစ်ယောက် အဖြစ်နှင့်သာ သိခဲ့ချစ်ခဲ့တာဖြစ်သော မှန်နံ့သာမှာ သူ ဘာဖြစ်





နေနေ ဂရုစိုက်လိမ့်မည်မဟုတ်။

မှန်နံ့သာလိုချင်သည်က ဟန်ဆောင်မှုမပါ ရိုးသားဖြူစင်သည့် ချစ်ခြင်းပင်ဖြစ်သည်။ နေသူရိန်ထံမှ သူမ မျှော်လင့်တောင့်တသည်ကလည်း ထိုကဲ့သို့ ဖြူစင်သန့်ရှင်းသည့် အချစ်တစ်ခုတည်းသာ ဖြစ်လေသည်။

တကယ်တမ်း သူမ ရရှိလိုက်သည်က သူထံက ဟန်ဆောင်လိမ်ညာဖုံးကွယ်ထားသည့် လှည့်စားမှုပါသော ချစ်ခြင်းများမို့ ရင်မှာ နာကျင်ရပါသည်။

နာကျင်မှုနှင့်အတူ မှန်နံ့သာသည် နေသူရိန်ဆိုသည့် ဒီလူတစ်ယောက်ကို မေ့ထားပါတော့မည်လို့ ဆုံးဖြတ်ထားသည့်ကြားက လွမ်းဆွတ်မှုတွေက ရင်မှာ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာရသည့်အဖြစ်ကလည်း သူမအတွက် မုန်းချင်စရာပင်။

မှန်နံ့သာသည် ချစ်သည့်စိတ်ကို နာကျင်မှုတွေနှင့် ဖြေသိမ့်ပါသော်လည်း သူမရင်ထဲက ဝေဒနာသောကမီးကိုတော့ ဘယ်လိုနည်းနှင့်မှ ဖြေသိမ့်၍မရခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်နင့်သည်းစွာ ခံစားနေရသည့် ဝေဒနာတွေနှ[င့်] အပူရုပ်ကို ဟန်လုပ်ကာ နေခဲ့ရသော မှုန်နံ့သာသည် မုန်းပါသည် နာကြည်းရပါသည်ဆိုတဲ့ကြားက သူ့အား ရင်မှာ ပြင်းထန်စွာ သတိရလာမှုတွေကြောင့် တစ်ယောက်တည်း ကျိတ်ပြီးငိုခဲ့ရသည့် အဖြစ်များကလည်း မနည်းတော့ပါပေ။

'မှုန်နံ့သာကို သိပ်ချစ်တာပဲ' ဆိုသည့် သူ့စကားများကို ပြန်လည်ကြားယောင်တိုင်း မှုန်နံ့သာရင်ထဲ မချိအောင် နာကျင် ကြေကွဲရပါသည်။

အချစ်ကို ဟန်ဆောင်မှုတွေနှင့် လိမ်ညာယူရက်သည့် သူ့ကို မှုန်နံ့သာ တူးခါးနေအောင် မုန်းရသည်မို့ ဒီလိုလူနှင့်လည်း သူမ နောက်တစ်ကြိမ် မဆုံလိုတော့ပါ။

ဒါကြောင့်လည်း မှုန်နံ့သာသည် နေသူရိန်အား ရှောင် ဖယ်သည့်သဘောနှင့် ဒီရက်တွေမှာ ကျောင်းမတက်ဖြစ်ခဲ့ပေ။ နေသူရိန် သူမရှိရာ ကျောင်းနှင့်အိမ်ကို လာမှန်းလည်း မှုန်နံ့သာ သိနေပါ၏။





ကြားပါ သိပါသော်လည်း မှုန်နံ့သာသည် သူ့အဖြစ်ကို လျစ်လျူရှုခဲ့လေသည်။

တကယ်ဆို မှုန်နံ့သာကိုယ်တိုင်လည်း သူ့ကို တွေ့ချင် မြင်ချင်မိပါ၏။ ဒါက သူနှင့်သူမကြား ဘာပြဿနာမှမရှိခဲ့ပါလျှင် ဖြစ်သည်။

ခုတော့ နေသူရိန်ဆိုသည့် လူတစ်ယောက်က သူမ နှလုံးသားထဲက အချစ်များကို ဟန်ဆောင်လိမ်ညာယူရက်ခဲ့သူ ဖြစ်သည်မို့ မှုန်နံ့သာမှာ သူမအဖြစ်ကို တွေးလိုက်တိုင်း ရင်မှာ နာကျင်မှုတွေနှင့်သာ ခံစားနေရတော့သည်။

မှုန်နံ့သာမှာ နေသူရိန်ဆိုသည့် သူ့အား နာကြည်းမုန်းတီး နေသည်မှာ သူ့မျက်နှာကိုပင် မမြင်ချင်တော့သလို သူ့အသံကို လည်း မကြားချင်တော့ပါ။

မှုန်နံ့သာ ကျောင်းကိုသာလာခဲ့ရပေမယ့် သူမရင်ထဲတွင် တော့ နေသူရိန်အား တွေ့နေဦးမလားဆိုသည့် အတွေးစိတ်က ရင်မှာတဒိတ်ဒိတ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မမြင်မတွေ့ရသဖြင့် စိတ်မှာအနည်းငယ်အေး ပေမယ့် အခုလို မမြင်မတွေ့ရပြန်တော့လည်း သူမရင်ထဲ ဘာလိုင် တစ်မျိုးကြီးဖြစ်သည်။

အရင်ကသာဆိုပါက သူမဘေးတွင် သူ ရှိနေတတ် မယ့် အခု သူ မရှိတော့ပါ။

သူမ အချစ်ကို လိမ်ညာလှည့်စားသွားသည့် သူ့ကိုလည်း မွန်နှံ့သာ မရှိစေချင်တော့။

လူလိမ်၊ လူညာ။

အလကားလူ၊ သိပ်မုန်းတယ်။

ထိုစကားကို မွန်နှံ့သာသည် နှုတ်ခမ်းလေးဖိကိုက်ထ စိတ်ထဲမှ ဆိုလိုက်ရင်းက နှုတ်ခမ်းထောင့်စွန်းလေး ကွေးတင် သွားရုံ သူမ နှာနှာကြည်းကြည်း ပြုံးလိုက်မိသည်။

အပြုံးနှင့်အတူ သူ့အား သိပ်မုန်းပါသည်ဆိုတဲ့ စကား ကလည်း ရင်ထဲ ပွဲတင်ထပ်နေရတော့သည်။

"မွန်နှံ့သာ"





သူမအနားတွင် နီးကပ်စွာခေါ်လိုက်သည့် ခေါ်သံကြောင့် [illegible]နှံ့သာအတွေးများမှ လန့်နိုးသွားရသည်။

"ဟင်"

"ရှင်"

"ရှင် ဦးနေသူရိန်"

တည်ကြည်စူးရှသော အကြည့်စူးစူးကြီးများနှင့် မွန်နှံ့သာ အား ငေးစိုက်ကြည့်နေသော နေသူရိန်ကို တွေ့လိုက်ရသည်နှင့် မွန်နှံ့သာ မျက်နှာလေး ပျက်သွားရသည်။

"ရှင် ရှင် ဒီကိုဘာလာလုပ်တာလဲဟင်"

"မွန်ရယ် မောင် တောင်းပန်ပါတယ်ဗျာ၊ မောင့်အမှား [illegible]အတွက် မောင် ရှင်းပြပါရစေ"

ပုံစံမပျက် အေးဆေးတည်ငြိမ်စွာ ဆိုလာသော နေသူရိန် အားကြောင့် မွန်နှံ့သာ မျက်နှာလေး တင်းမာသွားရသည်။

ကြည့်စမ်း။

ဘယ်လောက်များ မျက်နှာပြောင်တိုက်လိုက်သည့် လူလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ။ သူမအား ဟန်ဆောင်လိမ်ညာထားသမျှ သူ မဟုတ်သလို ပုံစံမပျက် မျက်နှာတည်တည်ကြီးနှင့် ရှိနေသော သူ့ပုံစံကိုမြင်ရ လေလေ မှုန်နံ့သာ စိတ်တိုဒေါသဖြစ်ရလေနှင့် ရင်ထဲတွင် ဒေါသ တွေ ဖြစ်လို့မဆုံးနိုင်တော့ပါ။

"ရှင် ဒီကထွက်သွားရင် ကောင်းမယ် ဦးနေသူရိန်၊ ရှင့်မျက်နှာကို ကျွန်မ မမြင်ချင် မတွေ့ချင်တော့ဘူးဆိုတာ ရှင် မသိဘူးလားဟင်"

နာကြည်းမှုတွေကြောင့် မှုန်နံ့သာ အသံလေး တုန်ခါ အက်ကွဲနေရသည်။

"မှုန် မောင့်ကိုစိတ်ဆိုးနေမယ်ဆိုတာ မောင် သိပါတယ် မှုန်၊ ဒါပေမဲ့ မောင်ရှင်းပြတာကို မှုန် နားထောင်ပေးပါဦး"

"မလိုဘူး၊ မလိုပါဘူး ဦးနေသူရိန်၊ ရှင့်ကို ကျွန်မ မတွေ့ချင်တော့ဘူး၊ ရှင် ရှင်းပြမှုကိုလည်း ကျွန်မ နားမထောင် နိုင်ဘူး၊ လူလိမ်လူညာ၊ ကျွန်မအချစ်ကို လိမ်ညာယူတဲ့သူ၊ ရှင့် ကို ကျွန်မ သိပ်မုန်းတယ်၊ ရှင် ကျွန်မအနားက ခုချက်ချင်း



ထွက်သွားပါ"

"မောင့်ကို မှုန် ရှင်းပြခွင့်တော့ပေးပါဦး၊ မှုန် မောင့်ကို အထင်လွဲနေတာသိလျက်နဲ့ ဒီအတိုင်းတော့ မောင် မှုန့်အနားက မသွားနိုင်ဘူး"

"ရှင် ကျွန်မကို ဘာတွေဆက်ပြီး လိမ်ညာချင်သေးလို့ လဲ ဦးနေသူရိန်၊ ရှင် လိမ်ညာခဲ့သမျှ ကျွန်မမျက်စိနဲ့ မြင်တွေ့ခဲ့ တာတောင် ရှင် ကျွန်မကို လာတွေ့ရဲသေးတယ်နော်၊ အဟင်း ရှင့်လိုလူက ဒီလိုပဲနေမှာပါလေ၊ လိမ်ညာရဲတဲ့လူ မုန်းတယ်၊ သိပ်မုန်းတယ်"

ဟန်ဆောင်လိမ်ညာရက်သူအဖြစ် ရင်ထဲ ကျင်ခဲနေအောင် နာကြည်းရသည်မို့ မှုန်နံ့သာရင်ထဲတွင် မွန်းကျပ်သိပ်သည်းစွာ ခံစားရသမျှ အမုန်းစကားများကို ပါးစပ်ကတင် ဆိုနေလိုက်သည် ဟုတ်ပါ။ မျက်ဝန်းလှလှလေးမှာလည်း နာကြည်းမုန်းတီးမှုများ ဖြင့် စိမ်းတောက်နေသည်ကိုမြင်ရတော့ နေသူရိန်သည် ချစ်သူ အတွက် ရင်မှာ နာကျင်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှုန်ရယ်"

"မှုန်နံ့သာ"

နေသူရိန်ခေါ်ပေမယ့် မှုန်နံ့သာသည် သူ့အား တစ်ချက်လေးမှ လှည့်မကြည့်ပါပေ။ ထိုအခါ ရင်မှာ ပိုခံစားသွားရသူက နေသူရိန်ဖြစ်သည်။

နေသူရိန်သည် ချစ်သူ၏စိမ်းကားမှုအတွက် ရင်မှာ မချင့်မရဲဖြစ်စွာ အသည်းနာကျင်ရသူမို့ ချစ်သူမျက်နှာကိုသာ လွမ်းဆွတ်တမ်းတမှုတွေနှင့် ငေးစိုက်ကြည့်လိုက်သည်။

"မှုန်"

"မှုန်ရယ်"

မှုန်နံ့သာထံမှ ထူးသံလေးကို မကြားရမချင်း နေသူရိန်သည် ချစ်သူအမည်ကိုသာ သူ့နှုတ်က မနားတမ်းခေါ်နေတော့ မှုန်နံ့သာသည် စိတ်မရှည်တော့သလို လှပတင်းမာနေသည့် မျက်နှာထားလေးနှင့် နေသူရိန်ရှိရာသို့လှည့်လာပြီး သူ့အား ခပ်ကျိတ်ကျိတ်လေး ရန်တွေ့လိုက်သည်။





"ရှင် ရှင် ဘာဖြစ်လို့ ကျွန်မနာမည်ကို ခေါ်နေတာလဲ ဦးနေသူရိန်"

"မှုန်အသံကို မောင် ကြားချင်လို့"

"ရှင်ကြားချင်ပေမယ့် ကျွန်မကတော့ ရှင့်အသံကို မကြားချင်ဘူး၊ ကျေးဇူးပြုပြီး ရှင် ဒီနေရာက အမြန်ဆုံးထွက်သွားပေးပါ"

"သွားလို့ မှုန် နှင်နေပေမယ့် မောင် မသွားနိုင်သေးဘူး။ မှုန်နဲ့ မောင် စကားပြောချင်သေးတယ်"

"ရှင် မရှက်ဘူးလားဟင်၊ ရှင့်ကို ကျွန်မ စကားမပြောချင်ဘူးဆိုတာ ရှင် မသိဘူးလား"

"အဟွန်း ကိုယ့်ချစ်သူနဲ့စကားပြောဖို့ ကြိုးစားတာ ရှက်စရာမှမဟုတ်ဘဲ မှုန်၊ မောင် မှုန့်ကို သိပ်ချစ်တယ်"

"မပြောနဲ့၊ မကြားချင်ဘူး"

"ချစ်တာကို မချစ်နဲ့လို့ ပြောလို့မရပါဘူး မှုန်၊ မောင် မှုန့်ကို လိမ်ညာခဲ့တယ်ဆိုတာ ချစ်သူကို တမင်စချင်နောက်ချင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မောင့်ဘဝမှန်ကို ဖွင့်မပြောခဲ့တာ၊ အဲဒါဟာ မှန့်အပေါ်မှာ တခြား ရည်ရွယ်ချက်နဲ့ မောင် လိမ်ညာခဲ့တာမဟုတ်ဘူး၊ ဒါကို မောင် သစ္စာဆိုပြောရဲတယ်၊ ဒါပေမဲ့ မှားခဲ့တယ်ဆိုတာကိုလည်း မောင် ဝန်ခံပေမယ့် အဲဒီအမှားဟာ မှန်နှံ့သာအပေါ် တမင်မှားခဲ့တာမဟုတ်ဘဲ သိပ်ချစ်လို့မှားခဲ့တာဆိုတာ မောင့်အပေါ် မှန် နားလည်ပေးပါ”

“အဟင်း ရှင့်စကားတွေ ပြောလို့ပြီးပြီလား ဦးနေသူရိန်၊ ကျွန်မက ရှင်ပြောခဲ့သမျှ ရှင်အယုံသွင်းခဲ့သမျှ မျက်စိမှိတ်ပြီး ယုံကြည်ခဲ့မိတာကိုး၊ ဒါကြောင့် ရှင့်ရဲ့အလိမ်အညာတွေကို ထိခဲ့တာ၊ ဒါပေမဲ့ ခုချိန်မှာတော့ မရတော့ဘူး၊ ရှင် ကျွန်မကို ဆက် လိမ်ညာဖို့ ကြိုးစားမယ်ဆိုရင်တော့ ရှင့်လုပ်ရပ်တွေကို ရပ်တန့်ကာ ရပ်လိုက်ပါတော့၊ ကျွန်မ ရှင်လိမ်ညာသမျှစကားတွေကို မျက်စိ မှိတ်ပြီး ယုံကြည်မယ့် မှန်နှံ့သာ မဟုတ်တော့ဘူးဆိုတာ ရှင် သိထားပါ”

မှန်နှံ့သာ နေသူရိန်ပြောသမျှ စကားများကို နားထောင် ပြီး သူ့စကားများကို လှောင်ပြောင်မရယ်မိရန် ကြိုးစားရင်း စိတ်





မှာ ထိုစကားများကို နာနာကျင်ကျင် ရွတ်ဆိုနေလိုက်သည်။

သူမစိတ်ထဲတွင်တော့ လျှာအရိုးမရှိတိုင်း လိမ်ညာပြော နေသည့် နေသူရိန်၏ ဟန်ဆောင်လိမ်ညာမှုစကားများ နားထောင် ပြီး မှန်နှံ့သာရင်မှာ ခါးသီးနာကျင်နေရသည်။

“ရှင်ပြောတာ ဒါပဲမဟုတ်လား ဦးနေသူရိန်၊ ကျွန်မ သွားမယ်”

ပြောပြီး နေရာမှ ချာခနဲလှည့်ထွက်ရန် ပြင်နေသည့် မှန်နှံ့သာ ရှေ့မှ နေသူရိန် ကာဆီးရပ်လိုက်ပြီး

“မင်းမသွားရသေးဘူး မှန်၊ မောင်ပြောတဲ့စကားတွေကို မင်း မယုံကြည်တော့ဘူးလား”

“အဲဒီလိုဖြစ်အောင် ရှင်ပဲ လုပ်ခဲ့တာမဟုတ်လား”

“ဒါပေမဲ့ အခု အဲဒီအမှားတွေအတွက် မှန့်ရှေ့မှာ မောင် ဝန်ခံနေတယ်လေ”

“ရှင် ဝန်ခံပေမယ့် သိပ်နောက်ကျသွားပြီဆိုတာရော ရှင် သိရဲ့လား ဦးနေသူရိန်၊ ရှင်ပြန်ပါတော့၊ မမြင်ချင်တော့ဘူး၊ မြင်



www.burmeseclassic.com

www.burmeseclassic.com



လည်း မမြင်တွေ့ပါရစေနဲ့"

နာကြည်းမှုများကြောင့် စူးရဲနေရသော အကြည့်စိမ်းစိမ်းကြီးများဖြင့် စူးစူးစိုက်စိုက်လေးကြည့်ကာ သူ့အပါးကနေ ချာခနဲလှည့်ထွက်သွားသော မှုန်နှံ့သာ၏ နောက်ကျောလှလှလေးကို နေသူရိန်သည် ရင်နာရမှုအပေါင်းဖြင့် ငေးစိုက်ကြည့်ရင်း သူ့နှလုံးသားလေး ဆတ်ဆတ်ခါ နာသွားရသည်။

နေသူရိန်မှာ သူ၏ရှင်းပြတောင်းပန်မှုစကားများကို လက်မခံဘဲ သူ့အနားကနေ သူ့အား တစ်ချက်လေးမှ ငဲ့စောင်း၍ ပင်မကြည့်ဘဲ ထွက်သွားသော မှုန်နှံ့သာကို နေရာမှာတင် ကျောက်ရုပ်တစ်ရုပ်နှယ် ငေးစိုက်ကြည့်ရင်း ကျန်ခဲ့လေသည်။



## အခန်း (၁၀)

ထိုအချိန်မှစ၍ မှုန်နှံ့သာသည် သူမဘဝထဲမှ နေသူရိန်ကို ဖယ်ထုတ်ခဲ့လေသည်။

သူ့အမှားများအတွက် ရှင်းပြတောင်းပန်ရန် အကြိမ်ကြိမ်ကြိုးစားသည့် နေသူရိန်ကို မှုန်နှံ့သာသည် ထိုအခွင့်အရေးမပေးခဲ့ပါ။

သို့သော် နေသူရိန်ကတော့ ထိုအခွင့်အရေးကို လက်လွှတ်မခံခဲ့ပါ။ မှုန်နှံ့သာသည် သူ့အား မဆုံချင် မတွေ့ချင်ပါ။ သူသာသူမကို ဒီလိုမျိုး မကြာခဏ တွေ့ဆုံနှောင့်ယှက်ရန် ကြိုးစားနေပါက မှုန်နှံ့သာသည် ကျောင်းကနေ ထွက်သွားတော့မည်ဟုသော



www.burmeseclassic.com

www.burmeseclassic.com



သူမထံမှ ခြိမ်းခြောက်စကားဆိုလိုက်မှသာ နေသူရိန်သည် လက်လျှော့သွားပုံရ၏။ မှုန်နှံ့သာ သူ့အရိပ်ကို မမြင်ရတော့ပေ။

မှုန်နှံ့သာသည် နေသူရိန်ဆိုသည့် လူလိမ်လူညာကြီးကို သူမဘဝ သူမနှလုံးသားထဲကနေ နာကြည်းစိတ်ဖြင့် မေ့မေ့ပျောက်ပျောက်ထားကာ နာကျင်ရသော နှလုံးသားကို ရင်မှာဝိုက်ပြီး ထွေးရင်း အချိန်တွေသည်လည်း ကုန်ဆုံးမှန်းမသိ ကုန်ဆုံးခဲ့ရလေသည်။

အချိန်တွေကြာလို့ နှစ်တွေ ဘယ်လိုပင်ပြောင်းပြောင်း မှုန်နှံ့သာရင်ထဲမှာတော့ သူနှင့်ပတ်သက်ကာ ခံစားခဲ့ရသည့် ဝေဒနာတွေက ဟိုယခင်ကအတိုင်း ဘာတစ်ခုမှမပြောင်းလဲခဲ့ပါ။

အချိန်တွေ ကြာလေလေ သူ့အပေါ် သတိရစိတ်နှင့် နာကျင်စိတ်တွေ ဖြစ်ခဲ့ရသော မှုန်နှံ့သာသည် ကျောင်းပြီး၍ အလုပ်တာဝန် ထမ်းဆောင်ခဲ့ရလေသည်။

မေ့ထားခဲ့တာ ကြာပြီဖြစ်သည့် သူမဘဝထဲက ဖယ်ထားခဲ့သည့်သူ့ကို အခုလို ပြန်လည်ဆုံတွေ့ရလိမ့်မည်ဟု မှုန်နှံ့သာ ထင်မထားခဲ့။





သို့သော် တစ်ခါတစ်ရံတွင် မထင်မှတ်သည့် အဖြစ်များလည်း ဖြစ်လာတတ်ကြောင်း မှုန်နှံ့သာ သိခဲ့ရလေသည်။

မှုန်နှံ့သာ မထင်မှတ်ခဲ့သော မှုန်နှံ့သာ မုန်းပါသည်ဆိုတဲ့ နေသူရိန်ကို အခုလိုအဖြစ်မျိုးနှင့် ဆိုက်ဆိုက်မြိုက်မြိုက် ပြန်တွေ့လိုက်ရသည့်အခါမှာတော့ သူမရင်ထဲ ဝေဒနာဟောင်းက ပို၍ ခံစားကြေကွဲသွားရသည်။

မှုန်နှံ့သာသည် အတိတ်က အရိပ်များကို ပြန်လည်စဉ်းစား မြင်ယောင်ရင်းက အတိတ်ဆီ ပျံ့လွင့်နေရသော သူမစိတ်အတွေးများကို ပြန်လည်စုစည်းလျက် လက်ရှိအခြေအနေကို သတိရသွားသည်။

ထိုအခါ လှပသော မှုန်နှံ့သာမျက်နှာရဲရဲလေးက ရဲခနဲဖြစ်သွားရသည်။

မှုန်နှံ့သာသည် အိပ်ပျော်နေသော နေသူရိန်၏ မျက်နှာချောချောကြီးကို မရဲတရဲလေး ခိုးကြည့်မိတော့ ရင်မှာ တဒိတ်ဒိတ်ခုန်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လူတစ်ယောက်သည် တစ်ချိန်က သူမသိပ်ချစ်ရသည့် လူပါလားဆိုသည့် အတွေးစိတ်ကလည်း မှုန်နံ့သာ နှလုံးသားတစ်ခုလုံးကို လှိုက်ဖိုစေရသည်။

အရာရာဖြစ်ချင်တာကို ဖြစ်ခွင့်ရအောင် ဖွတ်ဖန်တီးတတ်သည့် ဒီလူတစ်ယောက်ကို မှုန်နံ့သာ သိပ်မုန်းပါ၏။

နေရာတကာ သူ့စိတ် သူ့သဘော သူ့ဆန္ဒကိုသာ ဦးစားပေးတတ်ပုံကလည်း မှုန်နံ့သာ သူ့ကိုပို၍ မုန်းစေရသည့်အချက်များ။

ဒီနှစ်တွေအတွင်းမှာ မှုန်နံ့သာသည် သူနှင့်မဆုံတွေ့အောင် ဘယ်လိုပင်ကြိုးစားခဲ့ပါသော်လည်း ဖြစ်ချင်တာကို ဖြစ်အောင် ဖွတ်လုပ်တတ်သည့်သူကတော့ သူမနှင့်တွေ့ဆုံနိုင်ရန် ကြိုးစားခဲ့သူလည်းဖြစ်သည်။

သူ့ဘက်က ဒီလို ဖွတ်တိုးတွေ့ဆုံရန် ကြိုးစားလာမှုကြောင့် မှုန်နံ့သာတစ်ယောက် အခုလို သူ့လက်တွင်း ကျရောက်ခဲ့ရခြင်းဖြစ်သည်။





သည်လိုအတွေးစိတ်များ ဝင်လာရပြန်တော့ မှုန်နံ့သာ နှလုံးသားနုနုက မခံမရပ်နိုင်အောင် နာကျင်ဆို့နင့်သွားရလေသည်။

သူမစိတ် သူမဆန္ဒ တစ်ခုမှမပါဘဲ သူ့သဘော သူ့ဆန္ဒတွေနှင့် သူမ့အား ဖွတ်ကြီးခိုးယူလာပုံက သူမကို သက်ရှိလူသားတစ်ယောက်ရယ်ပါလို့ အသိအမှတ်ပြုပုံမရသည့်အဖြစ်။

သီဟဆိုသည့် သူမနှင့်ခင်မင်သော နေသူရိန်၏ သူငယ်ချင်းလည်းဖြစ်သည့် သူ့ကားနှင့် သူငယ်ချင်းတစ်ယောက်၏ မွေးနေ့ပွဲတွင်ဆုံရာမှ အပြန်လမ်းကြုံလိုက်ခဲ့ခြင်းကပင် မှုန်နံ့သာ၏ ဘဝကို များစွာပြောင်းလဲသွားစေခဲ့ရလေသည်။

အကြံသမားဖြစ်တဲ့ နေသူရိန်သည် သူ၏သူငယ်ချင်းဖြစ်သူ သီဟနှင့် ကြိုတင်တိုင်ပင်ထားခဲ့သည့် အဖြစ်များကိုလည်း မှုန်နံ့သာ မသိခဲ့ပါ။

အကွက်ကျကျ သူ၏စီမံမှုများအောက်တွင် မှုန်နံ့သာဘဝလေးသည် ရုန်းထွက်လို့မရအောင် သက်ဆင်းကျရောက်ခဲ့သည့် အဖြစ်က တွေးလေလေ ဖြေမသာလေဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လူကို သက်ရှိလူတစ်ယောက်ရယ်လို့မှ အသိအမှတ်ပြု
ဖော်မရ၊ သက်မဲ့အရုပ်တစ်ရုပ်လို သူမအား သူ့သဘော သူ့ဆန္ဒ
နှင့် ပိုင်စိုးပိုင်နင်းဆန်စွာ ခိုးယူလာသည့်အဖြစ်ကို မှုန်နှံ့သာသည်
သူ့အား ဘယ်တော့မှ ခွင့်မလွှတ်ပါ။

တစွတ်ထိုးစိတ်နှင့် အမွှေဆန်ဆန် လုပ်တတ်သော သူ့
လုပ်ရပ်များသည် ခွင့်လွှတ်ဖို့လည်း မကောင်းခဲ့ပါ။

လူကို ဖွတ်ကြီး အမွှေဆန်ဆန် ခိုးယူလာရုံမက အခန်း
ထဲတွင် လှောင်ပိတ်အကျဉ်းချထားသည့်အဖြစ်ကလည်း သူ့ကို
သူ လူဆိုးကြီးလိုလို တောပုန်းကြီးလိုလိုနှင့် မှုန်နှံ့သာ သူ့ကို
ကြည့်မရခဲ့ပါ။

ထိုသို့ ကြည့်မရပါဟု ဆိုသည့်ကြားက သူမအပေါ် အမြဲ
တကြည့်ကြည့်နှင့် လိုလေသေးမရှိ ဂရုစိုက်ကာ ယုယကြင်နာမှု
များပြတတ်သော သူ့အပြုအမူများကြောင့် သူနှင့်ပတ်သက်၍
ကိုယ့်ကိုယ်ကို မာကျောလှပါသည်ဟု ထင်ထားခဲ့သော မှုန်နှံ့သာ
နှလုံးသားက လှုပ်ခတ်လာရ၏။





ဘယ်လိုပဲ လှုပ်ခတ်လာပါစေ၊ မှုန်နှံ့သာ၏ ထိုလှုပ်
ခတ်လာရသော ရင်အစုံကို နာကြည်းမုန်းတီးစိတ်များဖြင့် ဖုံးလွှမ်း
ပစ်လိုက်သောအခါ သူမရင်ထဲက ထိုခံစားမှုများသည်လည်း
ခဏချင်းပင် ပျောက်ကွယ်သွားခဲ့ရလေသည်။

သူမထံမှ အချစ်များကို ညာယူရက်ရုံမက သူမဘဝကို
ပါ ဖွတ်တိုးသိမ်းပိုက်ရန် ကြံခဲ့သည့် သူပါလားဆိုသော အတွေး
များနှင့်လည်း မှုန်နှံ့သာသည် နေသူရိန်၏မျက်နှာကို မမြင်ချင်
မတွေ့ချင်လောက်အောင် မုန်းတီးလာရ၏။

မုန်းတီးစိတ်ကြောင့်လည်း မှုန်နှံ့သာသည် သူ ဘာပြော
ပြော သူပြောသမျှစကားများကို ဘာတစ်ခုမှ ဂရုမစိုက် အလေး
မထားခဲ့သလို သူ၏ယုယကြင်နာမှုများကိုလည်း မသိသလို
ဟန်ဆောင်ကာ လျစ်လျူရှုခဲ့လေသည်။

သူမဘက်က သူ့အပေါ် ထိုကဲ့သို့ လျစ်လျူရှုထား
ဂရုမစိုက်လေလေ ရင်မှာ မချင့်မရဲဖြစ်ရမှုတို့နှင့် အသည်းယားယား
အခံရခက်ခက်ကြီး ဖြစ်လာရသူက နေသူရိန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နေသူရိန်သည် ချစ်သူ၏မျက်နှာကို အရိပ်လိုကြည့်ကာ သူမ၏ မျက်ဝန်းလှလှလေးနှင့် သူ့အကြည့်များဆုံအောင် ကြည့် ပါသော်လည်း ချစ်သူကတော့ သူ့အကြည့်များကို ရှောင်လွှဲ ခဲ့လေသည်။

ဘဝတွင် ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်သော နေသူရိန်သည် မှုန်နှံ့သာ သူ့အား ဘယ်လိုပင်အကြည့်များရှောင် လွှဲနေခဲ့ပါစေ၊ သူကတော့ဖြင့် မှုန်နှံ့သာ၏အကြည့်များ မျက်ဝန်း ချင်းဆုံအောင် ကြည့်နေမည်သာဖြစ်သည်။

ဒါကြောင့်လည်း သူ့အား ဘယ်လိုပင်မုန်းပါသည်ပြော ပြော နေသူရိန်ကတော့ သူမထံမှ အမုန်းစကားများကို အမှတ်မဲ့ သည့် လူတစ်ယောက်လို အပြုံးမပျက် ရှိနေနိုင်ပုံကလည်း မှုန်နှံ့သာ အံ့ဩမှုတွေနှင့် ရင်ခုန်ခဲ့ရလေသည်။

မိဘများမရှိ၊ အဒေါ်နှင့်သာ နေထိုင်ကြီးပြင်းခဲ့သော မှုန်နှံ့သာအတွက် ဒေါ်ဒေါ်သည် ဘယ်လောက်များ ပူပန်နေရှာ လိမ့်မည်လဲ။





မှုန်နှံ့သာ မတွေးရဲတော့ပါ။

ဖြစ်နိုင်လျှင် မှုန်နှံ့သာသည် အခုချက်ချင်းပင် ဒေါ်ဒေါ် ရှိရာအိမ်ကို ပြန်သွားလိုလှပါသည်။

ခက်သည်က နေသူရိန်။

နေသူရိန်သည် သူမအား ပြန်ခွင့်မပြုပါ။ သူ တောင်းဆို ထားသည့် လက်ထပ်ခွင့်ကိုပြုပါမှ သူမအား အိမ်ပြန်ပို့ပေးမည် ဆိုသောကြောင့် မှုန်နှံ့သာ အခက်တွေ့နေရတော့သည်။

မှုန်နှံ့သာ စိတ်ရင်းဆိုပါက အိမ်ကို ချက်ချင်းပင်ပြန်လိုက် ချင်ပေမယ့် သူမအား အကျပ်ကိုင် တောင်းဆိုထားသည့် နေသူရိန် ၏စကားကို လက်မခံလိုသဖြင့် နေလာခဲ့သည်မှာ အချိန်နေ့ရက် တွေပင် တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးလာခဲ့ရပြီဖြစ်သည်။

ခုချိန်လောက်ဆို သူမအား နေသူရိန် ခိုးယူသွားသည့် အကြောင်းကို သူမပတ်ဝန်းကျင်ကလည်း သိနေလောက်ပြီဟူသော အတွေးဖြင့် မှုန်နှံ့သာ ရှက်အားပိုသွားရသည်။

မှုန်နှံ့သာအတွက် ခုချိန်က ရှေ့တိုးရခက် နောက်ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



လည်းခက်နှင့် သူမအတွက် ဆုံးဖြတ်ရခက်နေရချိန်လည်းဖြစ်သည်။

သူမ လက်ရှိအခြေအနေက ရှင်းလေ ရှုပ်လေနှင့် ပြဿနာသည် ရှုပ်ထွေးနေသည့်အချိန်။

သည်ပုံစံအတိုင်းဆိုပါက နေသူရိန်သည် မှုန်နှံ့သာအား သူလိုချင်သည့် ကတိစကားကို မကြားရဘဲနှင့်တော့ သူမကို ဘယ်လိုနည်းနှင့်မှ သူသည် ပြန်လွှတ်လိမ့်မည်မဟုတ်ပါ။

သူမအနေနှင့်လည်း ဒီအတိုင်း ကြာကြာနေလို့မဖြစ်။ ကြာလျှင် အခြေအနေတွေက ပို၍ရှုပ်ထွေးနိုင်ပေသည်။

ပြီးတော့ မှုန်နှံ့သာသည် ဝန်ထမ်းတစ်ယောက်။

သူမမှာ အလုပ်တာဝန်တွေ ရှိသေး၏။

သူမအနေနှင့် ကိုယ်ရေးကိုယ်တာကိစ္စများကို ဘေးဖယ်ကာ အလုပ်တာဝန်ကို ဦးစားပေးရမည်ဖြစ်သည်။

သည်အတွက် မှုန်နှံ့သာသည် နေသူရိန်အား သူလိုချင်သည့် အဖြေစကားကို ပြောကြားရန်သာ ရှိတော့သည်။

"ဟင်း"



ရှုပ်ထွေးနောက်ကျိနေရသော အတွေးများနှင့် မှုန်နှံ့သာသည် သက်မမောလေးတစ်ချက်ကို ခပ်လေးလေးချလိုက်မိသည်။

"ဘာတွေတွေးပြီး သက်မချနေတာလဲ မှုန်"

"ဟင်၊ ရှင်"

မြတ်စွာဘုရား

သူ ဘယ်အချိန်ကများ သူမနောက်နား ရောက်နေရပါသည်လဲ။

တစ်ရေးနိုး အိပ်ရာက ထလာသော သူ့ပုံစံက အိပ်ရေးအိပ်ထားသည်မို့ သူ့ရုပ်သွင်သည် ပို၍ကြည့်ကောင်းနေရသည်။

မှုန်နှံ့သာမှာ စူးရဲတောက်ပလွန်းသော သူ့အကြည့်များနှင့် ဆုံလိုက်ရတော့ သူမမျက်နှာလှလှလေး ရဲသွားပြီး သူ့ထံမှ အကြည့်များကို ချက်ချင်းလွှဲယူလိုက်သည်။

"ရှင် ကျွန်မကို ဘယ်အချိန် ပြန်ပို့မှာလဲ ဦးနေသူရိန်"

"မှုန်ဆီက မောင်လိုချင်တဲ့ ကတိစကားကြားရရင် ပြန်ပို့

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်လို့ မှုန့်ကို မောင် ပြောပြီးပြီပဲ"

"ရှင် လူကို သက်သက်အနိုင်ကျင့်တာပဲ၊ ကျွန်မ ရှင့်ကို လက်မထပ်နိုင်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

"အဟွန်း မောင်ကလည်း မှုန့်ဆီက အဲဒီစကားကြားရ မှဖြစ်မယ်လို့ ပြောပြီးပြီလေ၊ မောင်က မှုန့်ကို လက်ထပ်ချင်တာ မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားပြီး လက်ထပ်ချင်တာ၊ အဲဒီအတွက် မှုန် မောင့်ကို လက်ထပ်ခွင့်ပြုပါ"

"အို"

ဦးနေသူရိန်၊ ဒီလူ ဘယ်လိုလူပါလိမ့်။ သူ့ကို မှုန်နံ့သာ လက်မထပ်ချင်တာသိလျက်နှင့် သူ ဒီစကား ဘာလို့ပြောနေရ ပါသည်လဲ။

မှုန်နံ့သာမှာ လူငယ်ဆန်ကာ တစ္ဆတ်ထိုးလုပ်ချင်သော သူ့အပြုအမူများအတွက် ရင်မောစွာ ရှက်မျက်ဝန်းလေးကို မှိတ် ထားလိုက်သည်။

မှုန်နံ့သာ၏ ထိုအပြုအမူလေးကိုပင် နေသူရိန်သည် ရင်မှာ





တနွေးနွေးနှင့် အသည်းယားသွားရသည်မို့ သူ့ကိုယ်ကြီး မှုန်နံ့သာ အနားသို့ တိုးကပ်သွားရပြီး

"မှုန်"

"ဟင်"

သူ့ကိုယ်ကြီးက သူမအနား ရောက်လာရုံမက သူ့ မျက်နှာ ကြီးကပါ သူမမျက်နှာလေးနားသို့ ဝဲကပ်လာသောအခါ မှုန်နံ့သာ တစ်ယောက် ရှက်အားပိုသွားရလေသည်။

မှုန်နံ့သာမှာ သူမနှင့်နီးကပ်လွန်းနေသည့် နေသူရိန်၏ မျက်နှာချောချောကြီးကို တွေ့လိုက်ရသည့်အတွက် ရင်မှာ ရှက်ရွံ့ ထိတ်လန့်မှုတွေနှင့် သူမ၏ခြေတစ်လှမ်းသည် အလိုလို နောက် ဆုတ်သွားရသည်။

ရင်ထဲမှာတော့ ရင်ခုန်သံတွေ ဘာမြန်သလဲမမေးနှင့်။ တဒိတ်ဒိတ် မြန်ဆန်နေရသည်။

"မှုန် မောင့်ရဲ့တောင်းဆိုမှုကို မှုန် လက်ခံမယ်မဟုတ် သားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် ဘာလဲ"

မှုန်နှံ့သာအသံက ရှက်ရွံ့ထိတ်လန့်မှုတို့ကြောင့် တုန်ခါ အက်ကွဲနေရသည်။

"အဟွန်း ဟွန်း ဟွန်း မှုန်ရယ်၊ ကြည့်စမ်းပါဦးဗျာ၊ မှုန် ကြည့်ရတာ မောင့်ကိုကြောက်နေသလိုပဲ၊ ဟုတ်လား ပြောစမ်းပါဦးဗျာ၊ မောင်က မှုန့်အတွက် ကြောက်စရာလူလားဆိုတာ"

"အို ရှင် ဘာတွေမေးနေတာလဲ၊ ကျွန်မကို ရှင် စောစောက ဘာပြောလိုက်တာလဲ"

မှုန်နှံ့သာသည် သူ့စကားကို နားမရှင်းသလို မေးတော့ နေသူရိန်သည် မှုန်နှံ့သာအား ပြုံးပြုံးကြီးကြည့်လာပြီး

"မှုန် မောင့်ကို လက်ထပ်ခွင့်ပြုမယ်မဟုတ်လားလို့ မေးတာ"

"ရှင် ကျွန်မကို အဲဒီအဖြေရမှ ပြန်ပို့ပေးမှာပေါ့ ဟုတ်လား"

"အင်း"



"ကောင်းပြီလေ၊ ဒါဆို ရှင် ကျွန်မကိုပြန်ပို့ပေးပါ"

"ဟင် မှုန် ဘာပြောလိုက်တယ်"

"ကျွန်မ ရှင်လိုချင်တဲ့အဖြေကို ပေးမယ်"

"မှုန်၊ မှုန် တကယ်ပြောတာလား"

"ကျွန်မ ရှင့်ကိုလက်ထပ်မယ်"

"ဟင်၊ မှုန် မင်း တကယ်"

"ကျွန်မစကားကို ရှင် မယုံဘူးလား ဦးနေသူရိန်"

"ဟာ ယုံပါတယ် မှုန်ရယ်၊ ယုံပါတယ်၊ ယုံလွန်းလို့ မောင့်ကိုယ်မောင် မဝံ့မရဲဖြစ်နေတာပါ၊ အဟွန်း မှုန်ရယ်၊ ဘာပဲ ဖြစ်ဖြစ် မောင်တော့ သိပ်ဝမ်းသာတာပဲဗျာ၊ ဒါဆို မနက်ကျရင် မှုန့်ကို မောင် ပြန်ပို့ပေးမယ် ဟုတ်လား၊ မှုန် ဖြန်ပို့အသင့်ပြင် ထားလိုက်နော်"

နေသူရိန်မှာ မှုန်နှံ့သာထံမှ သူလိုချင်သည့်အဖြေကို ရပြီမို့ သူ့ရင်ထဲ အပျော်တွေ ဘယ်လောက်ထိ ပြည့်လျှံသွားရသည် မသိပါ။ သူ့ပုံစံက အရမ်းကို စိတ်လှုပ်ရှားသွားရသည့်ပုံစံမျိုး



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအစုံမှာ အရောင်တွေ တဖျပ်ဖျပ် လက်ခါသွားရသည်။

ရင်ထဲမှာတော့ ချစ်သူနှင့်အတူ နီးရတော့မည်ဆိုသော အတွေးဖြင့် နေသူရိန် ပျော်နေလေတော့သည်။

❧ ▯ ❧



# အခန်း (၁၁)

နေသူရိန်ကို မုန်းပါသည်၊ နာကြည်းပါသည်လို့ ဆိုနေတဲ့ကြားကပင် မှုန်နှံ့သာသည် သူ့အား လက်ထပ်ခဲ့ရပြီဖြစ်သည်။

မှုန်နှံ့သာမှာ နေသူရိန်၏ အစီအစဉ်နှင့်ပင် မင်္ဂလာပွဲကို အကောင်းဆုံး အတောက်ပဆုံး အလှပဆုံး အဝတ်အစားများဖြင့် ဝုဏ်သရေရှိ ဧည့်ပရိသတ်များအလယ်တွင် ခမ်းနားစွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

နတ်ရေးသည့်ဖူးစာနှယ် နေသူရိန်နှင့် မှုန်နှံ့သာတို့စုံတွဲက နေနှင့်လ ရွှေနှင့်မြ ပမာပင်ဖြစ်သည်။

မှုန်နှံ့သာသည် မှုန်ညက်ဝင်းစက်နေရသော အလှများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပြီးလှနေရသလို နေသူရိန်ကလည်း ယောကျ်ားပီသသော ရုပ်သွင်နှင့် အရမ်းကို ခန့်ထည်ချောမောကာ မှုန်နုံ့သာနှင့် လိုက်ဖက်လွန်းနေရ၏။

လိုက်ဖက်လွန်းသည့် သူတို့နှစ်ဦးကိုကြည့်ပြီး မင်္ဂလာပွဲလာ ဧည့်ပရိသတ်အပေါင်းက ချီးကျူးအားကျစွာ စကားတွေဆိုလေသည်။

ထိုအတွက် ဂုဏ်ယူကျေနပ်ရသူက နေသူရိန်။ နေသူရိန်သည် မင်္ဂလာပွဲပြီးသည်နှင့် မှုန်နုံ့သာအား သူတိုက်သို့ခေါ်လာခဲ့သည်။

မှုန်နုံ့သာတစ်ယောက် သူနှင့်အတူ လိုက်သာလိုက်ခဲ့ရပါသည်။ ရင်တွေ ဘာခုန်သလဲ မမေးနှင့်။

တကယ်တော့ နေသူရိန်ဆိုတာ မှုန်နုံ့သာအတွက် သူစိမ်းတစ်ယောက်တော့ဖြင့် မဟုတ်ပါပေ။

သို့ပေမယ့် ရင်းနှီးသူလည်း မဟုတ်ပြန်။ တစ်ချိန်က သိပ်ချစ်ခဲ့ရသည့် လူတစ်ဦးအဖြစ် နေသူရိန်အား မှုန်နုံ့သာ အကြောင်





တစ်မျိုးမျိုးဖြင့် နာကြည်းမုန်းတီးခဲ့သလို ယခုလို မတည့်အတူနေဘဝဖြင့် နှစ်ယောက်အတူနေရမည့်အဖြစ်ကိုလည်း တွေးပြီး သူမရင်မှာ ရင်မောခဲ့ရပြန်သည်။

ရင်မောပေမယ့် ရင်မဆိုင်လို့ကလည်း မဖြစ်ပြန်။ သူမသည် နေသူရိန်ဆိုသည့် အချစ်လူဆိုးကြီး၏ ဘဝထဲ ဝင်ရောက်ခဲ့ရပြီဖြစ်သည်။

အတွေးမှမဆုံးသေး၊ သူမတို့စီးလာသည့်ကားက သူမတို့နှစ်ဦး နေထိုင်ရမည့်အိမ်ကြီးဆီသို့ ရောက်ရှိတော့ နေသူရိန်သည် မှုန်နုံ့သာ့လက်လေးကို ခပ်တင်းတင်းလေး ဆွဲဆုပ်လာပြီး

"မှုန် ဒါ မောင်တို့နေရမယ့်အိမ်လေ၊ မောင်ပြင်ဆင်ထားတာတွေ ကြိုက်ရဲ့လားဆိုတာ မှုန် ကြည့်ပါဦး"

"ဟင်"

တစ်အိမ်လုံး ပြင်ဆင်ထားပုံတွေက တကယ့်ကို အဆင့်အတန်းမြင့်မားစွာနှင့် အထက်တန်းကျကျ အနောက်တိုင်းဟန်ပြင်ဆင်ထားသည့် နန်းတော်ကြီးတမျှ လွန်စွာလှပလွန်းသော



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးကိုကြည့်ပြီး မှုန်နှံ့သာ အံ့သြနေရသည်။

လှလိုက်တာ၊ ကြည့်စမ်းပါဦး။ အိမ်ကြီးတစ်ဆောင်လုံး ကို ပြင်ဆင်ထားပုံက သိပ်လှလွန်းသည်။

တစ်အိမ်လုံး အဖြူရောင်ဇာခန်းဆီးရှည်ကြီးများဖြင့် ပြင် ဆင်ထားပုံက သူမကိုယ်သူမ ပုံပြင်ထဲက အိမ်ကြီးဆီ ရောက်ရှိ သွားသလိုပင်။

"ဘယ့်နှယ်လဲ မှုန်၊ မောင် ပြင်ဆင်ထားတာတွေကို ကြိုက်ရဲ့လား၊ အပွန်း မောင်ကတော့ မှုန်အကြိုက်ဖြစ်မယ့်ထင် တာတွေ ရွေးပြင်ထားတာပဲ"

နေသူရိန်သည် မှုန်နှံ့သာမျက်နှာလေးကို အရိပ်လို ရှု တစိုက်ကြည့်လျက် မေးလိုက်တော့ မှုန်နှံ့သာသည် မျက်နှာတည် တည်လေးဖြင့် သူ့ကိုကြည့်လာပြီး

"ကြိုက်ပါတယ်၊ ဒါတွေအားလုံး ရှင်ပြင်ဆင်ထားရုံ ပင်ပန်းမှာပေါ့နော်"

မှုန်နှံ့သာနှုတ်မှ မရည်ရွယ်ပါဘဲ နေသူရိန်အပေါ် စိုးရိမ်





စကား ထွက်သွားရလေသည်။

မှုန်နှံ့သာစကားကြောင့် နေသူရိန်မျက်နှာထက်ဝယ် ကြည်နူးမှုအပြုံးများ လက်ဖြာသွားရပြီး

"မှုန်ရယ် ဒီလိုဆိုတော့လည်း မှုန် မောင်ပင်ပန်းမှာကို စိုးရိမ်မိသားပဲနော်၊ ဒါနဲ့တောင်"

"ရှင်နော်"

ရှေ့ဆက်လာမည့် နေသူရိန်စကားကို မှုန်နှံ့သာသည် မျက်နှာတည်တည်ရဲရဲလေးနှင့် ဟန့်တားလိုက်လေသည်။

ကြည့်စမ်း

သူမ ဘာဖြစ်သွားရတာပါလိမ့်။

တကယ်ဆို သူ့ပင်ပန်းရုံမကလို့ ဘာပဲဖြစ်ဖြစ် သူမနှင့် ဘာဆိုင်တာမှတ်လို့။ နေသူရိန်ဆိုတာ သူမ မုန်းနေသည့်သူ။

ဒါနဲ့တောင် သူနှင့်ပတ်သက်ပြီး သူမ ဘာလို့ လျှာသွား ရည်မိရသည် မသိတော့ပါ။

ကိုယ့်အဖြစ်ကို ကိုယ် အားမလိုအားမရ ရှက်ဒေါသဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မှုန်နံ့သာသည် နေသူရိန်ထံ အကြည့်လေး ခပ်ဝဲဝဲရောက်
သွားရသည်။

နေသူရိန်သည် သူမအကြည့်များကို လွှဲလျက် သူမအ
ကို မသိဟန်ပြုကာ

"ဒါ မှုန်နဲ့မောင့်အတွက် အိပ်ခန်းလေ"

"အို"

ရှက်ပါသည်ဆိုမှ ပို၍အရှက်သည်းသွားရသူက မှုန်နံ့သာ
မင်္ဂလာအိပ်ခန်းကြီးတစ်ခုလုံး ပန်းနုရောင်တွေလွှမ်းမိုးလျက် သူ
အား ဆီးကြိုနေသည်ကိုမြင်ရတော့ မှုန်နံ့သာ မျက်နှာတစ်ပြင်
သွေးရောင်တွေ တောက်ပသွားရသည်။

ဘုရားရေ

ဘာလိုလိုနဲ့ သူမဟာ အိမ်ထောင်သည်တစ်ယော
ဖြစ်သွားပါရောတဲ့လား။

ထိုအတွေးကဝင်လာတော့ မှုန်နံ့သာသည် နေသူရိ
မျက်နှာချောချော ခန့်ထည်သည့် မျက်နှာကြီးကို မကြည့်ရဲ





အောင် ဖြစ်သွားရသည်။

"လာလေ မှုန်၊ မှုန်လည်း ဒီမင်္ဂလာဝတ်စုံနဲ့ ညှော်သည်
တွေကို တစ်နေကုန် ညှော်ခံထားရတာ ပင်ပန်းရောပေါ့၊ အဝတ်
အစားလဲပြီး စောစောအနားယူလိုက်နော်"

နူးညံ့ချိုသာမှုတွေနှင့် ချိုကြည်နေသော သူ့အသံ မှုန်နံ့သာ
နားထဲသို့ စီးဝင်လာရပေမယ့် မှုန်နံ့သာမှာ မသာယာနိုင်အားပါ။
ထိုအတူ သူ့ထံမှ သာယာကြင်နာနွေးထွေးမှုများကိုလည်း သူမ
လိုချင်။

ဖြစ်နိုင်လျှင် မှုန်နံ့သာသည် ခုချိန် သူနှင့်အဝေးဆုံးကိုသာ
ထွက်ပြေးသွားလိုက်ချင်ပါတော့သည်။ ခုချိန်မှာ မှုန်နံ့သာ အဖြစ်
ချင်ဆုံးဆန္ဒက ထိုဆန္ဒပင်ဖြစ်သည်။

သို့သော် တကယ်တမ်းမှာတော့ သူမ၏ဆန္ဒများသည်
ပြည့်ဝခဲ့ပါ။

နေသူရိန်သည် သူမအနားမှ အရိပ်လို တစ်ဖဝါးမခွာ
ရှိလျက်နေသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှုန်နံ့သာမှာ အလိုက်မသိရပါ့မလားဆိုကာ နေသူရိန်အား ဒေါသများဖြစ်နေရတော့သည်။

သည်လူ သူမအဝတ်အစားလဲပါမည်ဟု ပြောထားသည့်ကြားက ခုချိန်အထိ သူမအနားက ဘာကြောင့်မသွားသေးရပါသည်လဲ။

သူ မသွားသေးဘဲနှင့် သူမကရော ဘယ်လိုလုပ် အဝတ်အစားများ လဲရမှာတဲ့လဲ။ သူ ဒါလေးတောင် မသိဘူးတဲ့လား။

မှုန်နံ့သာ အပျိုစင်လေးမှာ သူစိမ်းယောကျ်ားတစ်ယောက်ဖြစ်တဲ့သူ့ရှေ့တွင် ဘယ်လိုလုပ် အဝတ်အစားလဲရမှာတဲ့လဲ။ မှုန်နံ့သာမှာ စိတ်ပျက်စိတ်ညစ်ရပုံလေးနှင့် မျက်နှာလှလှလေးမှာ ခပ်မဲ့မဲ့လေး ဖြစ်နေရသည်။

တကယ်တော့ မှုန်နံ့သာကိုယ်တိုင် ပင်ပန်း၍ အနားယူချင်နေရပါပြီ။ ခက်သည်က သူ။ သူမအနား ရှိနေခြင်းပင်။ မှုန်နံ့သာမှာ သူမအနား သူရှိနေ၍ စိတ်မှာမလွတ်လပ်သလို လူကလည်း အနေကျဉ်းကျပ်နေရသည်က အမှန်။



ဒါကိုမသိသည့် နေသူရိန်ကတော့ သူ့စကား အင်းမလှုပ်အဲမလှုပ်ပုံစံလေးနှင့် နေရာမှာပင် မလှုပ်မယှက် တောင့်တောင့်လေး ရှိနေသော မှုန်နံ့သာကို အကြည့်စူးစူးလေးဖြင့် တစ်ချက်လှမ်းကြည့်ပြီး

"မှုန် မောင်ပြောတာ ကြားလား၊ အဲဒီမှာ ဘာရပ်လုပ်နေတာလဲ"

သူမ ဘာလုပ်နေသည်ဆိုတာ သူ မမြင်ဘူးတဲ့လား။ မှုန်နံ့သာ မကျေနပ်စွာ စိတ်မှာရန်တွေ့နေလိုက်သည်။

"မှုန်"

"အို စိတ်ရှုပ်ပါတယ်ဆိုမှ လူကို ဘာလို့ ခဏခဏခေါ်နေရတာလဲ"

"ဟောဗျာ၊ ဒါက ဘယ်လိုဖြစ်သွားရတာလဲ၊ မောင်လည်း မှုန့်ကို စိတ်ဆိုးအောင် ဘာမှမလုပ်ရပါလားကွ"

"ဒြော် လူကို နာမည်ခဏခဏခေါ်နေတာ စိတ်ဆိုးအောင် လုပ်တာမဟုတ်လို့ ဘာလဲရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း မှုန်က ကလေးသိပ်ဆန်တာပဲကွာ၊ မှုန် ဒီအဝတ်အစားတွေနဲ့ စိတ်ကျဉ်းကျပ်မှာစိုးလို့ မောင်က စေတနာနဲ့"

"ဘာစေတနာလဲ၊ အဲဒီလိုသိနေရင်လည်း အလိုက်သိသိနဲ့ ရှင် ကျွန်မအနားက သွားပေးပါလား၊ ဒီမှာ ကျွန်မ အဝတ်အစား လဲချင်နေပြီရှင့်"

"ဗျာ၊ အဟွန်း ဟွန်း ဟွန်း၊ မှုန်ရယ်"

တည့်တည့်ပြောမှ နားလည်တော့သည့် နေသူရိန်သည် မှုန်နံ့သာပြောမှ သူမအခက်အခဲကို နားလည်သွားကာ သူမလေး အဖြစ်ကို သဘောတကျနှင့် ရယ်လိုက်မိသည်။

သည်နောက် တဆက်တည်းဆိုသလို သူမလေးကိုလည်း ချစ်ခြင်းတွေနှင့် အသနားပို့သွားရသည်။

"ဆောရီးပဲဗျာ၊ ကဲ ဒါဆို မှုန် အဝတ်အစားလဲတော့နော်၊ မောင် အပြင်ထွက်ပေးမယ် ဟုတ်လား"

"စောစောကတည်းက ရှင် အဲဒီလိုသိဖို့ကောင်းတယ်"





"ကောင်းပန်ပါတယ်ဗျာ၊ မောင့်အပြစ်ပဲ ထားလိုက်ပါတော့၊ မှုန့်ကို အဝတ်အစားလဲဖို့ ငါးမိနစ် အချိန်ပေးမယ်၊ အဲဒီအချိန်အတွင်း မှုန် အဝတ်အစားလဲလိုက် ဟုတ်ပြီလား"

ပြောပြီး စကားဆုံးသည်နှင့် နေသူရိန်သည် မှုန်နံ့သာ မျက်နှာလေးကို တစ်ချက်ခပ်စိုက်စိုက်ကြည့်ကာ အခန်းထဲမှ ထွက်သွားလေသည်။

ကျန်ခဲ့သည့် မှုန်နံ့သာမှာသာ နှုတ်ခမ်းလေးစူလျက်။ ကြည့်လေ၊ သူမ အဝတ်အစားလဲဖို့ကိုပင် အချိန်ကန့်သတ်ပေးသွားသော နေသူရိန်ကို မှုန်နံ့သာ ဒေါသတွေဖြစ်နေသည်က ပြောနှင့်တော့။

ဒါပေမဲ့ ဘာပဲပြောပြော သူမဘေးတွင် သူ မရှိတော့ ပြီဟူသော အသိနှင့်လည်း မှုန်နံ့သာစိတ်မှာ လွတ်လပ်သွားရသည် မို့ မှုန်နံ့သာသည် အခန်းထဲသို့ သူ ဝင်မလာမီ သူမကိုယ်ပေါ်မှ အဝတ်အစားများ ပြီးစီးအောင် လဲလှယ်လိုက်လေသည်။

နေသူရိန်မှာ ပြောသည့်အတိုင်း အချိန်ငါးမိနစ်ပြည့်သည့်



www.burmeseclassic.com

www.burmeseclassic.com



နှင့် အခန်းထဲသို့ပြန်ဝင်လာတော့ မှုန်နံ့သာကား ပန်းသွေးရောင် ပါတိတ်ဝတ်စုံလေးကို လဲလှယ်ထားပြီးဖြစ်သည်။

ရင်ကို အေးချမ်းသည့်အလှ။

သိမ်လှပါသည်ဆိုတဲ့ စကားနှင့်လိုက်အောင် သူမအလှက ရင်ကို အေးချမ်းကြည်နူးစေရလေသည်။

မှုန်ညက်ဝင်းအိ နုထွေးနေသော အလှတွေနှင့် ဝင်းဝင်း စက်စက် လှရက်နိုင်ပုံကလည်း အကြည့်များမလွဲနိုင်ချင်စရာ။

ကြည့်နေရင်းက ဒီမိန်းကလေးသည် သူ၏ဇနီးသည်လေး ပါလားဆိုသော အသိဖြင့်လည်း နေသူရိန် ရင်တွေ တဆတ်ဆတ် အခုန်မြန်လာရတော့သည်။

မှုန်နံ့သာကတော့ ရီဝေစူးရှသော အကြည့်များကို ရှောင် လွှဲကာ နေရာမှ ထွက်မည်အပြု

"ဒါ ဘယ်ကိုလဲ မှုန်"

"အို ဖယ်ပါ"

သူမလက်လေးကို ဖျတ်ခနဲ ဆွဲဆုပ်ကိုင်ကာ မေးလိုက် သည့် နေသူရိန်ကြောင့် မှုန်နံ့သာ မျက်နှာရဲရဲလေးနှင့် သူမလက် လေးကို သူ့လက်ထဲက ရုန်းယူပစ်လိုက်သည်။

နေသူရိန်ကတော့ သူမလက်လေးကို လွှတ်မပေးပါပေ။

ထိုအခါ မှုန်နံ့သာသည် မျက်နှာလေး တင်းမာသွားရပြီး

"ဦးနေသူရိန်နော် လွှတ်၊ ရှင် ဒါဘာလုပ်တာလဲ၊ ကျွန်မ လက်ကို လွှတ်ပါ"

"မောင်မေးတာ ဖြေလေဗျာ၊ မှုန် ဒါ ဘယ်သွားမလို့ လဲဆိုတာ"

"အို ကျွန်မဘာသာ ဘယ်သွားသွား ရှင့်အလုပ်လား"

"အဟွန်း မှုန်သွားရင် မောင် ဘယ်လိုနေရမှာလဲ"

"ရှင်နော်၊ ရှင့်ဘာသာရှင် နေပါလား"

"ဘယ်လိုပြောလိုက်တာလဲ၊ မှုန်ရှိနေမှတော့ မောင်က တစ်ယောက်တည်း ဘယ်လိုနေရမှာလဲဗျ"

"ကြည့်စမ်း၊ ရှင် ရှင် အရှက်မရှိ ဘာတွေပြောနေတာ လဲ"





မိုးမိုး - တပေ

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တာ ရှက်စရာလားဗျ၊ မောင်ကတော့ မှုန်အနား မှာပဲ နေချင်တယ်၊ မောင့်ချစ်ဇနီးအနား မောင်နေချင်တာ အပြစ် လား"

"အို"

ပြောကာမှ ပိုဆိုးနေရသည့် နေသူရိန်စကားများကြောင့် မှုန်နံ့သာ ရှက်အားပိုစွာ မျက်နှာလေးလွှဲရင်း သူ့အား ဘာပြော ရမှန်း မသိတော့ပါ။

"မှုန် မောင် အဝတ်အစားလဲတော့မယ်"

"လဲပါလား၊ ရှင် အဝတ်အစားလဲတာနဲ့ ကျွန်မနဲ့ ဘာ ဆိုင်လို့လဲ"

"မှုန်နော်၊ မင်း မောင့်ကိုဘယ်လိုမေးလိုက်တာလဲ၊ မှုန် က အခုချိန်မှ မောင့်ဇနီး ဖြစ်နေပြီလေ၊ ဇနီးသည်က ခင်ပွန်းကို ပြုစုရမှာ ခင်ဗျားတို့မိန်းမတွေရဲ့ အလုပ်ပဲ၊ ဒါကြောင့် မှုန်လည်း မောင့်ကိုပြုစုရမယ်"

"ရှင် ရှင်"





ပွင့်လင်းလွန်းသည့် သူ့စကားများကြောင့် မှုန်နံ့သာ ရှက်စိတ်တွေနှင့် စကားမဆိုရဲတော့ပါ။

သူမ ဒီလိုငြိမ်ကျသွားရပြန်တော့လည်း နေသူရိန်မှာ သူမ လေးအား အသနားပိုသွားရကာ

"မောင်ပြောတာ မှုန် မောင့်အတွက် အဝတ်အစား ထုတ် ပေးဖို့ပြောတာ"

"ရှင့်နော်၊ ရှင့်မှာလည်း လက်ပါတာပဲ၊ ကိုယ့်အဝတ် အစား ကိုယ့်ဘာသာ ထုတ်ဝတ်ပေါ့ရှင်၊ ဒါပဲနော် ခုကတည်းက တစ်ခါတည်းပြောထားလိုက်ပါရဲ့၊ လက်ထပ်ပြီးတာနဲ့ ငါယောက်ျား ပဲ၊ ငါ့ကို ပြုစုပေးလိမ့်မယ်ဆိုတဲ့ စိတ်မျိုးထားရင်တော့ ဆောရီး ပဲ"

မှုန်နံ့သာမှာ သူ့စကားကို မခံချင်လို့ စူးရဲနေရသော မျက်ဝန်းစူးနက်နက် တောက်တောက်လေးနှင့် နှုတ်ခမ်းလေး ဖိကိုက် ကာ ဆိုလိုက်သည်။

နေသူရိန်သည် မှုန်နံ့သာမျက်နှာလေးကို ခပ်ငုံ့ငုံ့စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျှက် အံကို တင်းခဲနေ ရှေ့ကြိုတ်လိုက်ရင်းက

"မောင့်ကိုပြုစုပေးရမှာ မင်း ဘာလို့ဒီလောက်တောင် ကြောက်နေရတာလဲ မှန်"

သူ့စကားသံက တစ်စုံတစ်ရာအတွက် မခံမရပ်နိုင် နာကျင်နေရသလိုမျိုး။

ဒါကို မှန်နှံ့သာ သတိထားမိပေမယ့် ဂရုမစိုက်ပါ။ နေသူရိန်ဆိုတာ သူမ နာကြည်းမုန်းတီးနေသည့် သူ။ သူ့ကို သူမ အစကတည်းကလည်း လက်ထပ်ခဲ့ချင်သည်မဟုတ်။

လူကိုအကျပ်ကိုင်ကာ မရအရ တောင်းဆိုလာသည့် သူ့တောင်းဆိုမှုများကြောင့်သာ မှန်နှံ့သာ သူ့ကို အရှုံးပေး လက်ထပ်ခဲ့ရပါသည်။ သူမစိတ်ထဲမှာတော့ နေသူရိန်အပေါ် အမုန်းစိတ်များ ခုချိန်ထိ မပြေသေးပါ။

"ဖြေလေ မှန်၊ မင်း မောင့်ကို ဒီလောက်တောင်ပဲ မုန်းနေပြီလားဆိုတာ"

သူမပခုံးနှစ်ဖက်ကို သူ့လက်အစုံနှင့် ခပ်တင်းတင်း





ဖျစ်ညှစ်ဆုပ်ကိုင်ကာ မေးလိုက်သော နေသူရိန့်စကားကြောင့် မှန်နှံ့သာ မျက်နှာလေးတင်းမာသွားရပြီး

"ရှင်သိနေပြီးသား အဖြေတစ်ခုကို ကျွန်မ မဖြေချင်တော့ဘူး ဦးနေသူရိန်"

မှန်နှံ့သာစကားကြောင့် နေသူရိန်ရင်မှာ ဆစ်ခနဲ နာကျင်သွားရသည်။

"မင်း မောင့်ကို ဒီလောက်တောင် မုန်းနေလျက်နဲ့ မောင့်ကို ဘာလို့ မင်း လက်ထပ်ခဲ့တာလဲ မှန်၊ ပြောစမ်းပါ မှန်၊ မင်း ပြောစမ်းပါ"

မချိတင်ကဲစွာ သူ့စကားများကို ဂရုမစိုက်သလို နာကျင်ရိပ်များ ဖုံးလွှမ်းနေသည့် သူ့အကြည့်များနှင့်လည်း မှန်နှံ့သာသည် မရှောင်လွှဲဘဲ သူ့အား အကြည့်စူးစူးများနှင့် ပြန်လည်တုံ့ပြန်ကြည့်ကာ

"ရှင့်ကိုချစ်လွန်းလို့ လက်ထပ်ခဲ့တယ်လို့များ ရှင်ထင်နေလား ဦးနေသူရိန်၊ ရှင့်ရဲ့ တဖွတ်ထိုးဆန်တဲ့လုပ်ရပ်တွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခဲ့တယ်ဆိုတာ ရှင်သိထားပါ''

''ဪ မင်းလက်ထပ်ခဲ့တာ ဒါကြောင့်ကိုး၊ သိပ်ကောင်းတယ် အဟွန်း ဟွန်း''

နေသူရိန်သည် ရင်မှာ ဆွတ်ကျင်လာရသော ခံစားမှုများကြောင့် မချိုစွာ နာကျင်စွာ ရယ်လိုက်သည်။

မှုန်နံ့သာကလည်း သူ့စကားကို လက်မခံပါ။ သူ့အားပြန်၍ အရွဲ့တိုက်ချင်စိတ်များ တဖွားဖွားပေါ်လာရသည်မို့

''ဟုတ်တယ်၊ ရှင့်ရဲ့တဖွတ်ထိုးဆန်တဲ့ လုပ်ရပ်တွေကြောင့် ကျွန်မမုန်းတဲ့ ရှင့်ကို လက်ထပ်ခဲ့ရတယ်ဆိုတာ ရှင်သိထားပါ''

''မှုန်''

သူ့အသံက နာနာကျင်ကျင် ဆွတ်ကျင်မှုတွေနှင့် ထွက်ပေါ်လာရသည်။

''ကောင်းပြီ မှုန်၊ မောင်သိပ်ချစ်တဲ့မှုန်က မောင့်ကိုသိပ်မုန်းနေမှတော့ မောင် မင်းအနားမှာရှိတော့ရော ဘာအဓိပ္ပာယ်ရှိတော့မှာလဲ၊ မင်း မင်းသွားစမ်း မှုန်''





''အို အမေ့''

အံကိုတင်းတင်းကြိတ်ကာ နီရဲစိုစွတ်လာရသော မျက်ဝန်းများနှင့် မှုန်နံ့သာကိုယ်လေးကို ဆတ်ခနဲ တွန်းထုတ်ကာ မှုန်နံ့သာအနားက နေသူရိန်သည် ခြေလှမ်းကျဲကြီးများနှင့် အခန်းထဲက ထွက်သွားလေသည်။

မှုန်နံ့သာမှာ သူမအား ကျောခိုင်းသွားသည့် နေသူရိန်ကိုကြည့်ပြီး သက်မချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မျက်တောင်ရှည်ကြီးများ စင်းချကာ ခုတင်ထက်ဝယ် ကလေးတစ်ယောက်လို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော မှုန်နှံ့သာကိုကြည့်ပြီး နေသူရိန်ကိုယ်ထဲရှိ သွေးကြောလေးများ တဆတ်ဆတ်နှင့် တုန်ခါလာရသည်။

ကြည့်စမ်းပါဦး။

ဘယ်လောက်များ အပြစ်ကင်းစင်ကာ လှလိုက်ပါသည့် မျက်နှာလေးလဲဆိုတာ။

ကြည်စင်ဝင်းလဲ့နေသော အသားအရေက နို့နှစ်ရောင် သမ်းလျက် မျက်တောင်ရှည်ကြီးများ စင်းချကာ နှင်းဆီသွေးရောင်





နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပိတ်လျက် ကြည်စင်ရှင်းသန့်သော မျက်နှာလေးနှင့် ချစ်စဖွယ်ကောင်းလောက်အောင် လှပနုထွေးသည့် ချစ်သူ၏မျက်နှာနုထွေးထွေးလေးကို နေသူရိန်သည် မျက်စိမလွှဲနိုင်အောင် ရင်ခုန်စိတ်လှုပ်ရှားမှုတွေနှင့် ကြည့်နေမိရသည်။

ချစ်လိုက်ရတာ၊ သိပ်ချစ်တာပဲဆိုသည့် စကားတွေက နေသူရိန်ရင်ထဲ စကားလုံးများ ထောင်သောင်းမက ရင်မှာ လှိုက်ဖိုနွေးမှုတွေနှင့် စကားများ ဆိုနေမိရသည်။

အပြစ်ကင်းစင်ကာ ချစ်စဖွယ်ကောင်းလွန်းသည့် ဒီမျက်နှာလှလှလေးကို အသက်နှင့်အတူ ချစ်လွန်း၍လည်း နေသူရိန်သည် သူမလေးကို မရမက သူ့ဆန္ဒ သူ့သဘောတစ်ခုတည်းနှင့် ရယူပိုင်ဆိုင်နိုင်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

သူ့အပြုအမူတွေသည် သူမအပေါ် တစ်ဘက်သတ်ဆန်ကောင်းဆန်နိုင်ပေမယ့် တကယ်တမ်း ဒီဖြစ်တွေအားလုံးသည် သူမကို သိပ်ချစ်လွန်း၍ ဖြစ်ရသည်ဆိုတာကိုတော့ ချစ်သူသည်



www.burmeseclassic.com

www.burmeseclassic.com



သိမည်မဟုတ်ပါ။

မှန်ရယ်။

သိပ်ချစ်တယ်ဗျာ။

နေသူရိန်သည် ချစ်သူ၏မျက်နှာလှလှကို ကြည့်နေရင်းက ရင်ထဲကအချစ်များ မထိန်းချုပ်နိုင်တော့သလို ပန်းနုရောင် မင်္ဂလာခုတင်ကြီးထက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော မှုန်နံ့သာ အနီးသို့ သူ့ခြေလှမ်းကျဲကြီးများ တိုးရွေ့လာခဲ့သည်။

ညဆိုသောအသိနှင့်အတူ တိတ်ဆိတ်ငြိမ်သက်နေသော အခန်းထဲဝယ် သူ့ရင်မှာ အသက်နှင့်ထပ်တူ ချစ်ရသည့် ချစ်သလေးနှင့် အတူရှိနေပါလားဆိုသော အသိဖြင့် နေသူရိန်ရင်ထဲ ရင်ခုန်သံတွေ ပို၍မြန်ဆန်လှုပ်ရှားနေရသည်။

ဖူးဥနုထွေးနေသော ချစ်စဖွယ်မျက်နှာလေးနှင့် အဖြစ်ကင်းစင်သော ကလေးတစ်ယောက်လို အပူအပင်ကင်းမဲ့ဟန်လေးဖြင့် အိပ်ပျော်နေရှာသော ချစ်သူပုံစံလေးက ပုံပြင်ထဲက စနိုးဝိုက်မင်းသမီးလေးတစ်ပါးလို အရမ်းပင် ကြည့်လို့ကောင်းနေရ၏။





နေသူရိန်သည် သူ့အရပ်ကြီးအုပ်မိုးကာ မှုန်နံ့သာမျက်နှာလှလှလေးထက် ရှုံးရှုံးစိုက်စိုက် ကြည့်လိုက်မိသည်။

ချစ်လိုက်ရတာ။

သူမှာတော့ ချစ်လွန်း၍ သူ၏ဂုဏ်သိက္ခာကိုပင် မငဲ့ညှာနိုင်ဘဲ ချစ်သူကို ပိုင်ဆိုင်ရဖို့အတွက် သူ့ဘက်က အစွမ်းကုန်ကြိုးစားခဲ့ရသလောက် ချစ်သူကတော့ သူ့အပေါ် တစ်ဘက်သတ်အထင်အမြင်လွဲမှားမှုတွေဖြင့် ခါးခါးသီးသီးပင် ဖြစ်ခဲ့လေသည်။

သည်အဖြစ်က သူ့ကို ပို၍နာကျင်စေရသည်ကိုတော့ နေသူရိန် သူ့ကိုယ်သူသာ သိပါ၏။

ချစ်သူ၏ ခါးသီးသောအပြုအမူများက နေသူရိန် နှလုံးသားကို ခံနိုင်စွမ်းရှည်မရှိနိုင်တော့သလို ရင်အစုံကို နင့်ရှုးနာကျင်စေရလေသည်။

ဒါကို ချစ်သူကတော့ သိမည်မဟုတ်ပါ။ သိရန်လည်း ကြိုးစားလိမ့်မည်မဟုတ်။ သူမအချစ်များကို ဖွတ်တိုးကာ တစ်ဘက်သတ်ဆန်စွာ ယူရက်သူအဖြစ် သူမလေး သူ့အား မုန်း



www.burmeseclassic.com

www.burmeseclassic.com



တီးနေသည်ကို နေသူရိန် သိပါ၏။

သိ၍လည်း သူ့ရင်အစုံသည် အတိုင်းအဆမရှိနိုင်အောင် နာကျင်အက်ကွဲ ကြေမွစွာ ခံစားနေရခြင်းဖြစ်သည်။

သူ့အချစ်တွေကို ချစ်သူလေးသည် ဘာကြောင့် နားမလည် နိုင်ရပါသည်လဲ။ တကယ်ပဲ သူ့အချစ်တွေကို သူမလေး နားမလည် နိုင်ရှာဘူးတဲ့လား။

မဖြစ်နိုင်ပါ။

ချစ်သူသည် သူ့ကို တစ်ချိန်က နှင့်သည်းစွာချစ်ခဲ့သည် ကိုလည်း နေသူရိန် သိပါ၏။

ထိုအချိန်က အချစ်များကို ယခုတိုင်လည်း နေသူရိန် တမ်းတနေရဆဲဖြစ်သည်။

ဒါကို သူမလေး နားလည်အောင် သူ ဘယ်လိုပြော ပါမည်လဲ။

မှုန်ရယ်။ မောင့်ကိုခွင့်လွှတ်ပါဗျာ။ မှုန့်အပေါ် ချစ်မိတဲ့ မောင့်ရဲ့အချစ်တွေကို မှုန် အမြန်ဆုံး နားလည်ပါတော့ဟု၍သာ





နေသူရိန် စိတ်မှာကျိတ်ဆိုရင်း နာကျင်ကြေကွဲ တမ်းတချစ်စိတ် တွေနှင့် သူ့အနမ်းနွေးနွေးတစ်ချက်က သူမနဖူးလေးပေါ် ရောက် ရှိသွားခဲ့ရ

"အင်း အင်း"

"ဟင်"

"ရှင်"

"အို"

"ဦးနေသူရိန်"

မှုန်နှံ့သာမျက်နှာလေး ရဲရဲတောက်ပသွားရသလို ရှက် သွေးများကလည်း ရုတ်ခြည်း သူမတစ်ကိုယ်လုံးအနှံ့ ပျံ့နှံ့သွား ရသည်။

ဘုရားရေ။

ကြည့်စမ်းပါဦး။

ဦးနေသူရိန်၊ သူ သူမကို နမ်းလိုက်သည်တဲ့လား။ ရှက် စိတ်အတွေးတွေနှင့် မှုန်နှံ့သာသည် နေသူရိန် မျက်နှာချောချော

www.burmeseclassic.com



ကြီးကို မကြည့်ရဲတော့ဘဲ ရှက်ယောင်ဝဲနေသော မျက်နှာလေးနှင့်ပင် မျက်လွှာလေးချလျက်က အိပ်ရာထက်မှ သူမကိုယ်လေးကို လွန့်လူးရုန်းထွက်လိုက်တော့

"အို"

မှန်နန်းသာအဖြစ်က ရှက်ပါသည်ဆိုမှ ပို၍အရှက်သည်းသွားစေရသည့်အဖြစ်။

ကြည့်လေ။

သူမကိုယ်လေး ရုတ်တရက်အထမှာ သူမနှင့် နီးကပ်စွာရှိနေသော နေသူရိန်ကိုယ်ကြီးနှင့် နီးကပ်သွားရုံမက သူမကိုယ်လေးက အရှိန်နှင့် သူ့ဘက်ကို ယိုင်ခနဲရောက်ရှိသွားရာ နေသူရိန်မှာ သူမကိုယ်လေးကို အမြန်လှမ်းဖမ်းထိန်းလိုက်သဖြင့် သူမကိုယ်လေးက သူ့ရင်ခွင်ထဲ လုံးလုံးရောက်ရှိသွားသလို ဖြစ်သွားရသည်။

"ဖယ် လွှတ်၊ လွှတ်ပါ"

"အပျွန်း၊ မှန် မောင့်ကြောင့် အိပ်ရေးပျက်သွားပြီနော်"



"ရှင်နော်"

သူ့ရင်ခွင်ထဲက သူမကိုယ်လေး ရုန်းထွက်နေသည်ကို သူသည် ဂရုမစိုက်၊ အရေးမထားသလို ပေါ့ပါးသွက်လက်သော လူငယ်တစ်ယောက်၏ဟန်ဖြင့် မှန်နန်းသာ မျက်နှာလေးထက် အကြည့်များ မလွှဲတမ်း ချစ်ရည်ရွှန်းစိုသည့် အကြည့်စူးစူးကြီးများဖြင့် ခပ်စိုက်စိုက်ကြည့်ကာ ဆိုလိုက်သောအခါ မှန်နန်းသာမျက်နှာလှလှလေးသည် ပို၍ရဲပတောက်သွားရပြီး

"ရှင် ဘာတွေပြောနေတာလဲ၊ ဖယ့် ကျွန်မကို လွှတ်ပါ"

"မှန် မောင့်ကိုစိတ်ဆိုးနေလား"

"အို"

အပြောသာမက အကြည့်တွေကပါ သူမမျက်နှာထံ ခပ်စူးစူးရောက်ရှိနေသောအခါ မှန်နန်းသာမှာ မနေတတ်တော့ပါ။

ကြည့် ဒီလူ သူမကို ဘယ်လိုတြီး ကြည့်နေတာပါလိမ့်။

သို့ မဟုတ်သလို သူမကို ရက်စက်တုန်းကတော့ ရက်စက်ခဲ့ပြီး ခုတော့လည်း သူ မဟုတ်သလို သူမကို ကြင်နာ

www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သည့် နွေးထွေးသောအပြုံးတွေနှင့် ကြင်နာမှုတွေပြနေပုံက မုန်းချင်စရာ။

ဦးနေသူရိန်နှင့်ရယ်၊ ရှင့်ကို ကျွန်မ သိပ်မုန်းတယ်ဆိုသည့် စကားများကို ရင်တွင်းမှကျိတ်ကာ မကျေမနပ်လေးဆိုရင်း မှုန်နံ့သာသည် နေသူရိန်ရင်ခွင်ကျယ် နွေးနွေးကြီးထဲက ရုန်းအထွက်

"ဟိတ် ဘာလို့ရုန်းနေရတာလဲကွ"

"ရှင် လွှတ်ပါ"

"မလွှတ်ဘူး"

"ဟင်၊ ရှင်နော်"

မှုန်နံ့သာထံမှ မျက်စောင်းနနလေးက နေသူရိန်ထံ အတားအဆီးမရှိ ရောက်ရှိသွားရသည်။

နေသူရိန်မှာ သူမ၏မျက်စောင်းတွေကိုပင် သဘောကျ သွားရသလိုမျိုး ပြုံးလွန့်လွန့်မျက်နှာချောချောကြီးနှင့် မချင့်မရဲ ဖြစ်စွာ သူမကိုယ်လေးကို တိုးဖက်လိုက်ရာ

"အမေ့၊ အို ရှင် ဒါဘာလုပ်တာလဲ"





"အဟွန်း ပြောပါဦး၊ မှုန့်က ဘာလုပ်တယ်ထင်လို့လဲ ဆိုတာ"

"ကြည့်စမ်း ရှင်"

မှုန်နံ့သာသည် သူ့ရင်ခွင်ထဲမှ ခပ်ဆတ်ဆတ်လေး ရုန်းထွက်လိုက်သည်။

သို့သော် နေသူရိန်သည်က မလွှတ်။

မလွှတ်သည့်အပြင် သူမကိုယ်လေးကိုပင် တိုး၍ တိုးဖက် လိုက်ရာ

"ဦးနေသူရိန် ရှင် ဘာလုပ်တာလဲဆိုတာ"

"မှုန့်ကိုချစ်တာ"

"အို"

"စိတ်ချ၊ အိုစေရမယ်"

"ရှင် အို၊ ဖယ် ဖယ်"

"အဟွန်း ဟွန်း ဟွန်း"

အရုက်သည်းသွားရသူ ချစ်ဇနီးချော၏အဖြစ်ကို နေသူရိန်



www.burmeseclassic.com

www.burmeseclassic.com



သဘောကျလို့မဆုံးသလို သူမ၏ထိုအပြုအမူလေးသည်ကပင် နေသူရိန် နှလုံးသွေးကြောတွေကို ပေါက်ကွဲမတတ် တုန်ခါစေရ တော့သည်။

"လွှတ် လွှတ်ပါ"

"ပြောပြီးပြီလေ၊ မလွှတ်ဘူးဆိုတာ"

"ရှင်နော်"

"မှုန်နော်"

"အို"

"အဟွန်း အိုစေရမယ်ဆို"

"ဟာ ဘာတွေပြောတာလဲ၊ ရှင် သွား သွား"

"အဟွန်း ဟွန်း မှုန်ရယ်ဗျာ"

အရှက်သည်းသွားရပြီဖြစ်တဲ့ မှုန်နှံ့သာမှာ စကားမဆိုနိုင် ရှာတော့ပါ။ ရှက်စိတ်တွေကြောင့် ဆိုရန်စကားတွေလည်း ပျောက် ဆုံးနေရသလို မှုန်နှံ့သာမျက်နှာလှလှလေးသည် နေသူရိန် ရင်ခွင် ထဲက မော့၍မလာပါတော့။





ရင်မှာ ရှက်ရွံ့မှုတွေက ဘာနှင့်မှ နှိုင်းယှဉ်ပြမရနိုင်အောင် ကြီးစိုးနေရပြီဆိုတာ မှုန်နှံ့သာ သူမကိုယ်တိုင် သူမသာ သိပါတော့ ၏။

သို့ပေမယ့် နေသူရိန် ရင်ခွင်ကျယ်ကြီးထဲတွင် ဒီအတိုင်း ဆက်နေဖို့ဆိုတာကလည်း မဖြစ်နိုင်သည်မို့ မှုန်နှံ့သာတစ်ယောက် ရှက်ရှက်နှင့်ပင် နေသူရိန်ရင်ခွင်ထဲက ရုန်းထွက်လိုက်သည်။

"မှုန်"

"ဟင့်အင်းဆို"

"မှုန်ရယ်"

သူမပါးပြင်နုနုဆီ နီးကပ်စွာ တိုးဝှေ့ပူးကပ်ရောက်ရှိလာ သည့် နေသူရိန် မျက်နှာချောချောကြီးကို မှုန်နှံ့သာတစ်ယောက် ရှောင်ချိန်မရလိုက်ပါ။

နူးညံ့သည့် အနမ်းနွေးနွေးတွေက မှုန်နှံ့သာပါးပြင်နုနုပေါ် အဆက်မပြတ် ကျရောက်လာရတော့ မှုန်နှံ့သာမှာ နေသူရိန်ရင်ခွင် ထဲတွင် ရှောင်ချိန်မရနိုင်တော့ဘဲ နေသူရိန်၏ အနမ်းနွေးနွေးများ



www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် ရုတ်ခြည်းတော့ ပြာဝေမှုးမိုက်သွားရသည်။

သည်နောက်မှာတော့ ဆက်တိုက်ဆိုသလို ကျရောက်လာရသည့် နေသူရိန်ထံမှ အနမ်းများ။

"အို ဖယ်ဆို"

"ရှင် ဟင့်အင်း"

"ရှင်နော်"

သူမ၏ငြင်းဆန်သံလေးတွေကို နေသူရိန် မကြားနိုင်တော့ပါ။ ကြားနိုင်စွမ်းလည်း မရှိတော့။

မွှန်းကျပ်သိပ်သည်းနေသည့် နေသူရိန်၏ အနမ်းတွေက သူမမျက်နှာလေးထက် တားဆီးမရစွာ ကျရောက်လာရသည့်အခါ မှုန်နှင့်သာ နေသူရိန်ရင်ခွင်ထဲ အသက်ရှူများပင် မှားသွားရပါတော့သည်။

"သိပ်ချစ်တယ် မှုန်ရယ်"

"မသိဘူး၊ လွှတ်ပါ"

"မှုန်ရယ်၊ မောင်ချစ်တာတွေကို မသိဘူးလို့တော့ မပြော





ပါနဲ့ဗျာ၊ မှုန့်ကို မောင်ချစ်ခဲ့တာ ခုမှမဟုတ်ပါဘူး၊ မှုန် စဉ်းစားရင် သိနိုင်ပါတယ်၊ ဟောဒီက အပြစ်ကင်းစင်တဲ့ မှုန်ရဲ့ လှပပြီး ချစ်စရာကောင်းတဲ့ မျက်နှာလှလှလေးကို မြင်လိုက်ရကတည်းက မောင့်ရင်ထဲ အလိုလို အချစ်ဆိုတာ ဖြစ်ပေါ်လာရတာပါဗျာ၊ ချစ်လွန်းလို့လည်း မောင်ချစ်တဲ့ မှုန့်ကို မောင် ပိုင်ဆိုင်နိုင်အောင် ကြိုးစားခဲ့ရတာပေါ့၊ မှုန် သိလား၊ မောင့်ရင်ထဲမှာ မှုန့်ကို အဲဒီလောက်ထိချစ်တာ၊ မှုန်ရော မောင့်ကိုချစ်တယ်မဟုတ်လား"

"ဟင့်အင်း၊ မချစ်ဘူး မချစ်ဘူး၊ လွှတ် ရှင့်ကို ကျွန်မ မုန်းတယ် သိလား"

"အဟွန်း ဟွန်း ဟွန်း မှုန်ရယ်၊ မောင့်ကိုမုန်းတယ်လို့တော့ မပြောပါနဲ့ဗျာ၊ မောင် မှုန့်ကိုချစ်တာလည်း မှုန် ထည့်စဉ်းစား ပေးဦးလေဗျာ"

မုန်းစကားဆိုလာသည့် ချစ်သူလေးကို နားလည်ခွင့်လွှတ်စိတ်နှင့် နေသူရိန်သည် နာကျင်ကြေကွဲရသည့် ခံစားမှုများကို ရင်မှာမျိုသိပ်ရင်း မချိတင်ကဲ နှလုံးသားကို ဟန်လုပ်ပြုံးကာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူမိန်းမချောကို ရင်ခွင်ထဲ တင်းတင်းပွေ့ဖက်ရင်း သူ့ရင်ထဲ ခံစားမှုများအား ချစ်ဇနီးချောသိအောင် ရင်ဖွင့်နေမိတော့သည်။

"ချစ်တယ် မှန်ရယ်"

"ဟင့်အင်းဆို"

"မင်းလေးနော်၊ မောင့်ကိုသိပ်ပြီး အသည်းယားအောင် မလုပ်နဲ့ဗျ"

"ရှင်ကြီးလည်း ကျွန်မကို စိတ်ဆိုးအောင် မလုပ်နဲ့ပေါ့"

"ကြည့်စမ်း၊ ဒါ မောင့်ကိုရန်တွေ့တာပေါ့ ဟုတ်လား"

နေသူရိန်သည် မျက်နှာချင်း တိုးတွေ့ပူးကပ်ကာ မချင့်မရဲ ပြောတော့ မှန်နှံ့သာသည် သူ့မျက်နှာလေးကို နောက်သို့ တိမ်းရှောင်ဆုတ်လိုက်ပြီး

"ကျွန်မ စိတ်ဆိုးမိတော့မယ်နော် ဦးနေသူရိန်၊ ရှင် လွှတ်ဆိုတာ မကြားဘူးလား"

"ကြားတယ်"

"ကြားရင်လွှတ်လေ"





"မလွှတ်ပါရစေနဲ့ဗျာ၊ မှန့်ကို မောင် သိပ်ချစ်တယ်၊ မှန် မောင့်ကိုမသနားဘူးလား"

"အို ကြိုကြိုဖန်ဖန်၊ ရှင့်ကို ကျွန်မက ဘာလို့သနားရမှာလဲ"

"တကယ်လားဗျ"

"ရှင်နော်၊ တကယ်မကဘူး၊ ဆယ်ကယ် သိလား"

"အဟွန်း ဖြည်းဖြည်းပြောပါဗျာ၊ မောင့်မိန်းမကလည်း အော်လိုက်တာ လွန်ပါရော"

"ကြည့်စမ်း၊ ရှင် လူကို ဘယ်လိုခေါ်လိုက်တာလဲ"

"မိန်းမ၊ မိန်းမလို့ ခေါ်လိုက်တာ၊ ဘာလဲ မောင့်ကို စိတ်ဆိုးဦးမလို့လား"

"ဆိုးတယ် ဆိုးတယ်၊ ရှင်ကြီးကို စိတ်ဆိုးတယ် သိလား"

မျက်နှာရဲရဲလေးနှင့် တကယ်ပင် စိတ်ဆိုးနေရပြီမို့ မှန်နှံ့သာမှာ နေသူရိန့်ရင်ခွင်ထဲက ခပ်ဆတ်ဆတ်လေး အတင်း



www.burmeseclassic.com

www.burmeseclassic.com



ရှန်းထွက်နေတော့သည်။

သူမ ဘယ်လိုပင် ရှန်းထွက်နေပါစေ။ မှုန်နံ့သာ၏ ရှန်းထွက်မှုများသည် အရာမရောက်နိုင်ခဲ့ပါ။

နေသူရိန်သည် အချစ်စိတ်တွေ ပေါက်ကွဲရပြီမို့ ရင်ခွင်ထဲမှနေ ချစ်ဇနီးချောကို နည်းနည်းလေးမှ ရှန်းထွက်ခွင့်မပြုဘဲ သူ့လက်အစုံနှင့် တင်းတင်းကျပ်ကျပ်ကြီး ပွေ့ဖက်ထားသည်မှာ မလွှတ်တမ်းပင်။

မှုန်နံ့သာမှာ ရှန်း၍မရသောအခါ မျက်ဝန်းအိမ်တွင် မျက်ရည်ကြည်တွေက အလိုလိုရစ်ဝဲလာရသည်။

တစ်ဆက်တည်း သူမစိတ်ထဲတွင် နေသူရိန်သည် သူ့အား တမင်အနိုင်ကျင့်နေတာပါလားဆိုသော အတွေးစိတ်များနှင့် နေသူရိန်အား ပို၍မကျေမနပ်ဖြစ်လာရသည်။ ဒါကို နေသူရိန်ကတော့ ဘာမှမသိပါ။

သူ့အချစ်များကို ကလေးတစ်ယောက်လို မှုန့်စိတ်ကောက်ဟန်လေးဖြင့် တွန်းထိုးရှန်းကန်ငြင်းဆန်နေသူလေးကိုသာ ရင်ဝထဲ





မချင့်မရဲစိတ်များဖြင့် မလွှတ်တမ်း တင်းတင်းကြီးပွေ့ဖက်ထားရင်းက

"မှုန်"

မှုန်နံ့သာ မထူးပါ။

မျက်နှာလေးကို လွှဲရင်းက နှုတ်ခမ်းလေးကို တင်းတင်းလေး စေ့ထားလိုက်သည်။

နေသူရိန်သည် သူ့မျက်နှာလေးကို စူးရှနဲ့ တစ်ချက်စိုက်ကြည့်လိုက်ပြီး

"ပြန်အိပ်နော် မှုန်၊ မှုန် အိပ်ရေးပျက်သွားပြီမဟုတ်လား"

"အဲဒီလိုဖြစ်အောင် ရှင်ပဲလုပ်တာမဟုတ်လား"

"အဟွန်း ဟုတ်ပါတယ်ဗျာ၊ အဲဒါကြောင့်လည်း မောင် မှုန့်ကို တောင်းပန်နေတာပေါ့"

"ဘာတောင်းပန်တာလဲ"

"ဟောဗျာ၊ မောင့်အချစ်တွေနဲ့ မှုန် ကျေနပ်အောင် တောင်းပန်နေတာလေ၊ ဘာလဲ မကျေနပ်ဘူးလား၊ ပြော မှုန်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်အောင် မောင် ဘယ်လိုတောင်းပန်ရမလဲဆိုတာ”

ရုတ်တရက် သူမနှုတ်ခမ်းလေးတွေ ပွင့်ဖွေးပြင်းရှသွား

သည်။

ဘုရားရေ။

သေတော့မှာပဲ ဒီလူတော့။

လှိုက်ဖိုတုန်ယင်သွားရသော ရင်ခုန်သံခံစားမှုများဖြ

မှုန်နံ့သာသည် နေသူရိန်အား ရင်မဆိုင်ရဲတော့ပါ။

သည်လူတစ်ယောက်အား မုန်းပါသည်၊ စိတ်နာပါသည်

ကြည့်မရပါဆိုသည့်ကြားက သူနှင့်ပတ်သက်သမျှ သူမ ဘာတ

မှ လွတ်ကင်းနိုင်အောင် ရှောင်လို့မရသည့်အဖြစ်က သူမအတွ

ဘယ်လောက်များ နာကျင်စိတ်ပျက်ဖွယ်ရာ ကောင်းလိုက်ပါသ

လဲလေ။

“မှုန် မောင့်ကို စိတ်ဆိုးနာကျင်နေမယ်ဆိုတာ မော

သိပါတယ် မှုန်၊ ဒါပေမဲ့ မှုန့်အပေါ်မှာ လွန်ကဲသမျှအားလုံး

မှုန့်ကိုချစ်တဲ့ စိတ်တစ်ခုတည်းနဲ့ ဖြစ်ရတာတွေပဲဆိုတာကိုမော





မှုန် မောင့်ကိုနားလည်ပေးပါနော်”

“ဘာရယ် ဦးနေသူရိန်၊ ကျွန်မက ရှင့်ကို နားလည်ပေး

ရမယ် ဟုတ်လား၊ အဟင်း ဟင်း ရှင့်ဟာက ရယ်စရာကောင်း

မနေဘူးလားရှင်၊ မိန်းကလေးတစ်ယောက်ရဲ့ အချစ်နဲ့ဘဝကို ရှင့်

စိတ်သဘောတစ်ခုတည်းနဲ့ သိမ်းပိုက်ပြီး ရှင့်ကိုနားလည်ပါလို့

ပြောနေတာ မလွန်လွန်းဘူးလား ဦးနေသူရိန်”

ခနဲ့တဲ့တဲ့ နာကျင်ဟန်နှင့် သူမအဖြစ်ကို သူမ ကြေကွဲ

စွာ ဆိုနေသူလေးကို နေသူရိန်သည် ချစ်မျက်ဝန်းစိုစိုတွေနှင့်သာ

စူးစိုက်ကြည့်နေမိတော့သည်။

ရင်ထဲမှာတော့ ချစ်သူလေး သူ့ကို နာကျင်အထင်လွဲနေ

ပြီဆိုသည့် အသိက နေသူရိန့်နှလုံးသားကို အက်ကွဲတုန်လှုပ်ချင်

စရာ။

နာကျင်မှုတွေနှင့် နေသူရိန်သည် မှုန်နံ့သာအား ရင်ခွင်

ထဲ ပို၍တင်းကျပ်စွာ ပွေ့ဖက်ပစ်လိုက်ပြီး

“ခွင့်လွှတ်ပါဆိုတဲ့ စကားဟာ မောင်နဲ့မထိုက်တန်မှန်း



www.burmeseclassic.com

www.burmeseclassic.com



မောင် သိပါတယ် မှုန်၊ ဒါပေမဲ့ မှုန့်ရယ် ခုချိန်မှာ မောင်ဟာ မှုန်ရဲ့ယောက်ျား ဖြစ်နေပြီလေ"

အို

အပြောကြမ်းကြမ်း စကားကြမ်းကြမ်းကြီးကြောင့် မှုန်နံ့သာရင်ထဲ ရှက်ရွံ့မှုတွေက အခါမလပ် နှိပ်စက်နေရတော့သည်။

ကြည့်စမ်း၊ သူ စကားကို ဘယ်လိုကြီးပြောလိုက်တာပါလိမ့်။ မှန်းဖို့ကောင်းလိုက်ပါနော်။

သည်လူတစ်ယောက်တော့ စကားကို ဒီလိုပဲပြောရသလား။ သူ့စကားတွေက အပျိုစင် သူမအား ရှက်ရွံ့စေမည်ဆိုတာ သူ တကယ်ပဲမသိဘူးတဲ့လား။

မသိတာတော့ မဖြစ်နိုင်ပါ။

သည်လူ မသိဟန်ဆောင်တာသာ ဖြစ်ပါလိမ့်မည်။ ရှက်ရှက်နှင့်ပင် မှုန်နံ့သာသည် နေသူရိန် ရင်ဘတ်ကြီးကို သူမ၏ သွားစွယ်ချွန်ချွန်လေးဖြင့် အားကုန်ဖိကိုက်လိုက်ရာ





"အား"

ဆစ်ခနဲ နာကျင်သွားရသည့် နာကျင်မှုကိုပင် နေသူရိန်သည် ဂရုမစိုက်နိုင်တော့ပါ။

ကလေးဆန်လွန်းသည့် ချစ်ဇနီး၏ အပြုအမူအတွက် အားမလိုအားမရ မချင့်မရဲစိတ်တို့ဖြင့် မှုန်နံ့သာမျက်နှာလေးကို မျက်ဝန်းညို တည်တည်စူးစူးအစုံဖြင့် အုပ်မိုးငုံ့စိုက်အကြည့်

"ဘယ်လိုလဲ ရှင်မှတ်ပြီလား"

မျက်ဝန်းနက်နက်လှလှအစုံဖြင့် နှုတ်ခမ်းဖူးဖူးလေးကို ခပ်တင်းတင်းစေ့ပိတ်ကာ မထေမဲ့မြင်ဟန်လေးဖြင့် ဂရုမစိုက်သလို သူ့အား စကားဆိုလာသည့် ချစ်သူမိန်းမချော၏ စကားကြောင့် နေသူရိန်မှာ သူမအား စိတ်ဆိုးရမည်ကိုပင် စိတ်ဆိုးရခက်သွားကာ လူက ပြုံးလွန့်လွန့်နှင့် မချင့်မရဲဖြစ်ကာ အသည်းယားသွားရပြီး

"အပွန်း ပြောစမ်းပါဦး၊ မောင်က ဘာကိုမှတ်ရမှာလဲဆိုတာ"

"ဟင် ရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားက မှုန်နံ့သာကိုပင် ပြန်၍မှင်တက်သွားစေရသည်။ သူကြည့်ရတာ သူမကိုက်လိုက်သည်ကိုပင် ဘာမှ နာကျင်ဟန် မရှိပါလား။

တကယ်ဆို သူမ ကိုက်လိုက်၍ နာကျင်ကာ သူ စိတ်ဆိုးရမှာဖြစ်ပေမယ့် ခုတော့ သူ့ပုံစံက ဘာနာကျင်မှုမှ မရှိသည့်ဟန်။

မှုန်နံ့သာ နားမလည်နိုင်တော့ပါ။

နေသူရိန်ဆိုတဲ့ လူဟာ သူမအပေါ် ဒီလောက်ပဲ စိတ်ရှည်လက်ရှည်ရသည့်တဲ့လားကွယ်။

ဒါဟာ သူ့ထံက အချစ်တစ်ခုကလွဲ၍ တခြားဘာမှမဖြစ်နိုင်။ သူနှင့်ပတ်သက်သည့် အချစ်ဆိုသည့်စကား ကြားရတာနှင့်ပင် မှုန်နံ့သာရင်ထဲ ရင်ခုန်သံတွေက မမှန်ချင်တော့။

နှလုံးသားဝယ် ပူနွေးရှိန်းမြမှုတွေနှင့်အတူ ရင်ခုန်သံတွေသည်လည်း မြန်ဆန်လာရပြီဖြစ်သည်။

သူနှင့်ပတ်သက်ခဲ့သည့် အချစ်သည် မှုန်နံ့သာရင်ထဲ ပျောက်ကွယ်ခဲ့သည်မှာ ကြာခဲ့ပြီလေ။





ခုမှတစ်ဖန် သူနှင့်ပတ်သက်သည့် အချစ်ဆိုသည့်စကား ပြန်လည်ဆန်းသစ် ဖြစ်ပေါ်လာသောအခါ အေးစက်ခဲ့သည်မှာ ကြာပြီဖြစ်တဲ့ သူမနှလုံးသားက ပြန်လည်နွေးလျလာရ၏။

ပျောက်ဆုံးကွယ်ခဲ့သည်မှာ ကြာပြီဖြစ်တဲ့ သူနှင့်ပတ်သက်ခဲ့ပါသော အချစ်သည် သူမရင်ထဲ တကယ်ပင် ပြန်လည်ဖြစ်ပေါ်လာခဲ့ရပြီလား။

သူမခံစားချက်များကို မှုန်နံ့သာသည် ဥပေက္ခာပြု၍ မရနိုင်တော့သလို သူ့ထံမှ စူးရှတောက်ပလွန်းသည့် အကြည့်များကိုလည်း မှုန်နံ့သာ ရှောင်လွှဲ၍မရနိုင်တော့ပါ။

တဒိတ်ဒိတ် ဆောင့်ခုန်လာသည့် ရင်ခုန်သံစည်းချက်များကို မှုန်နံ့သာသည် ပြန်လည်တည်ငြိမ်အောင် ကြိုးစားရင်း နေသူရိန်၏ စူးရှတောက်ပသည့် အကြည့်များကို တခြားတစ်နေရာသို့ သာယာစွာ လွှဲယူလိုက်လေသည်။

"ကျေနပ်ပြီလား မှုန်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကား ဘာကိုဆိုလိုတာပါလိမ့်။

"အဟွန်း ဘာလဲ၊ မောင့်စကားကို မှုန် နားမလည်ဘူးလား၊ မှုန် စိတ်ထဲရှိတဲ့အတိုင်း မောင့်ကိုလုပ်ချင်တာလုပ်လိုက်ရလို့ ကျေနပ်ပြီလားလို့ မောင် မေးတာ"

အို

သူ ဒီလိုပြောပြန်တော့လည်း သူမမျက်နှာလေး ရဲပလျက်လူက မနေတတ်အောင် ဖြစ်သွားရပြန်သည်။

သူသည် သိမ်ချစ်တတ်သည့် လူတစ်ယောက်မှန်း မှုန်နှံ့သာသိပေမယ့် သူမအပေါ် သူမဆိုးသမျှ ဒီမျှလောက် စိတ်ရှည်သည်းခံနိုင်လိမ့်မည်လို့ မှုန်နှံ့သာ မထင်ခဲ့ခြင်းက နေသူရိန်ဆိုသည့် သူ့အပေါ် သူမ လျှော့တွက်ခဲ့ခြင်းသာ ဖြစ်ပါသည်။

တင်းမာနေသော သူမနှလုံးသားနုနုသည် တဖြည်းဖြည်း ပျော့ပျောင်းနူးညံ့လာရပြီဆိုတာ မှုန်နှံ့သာ ရင်ထဲ နာကျင်မှုတွေနှင့် သိနားလည်လာရ၏။

သို့သော် ခက်သည်က သူမ၏ သူ့အပေါ် ဆိုးနွဲ့ချင်





သည့်စိတ်လေးပင် ဖြစ်သည်။

ချစ်သူကို ဆိုးနွဲ့တတ်သည်ကလည်း မိန်းကလေးတို့၏ သဘာဝပင် မဟုတ်ပါလား။

"မှုန်ရယ် ချစ်တယ်"

"ဟင့်အင်း၊ ကျွန်မကတော့ ရှင့်ကိုမုန်းတယ်"

"မောင့်ကို တကယ်မုန်းတာလား"

"ဘာလဲ၊ ရှင်က မယုံဘူးလား"

"အဟွန်း မယုံချင်တာ"

"သွား၊ သေလိုက်"

"အမလေးဗျာ၊ မသေပါရစေနဲ့ဦး၊ ဒီကောင်က မောင့်ချစ်သူနဲ့ အတူနေဦးမှာဗျ"

"ဟာ ဘာတွေလဲ"

"ဟောဒီ နှလုံးသားလေးထဲကလာတဲ့ ချစ်စကားတွေလေဗျာ"

အကြောစိမ်းလေးများပေါ်က ဝင်းအိနေတွေးနေရသော



www.burmeseclassic.com

www.burmeseclassic.com



မှုန်နှံသာ လည်တိုင်နုနုလေးတစ်ချောက်ကို ခပ်ဖွဖွနမ်းရှိုက်ရင်းက တီးတိုးစွာဆိုလိုက်သည့် နေသူရိန်ကြောင့် မှုန်နှံသာကိုယ်လေးမှာ သူ့ရင်ခွင်ထဲတွင် ဆတ်ခနဲ လူးလွန့်သွားကာ သူ့မလက်အစုံက နေသူရိန် လက်မောင်းကို ထုရိုက်ကုတ်ဆွဲပစ်လိုက်သည်။

"ဟာ ဟိတ် ဟိတ် မှုန်နော်၊ မင်း မောင့်ကို မကြင်နာတိုင်း နှိပ်စက်မနေနဲ့ကွ၊ တော်ကြာ"

"တော်ကြာ ဘာဖြစ်လဲ"

"အေးဗျ၊ တော်ကြာမှ နောင်တရပါပြီ မောင့်ကိုမပြောနဲ့"

"စိတ်ချ၊ မှုန်နှံသာဘဝမှာ နောင်တဆိုတာ ဘယ်တော့မှမရှိဘူး"

"သေချာလှချည်လား၊ မောင်တော့ မထင်ပါဘူးကွာ"

"နေပါဦး၊ ရှင်က ဘာကိုမထင်တာလဲ"

"ဪ တခြားမဟုတ်ပါဘူး၊ တော်ကြာ မောင့်ကို နာကျင်အောင်လုပ်လိုက်လို့ မောင့်အတွက် စိတ်မကောင်းဖြစ်ပြီး





မှုန် နောင်တရနေမှာကိုပြောတာ"

"ရှင်က လိပ်ပဲ"

"ဘာရယ်"

"ကိုယ့်ဘက်ကို ကိုယ် ယက်တတ်လို့လေ"

"ဟုတ်လား၊ ဒါဆို မထူးတော့ဘူး၊ ဒီကောင်မလေးကိုလည်း တစ်ခါတည်း ဟောဒီလို ကိုယ့်ဘက်ကိုယ်ယက်လိုက်တော့မယ်၊ လာခဲ့"

"အမေ့"

"ရှင်နော်"

"အို"

မှုန်နှံသာထံမှ ဘာစကားမှ မထွက်လာတော့ပါ။ ရုတ်တရက် စကားသံလေးများ ပျောက်ကွယ်သွားရသလို မှုန်နှံသာမှာ အသက်ရှူလေးများ မွန်းကျပ်လျက် နှုတ်ခမ်းလေးများ နွေးထွေးသွားရပါတော့သည်။

"လွှတ် လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



နေသူရိန်အဖို့ သူမ၏စကားများသည် အရာမရောက်နိုင်တော့ပါ။ နေသူရိန် ရင်ခွင်ထဲတွင် ကြီးစိုးနေရသည်က မှုန်နံ့သာအပေါ် ချစ်စိတ်များသာပင်။

"ဦးနေသူရိန် ကျွန်မပြောတာ ရှင်ကြားလား"

"အင်း ကြားတယ်"

နေသူရိန်အသံက တိုးရှရှ။

မှုန်နံ့သာရင်ထဲ ရှက်စိတ်တွေနှင့် ပို၍ဒေါသဖြစ်လာရကာ

"ရှင်နော်၊ ကြားရင် လွှတ်ပါလား"

"ဒါတော့မဖြစ်ဘူး"

"ဘာရှင့်"

"ဟိတ် တိုးတိုးအော်ပါဗျ၊ တော်ကြာ ဘေးကကြားလို့ ဒီလင်မယား ဒီနေ့မှ လက်ထပ်တယ်၊ ဒီနေ့ ရန်ဖြစ်တယ် ထင်နေပါဦးမယ်"

"အို ရှင်တော့"





"စိတ်ချ၊ မောင်က မှုန့် ရှင်ဆိုရှင်မယ်၊ သေဆိုသေမယ့်ကောင်ပဲ"

"ဟာ ဒီလူတော့"

"ဒီလူမဟုတ်ဘူးလေကွာ၊ မှုန်နံ့သာဆိုတဲ့ ကောင်မလေးကို သိပ်ချစ်တဲ့ မောင်"

"ရှင် ရှင်၊ အဲဒါ ချစ်ဦး ချစ်ဦး"

"ကဲ ကဲ"

"ဗုန်း ဗုန်း"

"ဟာ ဟိတ်၊ မှုန်နော် မင်း"

"ဟာကွာ"

လက်သီးဆုပ်နုနုလေးနှင့် ထုရိုက်နေသည့် မှုန်နံ့သာ၏ အထုအရိုက်များကို နေသူရိန်သည် လက်ကာလျက် ရှောင်ဖယ်ရင်းက မှုန်နံ့သာအား သတိပေးစကားများနှင့်အတူ မချင့်မရဲစကားများ ဆိုနေတော့သည်။

နေသူရိန် ဘယ်လောက်ပဲဆိုနေပါစေ၊ မှုန်နံ့သာကတော့



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်ပါ။

လူကို မခံချင်အောင် ချစ်စကားတွေနှင့် ကျီစယ်နေသူကို မှုန်နံ့သာမှာ အသည်းယားလာရသည်မို့ မချင့်မရဲစိတ်နှင့်ပင် နေသူရိန်အား ထုရိုက်နေခြင်းဖြစ်သည်။

"မှုန်နော်၊ မင်းတော့ ငါကွာ"

"အံမယ် အံမယ် ကြည့်စမ်း၊ ရှင်ကများ လူကို ကြိမ်းလားမောင်းလားနဲ့၊ မတော်တော့ ရှင် ဘာလုပ်ချင်လို့လဲ၊ ကဲ ပြောပါဦး"

မျက်နှာလှလှလေးကို မကဲမဲ့မြင်ဟန်လေးနှင့် ခပ်မော့မော့ထားကာ ရင်လေးကော့လျက် သူမကိုယ်သူမ သူရဲကောင်းတစ်ယောက်ဟန်နှယ် ပြောနေသော မှုန်နံ့သာကိုကြည့်ပြီး နေသူရိန် ချစ်အသည်းတွေ ယားလာရကာ သူမမျက်နှာလေးကို မချင့်မရဲ စိတ်တွေနှင့် နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ကာ ကြည့်လိုက်ပြီး

"မင်း တော်တော်စွာပါလား မှုန်"

"စွာတယ်၊ စွာတော့ ရှင်က ဘာလုပ်ချင်လဲ"



"မင်းနော်၊ ငါ မလုပ်ချင်လို့ကြည့်နေ"

"ရှင် လူကိုမကြိမ်းပါနဲ့၊ ရှင့်ကိုများ ကျွန်မ ကြောက်မယ်လို့များ ထင်နေလို့လား"

"ဩော် အဟော့၊ မင်းက ဒီစကားကို ဘာအားကိုးနဲ့ ပြောတာလဲ မှုန်"

ပြောရင်းပြောရင်းက မထင်မှတ်ဘဲ နှစ်ယောက်သား အချေအတင် ဖြစ်လာရသည်။

သို့ပေမယ့် နှစ်ဦးလုံးသည် မလျှော့။ သူတို့နှစ်ဦး၏စိတ်ထဲတွင် မချင့်မရဲမှုများ၊ အားမလိုအားမရ အနိုင်မပေးလိုမှုများနှင့် ကိုယ်စီရှိနေကြသည်မို့ မခံချင်စိတ်အတွေးများနှင့် တစ်ယောက်မျက်နှာကိုတစ်ယောက် မာန်တင်းကာ စိုက်ကြည့်နေလေသည်။

နေသူရိန်မှာ ချစ်သူ မိန်းမဆိုးလေးကို အနိုင်ယူလို၍ ပြောနေခြင်းမဟုတ်ပါ။ ချစ်သူ၏မခံချင်စရာ စကားများက သူ၏ယောကျ်ားမာနကို ထိပါးစေရသည်မို့ တမင် သူမအား မခံချင်စိတ်နှင့် အသည်းယားစွာ ဆိုနေရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် ဒီမိန်းကလေးသည် သူ့ဘဝ၏ ချစ်ဦးသခင်၊ သူ့နှလုံးသားတွင် မင်းမူသူလေးသာ ဖြစ်လေသည်။

ချစ်တဲ့စိတ်တစ်ခုတည်းနှင့် အရာအားလုံး ချစ်သူအလိုကျ ဖြစ်စေရမည်ဆိုပေမယ့် ချစ်သူသည် တစ်ခါတစ်ရံမှာလည်း ကလေးဆန်စွာ ဆိုးနွဲ့ကာ ခေါင်းမာတတ်သည်မှာ သူမအား တုတ်နှင့်ခပ်နာနာပင် ရိုက်ဖို့ကောင်းလွန်းသူဖြစ်သည်။

ခုချိန် သူမအား သူ အလျှော့ပေးလိုက်ပါက မှုန်နံ့သာဆိုသည့် မိန်းမချောသည် သူ့အား အနားပင်ကပ်ခွင့်ပြုတော့မည်မဟုတ်ဆိုတာလည်း နေသူရိန် သိနေပြန်၏။

ဒါကြောင့်လည်း နေသူရိန်မှာ ချစ်သူကို သနားပေမယ့် တမင် အလျှော့မပေးဘဲ နေခြင်းဖြစ်သည်။

ဒါကိုပင် သူမသည် သူ့အား အလျှော့မပေးရပါ့မလား ဆိုကာ အနိုင်မရသူတစ်ယောက်၏ဟန်နှင့် သူ့အား မကျေနပ်စွာ နှုတ်ခမ်းစူစူ မျက်စောင်းတထိုးထိုးနှင့် ရှိနေတော့သည်။

နေသူရိန် သူမအဖြစ်ကို ညီပါသည်။





သိပေမယ့်လည်း မသိဟန်ပြုလျက် နေလိုက်၏။

"ပြောလေကွာ၊ မင်း ဘာအားကိုးနဲ့ပြောနေတာလဲဆိုတာ"

"ရှင် ဘာမေးတာလဲ"

"ငါမေးတာ ရှင်းရှင်းလေး၊ မင်း အခု ဒီစကားတွေကို ဘာအားကိုးနဲ့ ငါ့ကိုပြောနေတာလဲလို့ မေးနေတာ"

"ဒီမှာ ရှင် ကျွန်မကို ဘာထင်နေလဲ"

"ဟ ငါက မင်းကို ဘာထင်ရမှာလဲကွ"

"ရှင်နော်"

"ကျွတ်၊ မင်းကွာ"

"ဟင်၊ ဘာမင်းကွာလဲ၊ ကဲ"

"ဒီတစ်ခါတော့ မရတော့ဘူး အမိ"

"အို"

သူမ ဘာလုပ်မည်ကို ကြိုသိနေသည့် နေသူရိန်မှာ ဒီတစ်ခါတော့ဖြင့် မှုန်နံ့သာကို အလွတ်မပေးတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အား ရိုက်ရန်ရွယ်လာသည့် မှုန်နံ့သာလက်အစုံကို သူ့လက်နှင့်ဖမ်းယူကာ တင်းတင်းကြီး ဆုပ်ထွေးဖျစ်ညှစ်လိုက်တော့

"အား နာတယ်၊ လွှတ်"

"အဟွန်း ပြောပါဦး၊ ခုတော့ အမိ ဘာတတ်နိုင်သေးလဲဆိုတာ"

"ရှင် လူကိုအနိုင်မကျင့်နဲ့ သိလား"

"ချစ်တာကို အနိုင်ကျင့်တယ်လို့ ပြောလို့ရမလားဗျ"

"ဘာချစ်တာလဲ၊ ဘာချစ်တာလဲ"

"ဟောဗျာ၊ ချစ်တာပါဆိုမှတော့ ဟောဒီလို ဟောဒီလို ချစ်တာပေါ့ဗျ"

"အို အို"

အချစ်ဆိုတာကို သူမလေးအား နေသူရိန်သည် ချစ်တတ်လာအောင် တကယ်ပင် သင်ပေးလိုက်ပြီဖြစ်သည်။

မှုန်နံ့သာ နေသူရိန်၏အချစ်များကို တွန်းလှန်ဖယ်ရှား၍





မရတော့ပါ။ သူမအနေနှင့် ဖယ်ရှားနိုင်စွမ်းလည်း မရှိတော့။

အချစ်ကြောင့်ပင် မုန်းခဲ့သည့် သူမ ယခု အချစ်ကြောင့်ပင် သူမဘဝသည် ပြန်၍ သက်ဝင်လှုပ်ရှားသွားခဲ့ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မချစ်ပါဘူးဟု ဘယ်လိုပင် ငြင်းဆန်ခဲ့ ငြင်းဆန်း နောက်ဆုံးတော့လည်း မှုန်နှံ့သာတစ်ယောက် အချစ်လူဆိုးကြီး နေသူရိန်၏ အချစ်များအောက်တွင် သူမ၏ဟန်ဆောင်တင်းး ထားသည့် နှလုံးသားလေးသည် တဖြည်းဖြည်း အရည်ပျော် နူးညံ့ပျော့ပျောင်းခဲ့ရပြီဖြစ်သည်။

သူမဘဝတစ်ခုလုံးကို နေသူရိန် သိမ်းပိုက်ပြီးကတည်းက မှုန်နှံ့သာသည် နေသူရိန်၏အချစ်များကိုလည်း တွန်းလှန်ငြင်းဆ နိုင်၍ မရခဲ့တော့ပါ။

သည်လူတစ်ယောက်သည် သူမ၏အချစ်နှင့်ဘဝကို





သိမ်းပိုက်စိုးမိုးခဲ့ရပြီဟူသော အတွေးဖြင့်လည်း မှုန်နှံ့သာရင်တွေ တသိမ့်သိမ့်ခုန်ခဲ့ရပြီဖြစ်သည်။

မချစ်ပါဟု ငြင်းဆန်ရှောင်လွှဲခဲ့သည့်ကြားက သူမ ဘဝ နှင့် အချစ်ကို အနိုင်ယူသိမ်းပိုက်ခဲ့သူမို့လည်း မှုန်နှံ့သာအနေနှင့် ဘာမှပြင်ဆင်ခွင့်မရှိခဲ့။

ရှိခဲ့သည်ထား၊ သူမအနေနှင့် ပြင်ဆင်တော့မည်လည်း မဟုတ်တော့ပါ။

နေသူရိန်ဆိုတာက ခုချိန် သူမဘဝ၏ အိမ်ဦးသခင် ခင်ပွန်းသည်တစ်ယောက် ဖြစ်နေရပြီဖြစ်သည်။

သည်အဖြစ်ကို သူမအနေနှင့် ငြင်းဆန်ခွင့်မရှိတော့ပါ။ တစ်ချိန်က နင့်သည်းအောင်ချစ်ခဲ့ရသော ဒီလူတစ်ယောက်သည် ခုချိန်မှာလည်း သူမ၏ခင်ပွန်း ဖြစ်နေရပြီမို့ မှုန်နှံ့သာအနေနှင့် နေသူရိန်အပေါ် မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို ဘဝ တစ်ခုကို ထူထောင်ရန်သာရှိတော့သည်။

သည်အခြေအနေကို သူမ လက်ခံမိ၍လည်း နေသူရိန် ထံမှ အချစ်များကို သူမအနေနှင့် ငြင်းဆန်ခြင်းမပြုတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ရယူလိုစိတ်ဖြင့် နှုတ်က သူ့အားမချစ်ပါဟု ဘယ်လိုပင် ဆိုနေခဲ့ပါစေ။ တကယ်တမ်း သူမနှလုံးသားလေးကတော့ဖြင့် သူ့အချစ်တွေကြောင့် တဆတ်ဆတ်တုန်ခါကာ ရင်ခုန်သံတွေ မြန်ခဲ့ရပြီဖြစ်သည်။

ချစ်လားဟု မေးလိုက်တိုင်း မခံချင်စိတ်၊ အနိုင်ရလိုစိတ်ဖြင့် နှုတ်က သူ့အား မချစ်ပါဟု ဘယ်လိုပင်ဆိုနေခဲ့ပါစေ။ တကယ်တော့ မှုန်နှံ့သာသည် နေသူရိန်အပေါ် ချစ်သည့်အချစ်များက ဟိုယခင်ကအတိုင်း ရင်ထဲ ပြန်လည်ရှင်သန်နေရပြီဖြစ်သည်။

ဒါကို နေသူရိန်ကတော့ မသိပါ။

တစ်မိုးအောက်တွင် အတူနေရက်လေးများ ကြာခဲ့ပြီဖြစ်ပေမယ့် သူမထံမှ ချစ်ပါသည်ဆိုတဲ့စကားကိုတော့ဖြင့် နေသူရိန် မကြားခဲ့ရပါ။

သူမထံမှ ကြားချင်သည့် အဖြေစကား မကြားရလေ နေသူရိန်ရင်ထဲ မချင့်မရဲမှုတွေနှင့် ပိုလို့ခံရခက်ခက်ကြီး ဖြစ်ရလေဖြစ်သည်။

သူမအပေါ် အနိုင်ယူရက်သူအဖြစ် ချစ်ဇနီးချောသည်





သူ့အား တကယ်ပင် မုန်းနေခဲ့ပြီလား။

ထိုအတွေး ဝင်လာရတာနှင့်ပင် ရင်အစုံသည် မခံမရပ်နိုင်အောင် နာကျင်လှုန်းလှသည်။

သူ လိုချင်သည်က သူမထံမှ အမုန်းစကားများမဟုတ်ပါ။ ရင်ဝယ် နှင့်သည်းစွာ ချစ်ရသည့် ချစ်စကားများပင် ဖြစ်ပါ၏။

ဒါကြောင့်လည်း သူမ ဘယ်လိုပင် မုန်းစကားဆိုနေခဲ့ပါစေ၊ နေသူရိန်သည် အပြုံးမပျက် မချိုပြုံးနှင့်ပင် မှုန်နှံ့သာထံမှ အချစ်များကို စွဲကောင်းစွာ သူတောင်းခံနေခြင်းဖြစ်သည်။

ယခုလည်း ချစ်ဇနီးအနားတွင် နေချင်သည့်စိတ်တစ်ခုတည်းနှင့် အလုပ်မသွားဘဲ သူမအနားတွင်ရှိနေသော သူ့ကို မှုန်နှံ့သာသည် ဂရုမစိုက်၊ အလေးမထားဟန်ဖြင့် သူ့အား ရှိသည်ဟုပင် သတိမထားဘဲ သူမ လုပ်စရာရှိသည်များကို လုပ်နေလေသည်။

အနားတွင် သူရှိနေပါလားကိုလည်း ဂရုမစိုက်ဘဲ သူ့အပေါ် အနေအေးစက်လှန်းသော ချစ်ဇနီးချောကိုကြည့်ပြီး နေသူရိန်



www.burmeseclassic.com

www.burmeseclassic.com



အသည်းယားလာရသည်။

ကြည့် ဒီမိန်းမတော့ ဒါ လွန်ပြီဖြစ်သည်။ တကယ်ဆို ယောက်ျားဖြစ်တဲ့ သူ့အပေါ် သူမလေး ဒီလောက်ဥပေက္ခာပြုဖို့ မကောင်း။

သူမအပေါ် ချစ်တတ်လွန်းသည့် ခင်ပွန်းသည်တစ်ယောက် ရယ်ပါလားလို့ သူမ နားလည်ဖို့ကောင်းပါ၏။

မဖြစ်တော့။

ဒီပုံအတိုင်း သူမစိတ်ကြိုက် လွှတ်ထားပါက သူ့အပေါ် သူမ ပို၍အနေဝေးရန်သာရှိတော့သည်။

သည်လိုတော့ သူ အဖြစ်မခံနိုင်။

ချစ်လွန်း၍ လက်ထပ်ထားသည့် ချစ်သူကို နေသူရိန် ဘာအတွက်နှင့်မှ အဝေးမခံနိုင်။ မျက်စိအောက်က ခဏလေး ပျောက်ကွယ်သွားမှာကိုပင် နေသူရိန်အနေနှင့် နည်းနည်းမှမလို လားနိုင်ပါ။

အတွေးစိတ် ချစ်စိတ်တွေနှင့် နေသူရိန်သည် သူ့အား ကျောခိုင်းကာ အလုပ်လုပ်နေသည့် မှုန်နံ့သာအနားသို့ ရောက်-





လာခဲ့လေသည်။

တစ်ခန်းထဲတွင် အတူတူနှစ်ယောက်ရှိနေပေမယ့် သူ့အား တစ်ချက်လေးမှ လှည့်ကြည့်ဖော်မရ၊ အသိအမှတ်ပြုဖော်မရသော မှုန်နံ့သာကို နေသူရိန် အားမလိုအားမရ ဖြစ်ရသလို နှုတ်ခမ်းအစုံ ကို ဖိကိုက်ကာ မျက်ဝန်းစိုစိုတွေနှင့် စိုက်ကြည့်ပြီး

"မှုန်"

"အမေ့"

"အဟွန်း ဟွန်း ဟွန်း၊ မှုန်ရယ်"

သူ့အသံကြောင့် လန့်သွားရသလို ကိုယ်လေးတုန်ခါသွား ရသော မှုန်နံ့သာကိုကြည့်ပြီး နေသူရိန်ရင်ထဲ ချစ်ဇနီးချောအပေါ် အချစ်တွေတိုးကာ ရင်မှာ ကြည်မွေ့သွားရလေသည်။

ကြည့်စမ်းပါဦး။

သူ၏ချစ်ဇနီးချောသည် ဘယ်လောက်များ ချစ်ဖို့ကောင်း လိုက်သည်လဲဆိုတာ။

ဖြူစင်ရိုးသားမှုတွေနှင့် ဟန်ဆောင်မှုမရှိ ဖြူစင်ရှင်းသန့် လွန်းသော ဒီမိန်းကလေးကို နေသူရိန် ချစ်လိုက်ရသည်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောဖွယ်မရှိပါ။

သည်မိန်းကလေးနှင့် ပတ်သက်ကာ ဒီကမ္ဘာပေါ်တွင် အချစ်တတ်ဆုံးသောသူကို ပြပါဆိုလျှင် သူသာရှိပါလိမ့်မည်။

ဒီမျှအထိ နေသူရိန်သည် မှုန်နံ့သာအား ချစ်ရပါ၏။

ချစ်လွန်း၍လည်း ဒီမိန်းကလေးကို သူ့ဘဝ သူ့နှလုံးသားများပေးအပ်ကာ ချစ်မြတ်နိုးမှုတွေနှင့် နင့်သည်းစွာ ချစ်ခဲ့ရခြင်းဖြစ်သည်။

နေသူရိန်သည် ချစ်သူ ချစ်ဇနီးချော၏ မျက်နှာလှလှနှင့် အသွင်နုနုကို ငေးစိုက်ကြည့်ရင်းက ရုတ်ခြည်းဆိုသလို သူ့လက်အစုံသည် သူမ၏ကိုယ်နွေးနွေးလေးကို ရစ်ခြုံသိုင်းပွေ့လိုက်ပြီး

"မှုန်"

"အမေ့"

"အဟွန်း ချစ်လိုက်ရတာ မှုန်ရယ်"

"အို"

တီးတိုးညည်းညူသံနှင့်အတူ နေသူရိန် ရင်ခွင်နွေးနွေးကြီးထဲဝယ် မှုန်နံ့သာတစ်ကိုယ်လုံး နွေးထွေးစွာကျရောက်ရှိသွား





ရသည်။

မှုန်းကျပ်သိပ်သည်းသော အနမ်းတွေနှင့် တင်းကျပ်စွာထွေးပွေ့ယုယမှုတွေကြောင့် မှုန်နံ့သာ အသက်ရှူလေးများ မဝတော့သလို လှိုက်ဖြာရင်တုန်ဖွယ်ကောင်းလွန်းသည့် အနမ်းများအောက်တွင် မှုန်နံ့သာ နှလုံးသားတို့ လှိုက်တုန်မောလျှခဲ့ရပြီဖြစ်သည်။

"ချစ်လိုက်တာ မှုန်ရယ်၊ သိပ်ချစ်တာပဲဗျာ၊ မင်းလေးမောင့်အချစ်တွေကို မသိဟန်ဆောင် လျစ်လျူမရှုပါနဲ့ဗျာ၊ မောင်မင်းကိုသိပ်ချစ်တယ်"

"အို ဟင့်အင်း၊ လွှတ်ပါ"

"အဟွန်း မလွှတ်ဘူး၊ ချစ်တယ်"

မှုန်နံ့သာမှာ ရဲပနီမြန်းသွားသော မျက်နှာလေးနှင့် နေသူရိန်၏မျက်နှာကြီးအား ရှောင်တိမ်းလိုက်ရင်း

"ဟင့်အင်း မချစ်နဲ့"

"မချစ်နဲ့လို့တော့ မပြောနဲ့ဗျာ၊ မောင့်ဘဝ မောင့်နှလုံးသားမှာ မှုန်နံ့သာဆိုတဲ့ မင်းဟာ မရှိလို့မဖြစ်တော့ဘူး၊ အဲဒီလောက်မင်းကိုချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတာပဲလေ"

"ကြည့်စမ်း၊ ဒါ မောင့်အချစ်ကို မင်းလေး မယုံတာ ပေါ့လေ ဟုတ်လား"

"အဲဒီလိုမယုံအောင် ရှင်ပဲလုပ်ခဲ့တာ မဟုတ်လား"

နှုတ်ခမ်းလေးစူကာ မျက်စောင်းလေးခဲလျက် မှုန်နံ့သာသည် မကျေမချမ်း ပြန်ပြောလိုက်တော့ နေသူရိန်ရင်မှာ မချင့်မရဲ အားမလိုအားမရ ဖြစ်သွားရပြီး

"အဟွန်း ဟွန်း ဟွန်း မှုန်ရယ်ဗျာ၊ ဒါက မင်း မောင့်ကို ရန်ထောင်နေတာပေါ့လေ၊ ဟုတ်ပါတယ်ဗျာ၊ အားလုံး မောင့်အပြစ် တွေပါ၊ ဒါကြောင့်မို့လည်း အဲဒီအပြစ်တွေအတွက် မောင် မင်းကို တောင်းပန်နေတာပေါ့၊ ပြောစမ်း၊ မောင့်ကို အပြစ်မမြင်ဘဲ အချစ် ဝင်ပြီလားဆိုတာ"

ပြောလည်းပြော နေသူရိန်သည် မှုန်နံ့သာအား မချင့်မရဲ တိုးဖက်ပစ်လိုက်သည်။

"အင့်"

"အမေ့၊ အို ဘယ်လိုလုပ်လိုက်တာလဲ"





"ချစ်နေတာလေဗျာ"

"သွားပါ၊ မချစ်နဲ့"

"အေးဗျ၊ မချစ်နဲ့ဆိုမှ ဒီကကောင်က ပိုချစ်ချင်တာ၊ ချစ်တယ် မှုန်ရယ်၊ သိပ်ချစ်တယ်ဗျာ"

"အိုကွယ်"

"မှုန်ရယ်"

"မောင်"

"ဟင်"

"ချစ်တယ်"

"ဗျာ၊ မှုန် မှုန် ဘာပြောလိုက်တယ်၊ ချစ်တယ် ဟုတ်လား"

"အဟင်း သူနော်၊ ကြားလျက်နဲ့"

"ဟာ ပြောစမ်းပါ မှုန်ရယ်၊ ပြောစမ်းပါ၊ မောင့်ကို ချစ်တယ် ဟုတ်လား"

"အင်း"

ရှက်ပြုံးလေးနှင့် မှုန်နံ့သာသည် ခေါင်းလေးညိတ်ပြကာ

www.burmeseclassic.com



သူမ၏ ရှက်မျက်နှာလှလှလေးကို နေသူရိန်၏ ရင်ခွင်ကျယ်ကြီးကြားတွင် ဖွက်ထားလိုက်လေသည်။

"အဟွန်း မှုန်ရယ်၊ ပျော်လိုက်တာဗျာ၊ မောင် မောင် တကယ်ပဲ မှုန့်အချစ်ကို ရပြီပေါ့နော် ဟုတ်လား မှုန်"

သူမ၏ချစ်အဖြေကို ကြားပေမယ့် မယုံသယ်ပိုမျက်နှာနှင့် ပျော်ရွှင်ရိပ်များ ဖုံးဖိမရသည့်ကြားက မယုံရဲဟန်နှင့်မေးနေသော နေသူရိန်ကိုကြည့်ပြီး မှုန်နှံ့သာ ချစ်ခင်ပွန်းသည်အား သနားသွားရပြီးနောက် သူမ လက်လေးအစုံသည် နေသူရိန်၏ကိုယ်ကြီးကို ပြန်လည်သိုင်းပွေ့လိုက်ပြီး

"ချစ်ပါတယ် မောင်ရယ်၊ ဟောဒီက မောင့်ကို မှုန် သိပ်ချစ်ရပါတယ်တဲ့ရှင်"

"ချစ်ရယ်ဗျာ၊ သိပ်ချစ်တယ်"

"မောင်ရယ် မှုန်လည်း မောင့်ကိုသိပ်ချစ်ရပါတယ်ကွယ်"

ရင်ထဲက အချစ်များကို ဘယ်လိုပင် ကွယ်ဝှက်သိုသိပ်ထားပါစေ၊ စစ်မှန်သော ရင်ထဲက ချစ်ခြင်းမေတ္တာများကတော့ ကွယ်ဝှက်၍မရခဲ့ပါ။





ဒါကို နေသူရိန်ရော မှုန်နှံ့သာပါ နှစ်ယောက်လုံး နားလည်ပါ၏။ ထိုနားလည်မှုတွေကြောင့်လည်း ရင်ဝယ် အချစ်များ ကြာရှည်စွာ သိုဝှက်၍မရတော့ဘဲ နှစ်ကိုယ်တူကြည်ဖြူသည့် ချစ်ခရီးကို ကိုယ်စီ နားလည်မှု ချစ်မြတ်နိုးမှုတွေနှင့် လျှောက်လှမ်းရန် ပြင်ဆင်လိုက်ပါတော့သည်။

ပျော်ရွှင်ချမ်းမြေ့ပါစေ။

ရွှေအခွေလီ



BURMESE CLASSIC
www.burmeseclassic.com